ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

ပြည်တွင်းအခွန်များဦးစီးဌာန

# ၁၉၇၄ခုနှစ် ဝင်ငွေခွန် ဥပဒေ၊

# နည်းဥပဒေ၊စည်းမျဉ်းများနှင့်

# အမိန့်ကြော်ငြာစာများ

**၂၀၀၉ ခုနှစ် ဇွန်လ**

# ၁၉၇၄ ခုနှစ်

# ဝင်ငွေခွန်ဥပဒေ

## နည်းဥပဒေများနှင့် စည်းမျဉ်းများ

(၂၀၀၆ ခုနှစ်၊ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်
ဥပဒေဖြင့် ပြင်ဆင်ပြီးသည်အထိ ဖြည့်စွက်ပြင်ဆင်ပြီး)

၂၀၀၉ ခုနှစ် ဇွန်လ

# ၁၉၇၄ခုနှစ်၊ ဝင်ငွေခွန် ဥပဒေ

## မာတိကာ


| အခန်း | ပုဒ်မ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| | | နိဒါန်း(ပယ်ဖျက်ပြီး) | |
| ၁ | | **အမည်၊ အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်** | |
| | ၁ | အမည်နှင့်အာဏာတည်သည့်ရက် | ၁ |
| | ၂ | အာဏာတည်စေခြင်း | ၁ |
| | ၃ | အဓိပ္ပါယ်ဖော်ပြချက်များ | ၁-၃ |
| ၂ | | **ဝင်ငွေခွန်ကျသင့်စေခြင်း** | |
| | ၄ | ဝင်ငွေခွန်ကျသင့်စေခြင်း | ၄ |
| | ၅ | ကင်းလွတ်ခွင့်များ | ၄-၅ |
| | ၆ | သက်သာခွင့်များ | ၅-၆ |
| ၃ | | **လုပ်ပိုင်ခွင့်နှင့်တာဝန်များ** | |
| | ၇ | လုပ်ပိုင်ခွင့်နှင့် တာဝန်များ | ၇ |
| ၄ | | **ဝင်ငွေတွက်ချက်ခြင်း** | |
| | ၈ | ဝင်ငွေခေါင်းစဉ်များ | ၈ |
| | ၉ | လစာ | ၈ |
| | ၁၀ | အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း | ၈ |
| | ၁၁ | စီးပွားရေးလုပ်ငန်း | ၉ |
| | ၁၂ | ပစ္စည်း | ၉ |
| | ၁၃ | အခြေပစ္စည်းမှ မြတ်စွန်းငွေ | ၉ |
| | ၁၄ | ဝင်ငွေရလမ်း မဖော်ပြနိုင်သည့်ဝင်ငွေ | ၁၀ |
| | ၁၄-က | အခြားရလမ်းများမှဝင်ငွေ | ၁၀ |
| | ၁၄-ခ | အခွန်ထမ်း၏စုစုပေါင်းဝင်ငွေတွင်ထည့်သွင်းရမည့်ဝင်ငွေများ | ၁၀ |
| ၅ | | **ဝင်ငွေရရှိသည့်အချိန်၌ အခွန်ပေးဆောင်ခြင်း** | |
| | ၁၅ | ဝင်ငွေရရှိသည့် အချိန်၌အခွန်ပေးဆောင်ခြင်း | ၁၁ |
| | ၁၆ | ဝင်ငွေရရှိသည့် အချိန်၌အခွန်ပေးဆောင်ရန် နည်းလမ်းများ | ၁၁-၁၂ |
| ၆ | | **ဝင်ငွေကြေညာလွှာနှင့် လစာနှစ်ချုပ်စာရင်းပေးပို့ခြင်း** | |
| | ၁၇ | ဝင်ငွေကြေညာလွှာ | ၁၃ |
| | ၁၈ | လစာနှစ်ချုပ်စာရင်း | ၁၃ |
| ၇ | | **ဝင်ငွေခွန်စည်းကြပ်ခြင်း** | |
| | ၁၉ | စည်းကြပ်ခြင်း | ၁၃-၁၄ |
| | ၂၀ | ဆုံးရှုံးငွေ ခုနှိမ်ပေးခြင်း | ၁၄ |

# ၁၉၇၄ခုနှစ်၊ ဝင်ငွေခွန် ဥပဒေ

## မာတိကာ


| အခန်း | ပုဒ်မ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၈ | | **ထူးခြားသောကိစ္စများအတွက်ဝင်ငွေခွန်စည်းကြပ်ခြင်းဆိုင်ရာဆောင်ရွက်ရန်နည်းလမ်းများ** | |
| | ၂၁ | စည်းကြပ်ခြင်းမှ လွတ်သွားသည့်ဝင်ငွေ | ၁၅-၁၆ |
| | ၂၂ | မှားယွင်းချက်ကို ပြင်ခြင်း | ၁၆ |
| | ၂၃ | သေဆုံးသူနှင့်တရားဝင်မစွမ်းဆောင်နိုင်သူတို့နှင့်စပ်လျဉ်း၍စည်းကြပ်ကောက်ခံခြင်း | ၁၇ |
| | ၂၄ | လုပ်ငန်းရပ်စဲခဲ့လျှင်ခံယူရမည့်တာဝန် | ၁၇ |
| | ၂၅ | စီးပွားရေးလုပ်ငန်းပိုင်ရှင်ပြောင်းလဲခြင်း | ၁၇ |
| | ၂၆ | ပြည်ပနေနိုင်ငံခြားသားများအား စည်းကြပ်ခြင်း | ၁၇ |
| | ၂၇ | ကိုယ်စားလှယ်အဖြစ်မှတ်ယူခံရသူများ | ၁၈ |
| | ၂၈ | ပင်လယ်ကူးသင်္ဘောဖြင့်သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခြင်းအားဖြင့်စည်းကြပ်ခြင်း | ၁၈ |
| | ၂၉ | ဝင်ငွေနှစ်အတွင်း စည်းကြပ်ခြင်း | ၁၈ |
| | ၃၀ | အခြားကိစ္စရပ်များ | ၁၉ |
| ၉ | | **ပြည်ထောင်အချင်းချင်းသဘောတူ စာချုပ်ချုပ်ဆိုခြင်း** | |
| | ၃၁ | အခြားနိုင်ငံများနှင့် အစီအစဉ်ပြုလုပ်ခြင်း | ၂၀ |
| ၁၀ | | **အယူခံခြင်း၊ ပြင်ဆင်ခြင်းနှင့် လွှဲအပ်ခြင်း** | |
| | ၃၂ | ပထမအယူခံဝင်ခြင်း | ၂၀-၂၁ |
| | ၃၃ | ဒုတိယအယူခံဝင်ခြင်း | ၂၁ |
| | ၃၃-က | ကန့်သတ်ချက်များ | ၂၂ |
| | ၃၄ | အဆုံးအဖြတ်အတွက်လွှဲအပ်ခြင်း | ၂၂ |
| | ၃၅ | ပြင်ဆင်ခြင်း | ၂၂-၂၃ |
| | ၃၆ | အမိန့်မိတ္တူ ပေးပို့ခြင်း | ၂၃ |
| ၁၁ | | **ပြန်အမ်းခြင်း** | |
| | ၃၇ | ပြန်အမ်းခြင်း | ၂၄ |
| ၁၂ | | **ပြည်ထောင်စု မြန်မာနိုင်ငံမှ ထွက်ခွာသွားသူများကိစ္စ** | |
| | ၃၈ | သက်သေခံလက်မှတ် လိုအပ်ခြင်း | ၂၄ |
| ၁၃ | | **အခွန်အရကောက်ခံခြင်း** | |
| | ၃၉ | အခွန်မပြေ ကျန်ငွေကို ဒီကရီကျငွေကဲ့သို့ အရကောက်ခံခြင်း | ၂၅-၂၆ |
| | ၄၀ | အရကောက်ခံရန် အခြားနည်းလမ်းများ | ၂၆-၂၇ |
| | ၄၁ | ကြားဖြတ်အမိန့် | ၂၇ |

၁၉၇၄ခုနှစ်၊ ဝင်ငွေခွန် ဥပဒေ

မာတိကာ


| အခန်း | ပုဒ်မ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁၄ | | **ထပ်ဖြည့်လုပ်ပိုင်ခွင့်များ** | |
| | ၄၂ | သတင်းအချက်အလက်များ တောင်းဆိုပိုင်ခွင့် | ၂၈ |
| | ၄၃ | တရားစီရင်ရေး အဖွဲ့များ၏ လုပ်ပိုင်ခွင့်များ | ၂၈ |
| | ၄၄ | အဆောက်အအုံများသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးခွင့် | ၂၈ |
| | ၄၅ | ရှာဖွေခွင့်နှင့် စာရင်းများသိမ်းဆည်းခွင့် | ၂၈ |
| ၁၅ | | **ပြစ်မှုများနှင့် ပြစ်ဒဏ်များ** | |
| | ၄၆ | ပြဋ္ဌာန်းချက်များ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့်အတွက် ပြစ်ဒဏ် | ၂၉-၃၀ |
| | ၄၇ | လိမ်လည်ခြင်းအတွက် ပြစ်ဒဏ် | ၃၀ |
| | ၄၈ | အဂတိလိုက်စားခြင်းအတွက် ပြစ်ဒဏ် | ၃၁ |
| | ၄၉ | အကြောင်းအချက်များကိုထုတ်ဖော်ခြင်း | ၃၁ |
| | ၅၀ | ခွင့်ပြုချက်ဖြင့် တရားစွဲဆိုခြင်း | ၃၁ |
| ၁၆ | | **နည်းဥပဒေများ ပြုလုပ်ပိုင်ခွင့်** | |
| | ၅၁ | နည်းဥပဒေများ၊ စည်းမျဉ်းများစသည်တို့ ပြုလုပ်ပိုင်ခွင့် | ၃၂ |
| ၁၇ | | **အထွေထွေ** | |
| | ၅၂ | စာရင်းများတွင် ပါရှိရမည့် အချက်အလက်များ | ၃၂ |
| | ၅၃ | အခွန်တောင်းခံလွှာ | ၃၂ |
| | ၅၄ | ပြေစာများ | ၃၂ |
| | ၅၅ | အကြောင်းကြားစာ အတည်ပြုခြင်း | ၃၂ |
| | ၅၆ | တာဝန်မှ ကင်းလွတ်ခွင့် | ၃၃ |
| | ၅၇ | တရားစွဲဆိုခြင်းမှ တားမြစ်ခြင်း | ၃၃ |
| | ၅၈ | စည်းကမ်းသတ်ကာလအပိုင်းအခြားတွက်ချက်ခြင်း | ၃၃ |
| ၁၈ | | **မြန်မာနိုင်ငံအမြတ်ခွန်အက် ဥပဒေ အကျိုးသက်ရောက်သည့်စည်းကြပ်နှစ်များ** | |
| | ၅၉ | မြန်မာနိုင်ငံ အမြတ်ခွန် အက်ဥပဒေအကျိုးသက်ရောက်သည့် စည်းကြပ်နှစ်များ | ၃၄ |

## ၁၉၇၄ခုနှစ်၊ ဝင်ငွေခွန် နည်းဥပဒေ

## မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၃၅ |
| ၂ | ဇနီးနှင့် သားသမီးအတွက် သက်သာခွင့် | ၃၅-၃၆ |
| ၃ | စုဆောင်းငွေအတွက် ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များ | ၃၆ |
| ၄ | အခြေပစ္စည်းမှ မြတ်စွန်းငွေတွက်ချက်စည်းကြပ်ခြင်း | ၃၇-၃၈ |
| ၅ | ဝင်ငွေရလမ်း မဖော်ပြနိုင်သည့် ဝင်ငွေအပေါ်စည်းကြပ်ရန်နည်းလမ်းများ | ၃၉ |
| ၆ | ဝင်ငွေနှစ်ကို စည်းကြပ်နှစ်ဟုမှတ်ယူခြင်း | ၃၉-၄၁ |
| ၇ | ဝင်ငွေနှစ်အတွင်းစည်းကြပ်ခြင်း | ၄၁-၄၂ |
| ၈ | ပြည်ပနေနိုင်ငံသားအား စည်းကြပ်ခြင်း | ၄၂-၄၆ |
| ၉ | ပြည်ပနေနိုင်ငံခြားသားအား စည်းကြပ်ခြင်း | ၄၆-၄၇ |
| ၁၀ | ပင်လယ်ကူးသင်္ဘောဖြင့်သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခြင်းအား စည်းကြပ်ခြင်း | ၄၇-၄၈ |


## ၁၉၇၄ခုနှစ်၊ ဝင်ငွေခွန် စည်းမျဉ်းများ

## မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၄၉ |
| ၂ | အစိုးရ၏ စီးပွားရေးအဖွဲ့အစည်းများအား စည်းကြပ်ခြင်း | ၄၉-၅၀ |
| ၃ | သမဝါယမအသင်းများအား စည်းကြပ်ခြင်း | ၅၁-၅၂ |
| ၄ | စီမံကိန်းစသည်တို့တွင် ပါဝင်သည့် နိုင်ငံခြားသားများနှင့် နိုင်ငံခြားအဖွဲ့အစည်းများအား စည်းကြပ်ခြင်း | ၅၂-၅၃ |
| ၄-က | လုပ်ငန်းရပ်စဲသူနှင့် စပ်လျဉ်း၍ အခွန်စည်းကြပ်ရန် နည်းလမ်းများ | ၅၄ |
| ၄-ခ | နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိသူအား စည်းကြပ်ခြင်း | ၅၅-၅၆ |
| ၄-ဂ | ယာယီစည်းကြပ်မှု ပြုလုပ်ခြင်း | ၅၇ |
| ၅ | အခွန်ထမ်း၏ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခွင့်ရှိသူများ | ၅၈-၅၉ |
| ၆ | စည်းကြပ်ရာဒေသသတ်မှတ်ခြင်း | ၅၉-၆၀ |
| ၇ | မြန်မာနိုင်ငံမှ ထွက်ခွာသွားမည့်သူများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရန်နည်းလမ်းများ | ၆၀-၆၃ |
| ၈ | တန်ဖိုးလျှော့ ခွင့်ပြုငွေ | ၆၃-၇၀ |
| ၉ | ဝင်ငွေရရှိသည့်အချိန်၌ နုတ်ယူပေးသွင်းရန် နည်းလမ်းများ | ၇၁ |
| ၁၀ | ပုံစံများ | ၇၂-၉၅ |

# ဝင်ငွေခွန်ဥပဒေ

## ၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှုန်ရေးကောင်စီ

## ဥပဒေအမှတ်-၇

### အခန်း ၁

### အမည်၊ အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ။ (က) ဤဥပဒေကို ဝင်ငွေခွန်ဥပဒေဟုခေါ်တွင်စေရမည်။

**အမည်နှင့်အာဏာ တည်သည့်ရက်** (ခ) ဤဥပဒေသည် ၁၉၇၄-၇၅ ခု၊ စည်းကြပ်နှစ်အတွက်မှစ၍အာဏာတည်ရမည်။

၂။ ။ ဤဥပဒေသည်ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် အာဏာ တည်ရမည်။

**အာဏာတည် စေခြင်း** ထို့ပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပြင်ပနေပြည်ထောင်စုမြန်မာနိုင်ငံတော်၏နိုင်ငံသားများပေါ်တွင်လည်းအာဏာတည်ရမည်။

၃။ ။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအဓိပ္ပာယ် သက်ရောက်စေရမည်။

**အဓိပ္ပာယ် ဖော်ပြချက်များ**

(က) **မြန်မာနိုင်ငံ** ဆိုသည်မှာပြည်ထောင်စုမြန်မာနိုင်ငံတော် ကိုဆိုသည်၊

(ခ) **ဤဥပဒေ** ဆိုသည်မှာ ဝင်ငွေခွန်ဥပဒေကိုဆိုသည်၊

(ဂ) **နည်းဥပဒေများ** ဆိုသည်မှာ ဤဥပဒေအရ ပြုလုပ်သည့်နည်းဥပဒေများကို ဆိုသည်၊

(ဃ) **အခွန်** ဆိုသည်မှာ ဤဥပဒေအရ ပေးဆောင်ရမည့် ဝင်ငွေခွန်ဖြစ်ပြီး ဤဥပဒေအရ တပ်ရိုက်သည့်ဒဏ်ငွေလည်းပါဝင်သည်၊

(င) **အခွန်ထမ်း**ဆိုသည်မှာ ဤဥပဒေအရ ဝင်ငွေခွန်စည်းကြပ်ရန်ရှိသည့် ဝင်ငွေရရှိသဖြင့် ထိုဝင်ငွေအတွက် ကျသင့်မည့် ဝင်ငွေခွန်ကို ထမ်းဆောင်ရမည့်သူကို ဆိုသည်၊

(စ) **ဝင်ငွေရရှိသည်**ဆိုသည်မှာဝင်ငွေရရှိခြင်း၊ဝင်ငွေရရှိသည်ဟု မှတ်ယူခြင်း၊ဝင်ငွေဖြစ်ထွန်းပေါ်ပေါက်ခြင်း သို့မဟုတ် ဝင်ငွေဖြစ်ထွန်း ပေါ်ပေါက်သည်ဟု မှတ်ယူခြင်းတို့ကို ဆိုသည်၊

(ဆ) **နှစ်** ဆိုသည်မှာ ဘဏ္ဍာရေးနှစ်ကိုဆိုသည်၊

(ဇ) **ဝင်ငွေနှစ်** ဆိုသည်မှာ ဝင်ငွေရရှိသည့်နှစ်ကိုဆိုသည်၊

(ဈ) **စည်းကြပ်နှစ်** ဆိုသည်မှာဝင်ငွေနှစ်နှင့်တစ်ဆက်တည်းဖြစ်သော နောက်နှစ်ကို ဆိုသည်၊

(ည) **ပုဂ္ဂိုလ်စု** ဆိုသည်တွင်အစုစပ်လုပ်ငန်း၊ဖက်စပ်လုပ်ကိုင်သည့်လုပ်ငန်း၊ ကုမ္ပဏီ၊တစ်ဦးချင်းပုဂ္ဂိုလ်တို့စုပေါင်းထားသည့်အဖွဲ့အစည်း၊သမဝါယမ အသင်းနှင့် အစိုးရ၏ စီးပွားရေးအဖွဲ့အစည်းများပါဝင်သည်။

(ဋ) **ပြည်တွင်းနေနိုင်ငံခြားသား** ဆိုသည်မှာ အောက်ပါတို့ကို ဆိုသည်-

(၁) တစ်ဦးချင်းပုဂ္ဂိုလ် ဖြစ်ပါက ဝင်ငွေနှစ်အတွင်း မြန်မာနိုင်ငံ၌ ရက်ပေါင်း တစ်ရာရှစ်ဆယ့်သုံးရက်ထက်မနည်း နေထိုင်သော နိုင်ငံခြားသား၊

(၂) ကုမ္ပဏီဖြစ်ပါက မြန်မာနိုင်ငံ၌ မြန်မာနိုင်ငံ ကုမ္ပဏီ အက်ဥပဒေအရ ဖြစ်စေ၊ အခြားတည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ဖြစ်စေ၊ တည်ထောင်၍ နိုင်ငံခြားသားအစုရှင်များဖြင့် ဖွဲ့စည်းထားသည့် သို့မဟုတ် နိုင်ငံခြားသား အစုရှင်များ ပါဝင်သည့် ကုမ္ပဏီ၊

(၃) ကုမ္ပဏီမှအပ အခြားပုဂ္ဂိုလ်စု ဖြစ်ပါက မိမိလုပ်ငန်းရေးရာ အဝဝစီမံအုပ်ချုပ်ခြင်းနှင့်ဆုံးဖြတ်ခြင်းကိစ္စအားလုံးကို မြန်မာနိုင်ငံအတွင်း ထားရှိဆောင်ရွက်သော နိုင်ငံခြားသားများ ဖြင့် ဖွဲ့စည်းထားသည့် သို့မဟုတ် နိုင်ငံခြားသားများပါဝင်သည့် ပုဂ္ဂိုလ်စု၊

(ဌ) **ပြည်ပနေနိုင်ငံခြားသား** ဆိုသည်မှာပြည်တွင်းနေနိုင်ငံခြားသားမဟုတ်သည့် နိုင်ငံခြားသားကိုဆိုသည်၊

(ဍ) **ပြည်ပနေနိုင်ငံသား** ဆိုသည်မှာ မြန်မာနိုင်ငံ ပြင်ပတွင်နှစ်တစ်နှစ်၌ မည်သည့်ကာလအပိုင်းအခြားမဆိုနေထိုင်အလုပ်လုပ်ကိုင်၍ ထိုပြင်ပတွင်ဝင်ငွေရရှိသောပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နိုင်ငံသားကို ဆိုသည်၊

(ဎ) **စုစုပေါင်းဝင်ငွေ** ဆိုသည်မှာ ဝင်ငွေနှစ်အတွင်းရရှိသည့် အောက်ပါ ဝင်ငွေကို ဆိုသည်-

(၁) ပြည်တွင်းနေနိုင်ငံသား သို့မဟုတ် ပြည်တွင်းနေနိုင်ငံခြားသား ဖြစ်ပါက မြန်မာနိုင်ငံအတွင်းမှ လည်းကောင်း၊ ပြင်ပမှ လည်းကောင်း ရရှိသည့် ဝင်ငွေအားလုံး၊

(၂) ပြည်ပနေ နိုင်ငံသားဖြစ်ပါက နည်းဥပဒေများအရ ပြဋ္ဌာန်းသည့် ဝင်ငွေအားလုံး၊

(၃) ပြည်ပနေ နိုင်ငံခြားသား၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံသည့်နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြား စီးပွားရေးအဖွဲ့အစည်းဖြစ်ပါကမြန်မာနိုင်ငံအတွင်းမှ ရရှိသည့် ဝင်ငွေအားလုံး၊

(ဏ) **ကုမ္ပဏီ**ဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီအက်ဥပဒေတွင်ဖြစ်စေ၊အခြား တည်ဆဲ ဥပဒေတစ်ရပ်ရပ်တွင်ဖြစ်စေ၊ အဓိပ္ပာယ်ဖွင့်ဆိုထားသည့် ကုမ္ပဏီကိုဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေပါ ကိစ္စရပ် များ အလို့ငှာ အစိုးရက ကုမ္ပဏီအဖြစ် သတ်မှတ်သော မြန်မာနိုင်ငံ အတွင်း စီးပွားရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံခြား စီးပွားရေး အဖွဲ့အစည်းများပါဝင်သည်၊

(တ) **နိုင်ငံသား** ဆိုသည်တွင် ဤဥပဒေပါကိစ္စရပ်များ အလို့ငှာ ဧည့်နိုင်ငံသား နှင့် နိုင်ငံသားပြုခွင့်ရသူများ ပါဝင်သည်၊

(ထ) **အခြေပစ္စည်း** ဆိုသည်မှာ မြေ၊ အဆောက်အအုံ၊ ယာဉ်နှင့် လုပ်ငန်း ဆိုင်ရာ မတည်ပစ္စည်းကို ဆိုသည်၊ယင်းစကားရပ်တွင် အစု ရှယ်ယာနှင့် ကတိဝန်ခံချုပ်တို့အပြင် ယင်းတို့ကဲ့သို့သော အလားတူ စာချုပ်စာတမ်းများလည်းပါဝင်သည်။

(ဒ) **အခြေပစ္စည်းမှမြတ်စွန်းငွေ**ဆိုသည်မှာအခြေပစ္စည်းကိုရောင်းချခြင်း၊ လဲလှယ်ခြင်းသို့မဟုတ်လွှဲပြောင်းခြင်းပြုလုပ်၍ရရှိသောမြတ်စွန်းငွေကို ဆိုသည်။လွှဲပြောင်းခြင်းဆိုရာ၌အမွေဆက်ခံခြင်းနှင့်အဖိုးစားနားမပါ ဘဲ မေတ္တာဖြင့်ပေးကမ်းခြင်း၊ လှူဒါန်းခြင်းတို့ မပါဝင်စေရ။

## အခန်း ၂

## ဝင်ငွေခွန် ကျသင့်စေခြင်း

၄။ ။ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့်-

(က) အမိန့်ကြော်ငြာစာထုတ်ပြန်၍ အောက်ပါဝင်ငွေနှင့် ဝင်ငွေခွန်နှုန်းများကို သတ်မှတ်ခြင်း၊ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ ပြုနိုင်သည်-

**ဝင်ငွေခွန်ကျသင့်စေခြင်း**

(၁) ဝင်ငွေခွန်စည်းကြပ်ထိုက်သည့် စုစုပေါင်းဝင်ငွေ၊

(၂) ဝင်ငွေအမျိုးအစားတစ်ခုစီအတွက် ဝင်ငွေခွန်နှုန်းများ၊

(၃) နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိမှုအပေါ် စည်းကြပ်ထိုက်သည့် ဝင်ငွေနှင့် ဝင်ငွေအမျိုးအစားတစ်ခုစီအတွက် ဝင်ငွေခွန်နှုန်း။

(ခ) ပုဒ်မခွဲ (က) အရ အမိန့်ကြော်ငြာစာထုတ်ပြန်ရာတွင်-

(၁) စတင်အကျိုးသက်ရောက်စေရမည့် နေ့ရက် သို့မဟုတ် စည်းကြပ်နှစ်ကို သတ်မှတ်ပေးရမည်။

(၂) အဆိုပါ စတင်အကျိုးသက်ရောက်စေရမည့်နေ့ရက် သို့မဟုတ် စည်းကြပ်နှစ်နှင့် သက်ဆိုင်သည့် ဝင်ငွေနှစ်အတွင်း ရရှိသော စည်းကြပ်ထိုက်သည့် စုစုပေါင်းဝင်ငွေရရှိသူအားလုံးအား ဝင်ငွေအမျိုးအစား တစ်ခုစီအတွက် သတ်မှတ်သည့်နှုန်းများဖြင့် ဝင်ငွေခွန်စည်းကြပ်စေရမည်။

၅။ ။ (က) ဤဥပဒေသည် အောက်ပါဝင်ငွေ အမျိုးအစားတို့နှင့် မသက်ဆိုင်စေရ-

**ကင်းလွတ်ခွင့်များ**

(၁) ဘာသာရေး၊ သို့မဟုတ် ကုသိုလ်ရေး အဖွဲ့အစည်းတစ်ခုခုက ရရှိ၍၊ ဘာသာရေး၊ သို့မဟုတ် ကုသိုလ်ရေး ကိစ္စများအတွက် သက်သက်အသုံးပြုသော ဝင်ငွေ၊

(၂) ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်း၏ ဝင်ငွေ၊

(၃) ငွေစုဆောင်းမှုနှင့် စပ်လျဉ်း၍ နည်းဥပဒေများဖြင့် ပြဋ္ဌာန်းသည့် ရငွေ တစ်ရပ်ရပ်၊

(၄) ပင်စင်မှ ပြောင်းလဲ၍ ရသောငွေ၊

(၅) သေဆုံး၍၊ သို့မဟုတ် ဒဏ်ရာရ၍ ရရှိသည့်လျော်ကြေး၊

(၆) အာမခံပေါ်လစီအတွက် ထုတ်ပေး၍ ရရှိငွေ၊

(၇) အဖန်တလဲလဲ မဟုတ်ဘဲ တစ်ခါတစ်ရံ ရရှိသည့်ငွေ၊ သို့သော် အောက်ပါတို့ မပါဝင်စေရ. . .

(ကက) ပုဒ်မ ၁၃ အရ အခြေပစ္စည်းမှမြတ်စွန်းငွေ၊

( ခခ ) လုပ်ငန်းတစ်ရပ်ရပ်မှ ရရှိသည့် ဝင်ငွေ၊

(၈) ပုဂ္ဂိုလ်စု တစ်ခုခုမှ အမြတ်ဝေစု။

(ခ) အစိုးရသည် ဝင်ငွေရရှိသူတစ်ဦးဦး သို့မဟုတ် ဝင်ငွေရရှိသူ တစ်မျိုးမျိုးနှင့် စပ်လျဉ်း ၍ဖြစ်စေ၊ ဝင်ငွေတစ်ရပ်ရပ် သို့မဟုတ် ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ဖြစ်စေ အောက်ပါတို့ကို ပြုလုပ်နိုင်သည်-

(၁) အခွန်ကင်းလွတ်ခွင့်ပေးခြင်း

(၂) အခွန် သက်သာခွင့်ပေးခြင်း

(၃) အခွန်နှင့် စပ်လျဉ်းသည့် အခြားခံစားခွင့် ပေးခြင်း၊

(ဂ) အစိုးရသည် မြန်မာနိုင်ငံအတွင်း အစိုးရကဏ္ဍ၊ သမဝါယမကဏ္ဍ သို့မဟုတ် ပုဂ္ဂလိကကဏ္ဍမှ အသစ်ထူထောင်သော စီးပွားရေးလုပ်ငန်း တစ်ခုခု သို့မဟုတ် စီးပွားရေးလုပ်ငန်းအမျိုးအစား တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ လုပ်ငန်းစတင်သော နှစ်အပါအဝင် တစ်ဆက်တည်း သုံးနှစ်ကာလထိ အခွန်ကင်းလွတ်ခွင့် ပြုနိုင်သည်၊

(ဃ) တည်ဆဲ အခြားဥပဒေတစ်ရပ်ရပ်တွင် ဝင်ငွေခွန်နှင့် စပ်လျဉ်းသည့် အကျိုး ခံစားခွင့်များ ပြဋ္ဌာန်းပါရှိလျှင် ယင်းပြဋ္ဌာန်းချက်များနှင့် အညီခံစားခွင့် ရှိစေရမည်။

**သက်သာခွင့်များ**

၆။ ။ (က) ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ အောက်ပါခွင့်ပြုငွေတို့ကို သတ်မှတ်ခြင်း၊ပြင် ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ပြုနိုင်သည်-

(၁) ပုဂ္ဂိုလ်စုအတွက် အခြေခံခွင့်ပြုငွေ၊

(၂) တစ်ဦးချင်းပုဂ္ဂိုလ်အတွက် အခြေခံခွင့်ပြုငွေနှင့်အခွန်ထမ်း၏ အိမ်ထောင် ဖက်နှင့်သားသမီးများအတွက် ခွင့်ပြုငွေ

(ခ) ပုဒ်မခွဲ(က)အရ အမိန့်ကြော်ငြာစာထုတ်ပြန်ရာတွင် စတင်အကျိုးသက်ရောက် စေရမည့်နေ့ရက် သို့မဟုတ် စည်းကြပ်နှစ်ကို သတ်မှတ်ပေးရမည်။

(ဂ) စုစုပေါင်းဝင်ငွေမှ အောက်ပါတို့ကို နုတ်ပယ်၍ ကျန်ငွေအပေါ်တွင် အခွန် တွက်ချက်ပြီး စည်းကြပ်ရမည်-

(၁) ပုဂ္ဂိုလ်စုအတွက်ဖြစ်လျှင် အခြေခံခွင့်ပြုငွေ၊

(၂) တစ်ဦးချင်းပုဂ္ဂိုလ်အတွက်ဖြစ်လျှင်-

(ကက) အခြေခံခွင့်ပြုငွေ၊

( ခ ခ ) အခွန်ထမ်း၏ အိမ်ထောင်ဖက်နှင့်သားသမီးများအတွက် ခွင့်ပြု ငွေ၊

( ဂဂ ) အခွန်ထမ်း သို့မဟုတ် အိမ်ထောင်ဖက်၏ အသက်အာမခံ အတွက်ပေးရသော ပရီမီယံ၊

(ဃဃ) နည်းဥပဒေများဖြင့် ပြဋ္ဌာန်းသည့် ငွေစုဆောင်းခြင်းအတွက် ထည့်ဝင်ငွေ။

**<u>ခြွင်းချက်</u>**။ ပုဒ်မခွဲ (က) နှင့် (ဂ)တို့သည် ပုဒ်မ ၁၃ အရ အခြေပစ္စည်းမှ မြတ် စွန်းငွေအပေါ် တွက်ချက်ခြင်းနှင့်သော်လည်းကောင်း၊ ပုဒ်မ ၂၆ ပါ ပြည်ပနေနိုင်ငံခြားသားနှင့်သော်လည်းကောင်းသက်ဆိုင်ခြင်းမရှိစေရ။

(ဃ) ပုဒ်မခွဲ (ဂ) အရ တွက်ချက်ပြီးစည်းကြပ်ရာတွင် နိုင်ငံတော်အဖွဲ့အစည်း အဆင့်ဆင့်က ကမကထပြုသော သို့မဟုတ် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး

၄၁နက အမိန့်ကြော်ငြာစာထုတ်ပြန်၍ အသိအမှတ်ပြုသော ဘာသာရေး သို့မဟုတ် ကုသိုလ်ရေးဆိုင်ရာအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ၊ ယင်းကိစ္စ များနှင့်သက်ဆိုင်သည့် ရန်ပုံငွေတစ်ရပ်ရပ်သို့ဖြစ်စေ လှူဒါန်းထည့်ဝင် ငွေကိုလည်းနုတ်ပယ်ရမည်။ယင်းသို့လှူဒါန်းထည့်ဝင်ငွေသည် အခွန်ထမ်း ၏ စုစုပေါင်းဝင်ငွေ၏ နှစ်ဆယ့်ငါးရာခိုင်နှုန်းနှင့် ညီမျှသောငွေထက်မပို စေရ။

**<u>ရှင်းလင်းချက်</u>**။ ပုဒ်မခွဲ (ဃ) ပါကုသိုလ်ရေးဆိုရာတွင် ပညာရေး၊ ကျန်းမာရေးနှင့် ဆင်းရဲနွမ်းပါးသူများအား ကယ်ဆယ်စောင့်ရှောက်ရေးစသည့် အများပြည်သူအကျိုးအတွက် ထောက်ပံ့ပေးကမ်းခြင်းများ ပါဝင်သည်။

## အခန်း ၃

## လုပ်ပိုင်ခွင့်နှင့် တာဝန်များ

**လုပ်ပိုင်ခွင့်နှင့် တာဝန်များ**

၇။ ။အစိုးရသည် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဤဥပဒေပါ လုပ်ပိုင်ခွင့်နှင့် တာဝန်များ ဆောင်ရွက်ရန်အတွက် အဖွဲ့များဖွဲ့စည်းနိုင်သည်။

ထို့အပြင် အစိုးရသည် လိုအပ်ပါက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ယင်းအဖွဲ့ တစ်ခုခု၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များကိုတစ်ဦးတစ်ယောက်အားလည်းပေးနိုင်သည်။

## အခန်း ၄

## ဝင်ငွေတွက်ချက်ခြင်း

**ဝင်ငွေခေါင်းစဉ်များ**

၈။ ။ (က) ဝင်ငွေအသီးသီးကို အောက်ပါဝင်ငွေခေါင်းစဉ်အလိုက် တွက်ချက်ရမည်-

(၁) လစာ၊
(၂) အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း၊
(၃) စီးပွားရေးလုပ်ငန်း
(၄) ပစ္စည်း၊
(၅) အခြေပစ္စည်းမှ မြတ်စွန်းငွေ၊
(၆) ဝင်ငွေရလမ်း မဖော်ပြနိုင်သည့်ဝင်ငွေ၊
(၇) အခြားရလမ်းများမှ ဝင်ငွေ၊

(ခ) လစာ သို့မဟုတ် အခြေပစ္စည်းမှ မြတ်စွန်းငွေခေါင်းစဉ်မှ ဝင်ငွေဖြစ်လျှင် ဝင်ငွေခေါင်းစဉ်တစ်ခုချင်းအလိုက် ခွဲခြားပြီး အခွန်ကိုသီးခြားစီ စည်းကြပ်ရမည်။

(ဂ) အခြားခေါင်းစဉ်များမှ ဝင်ငွေဖြစ်လျှင် ဝင်ငွေခေါင်းစဉ်တစ်ခုစီမှ ဝင်ငွေကို စုပေါင်းပြီး စုစုပေါင်းဝင်ငွေအပေါ်တွင် အခွန်စည်းကြပ်ရမည်။

**၉။ လစာ** ။မည်သူမဆိုအလုပ်ရှင်ထံမှ မိမိရရှိသည့် သို့မဟုတ် ရရန်ရှိသည့် အောက်ပါဝင်ငွေ တို့အတွက် လစာခေါင်းစဉ်ဖြင့် အခွန်ဆောင်ရမည်-

(က) လစာ၊ လုပ်ခ၊ နှစ်စဉ်ကြေး၊ ပင်စင်၊ ကရုဏာကြေးနှင့်၊

(ခ) လစာနှင့် လုပ်ခအစား၊ သို့မဟုတ် ယင်းတို့အပြင် ထပ်ဆောင်းရရှိသည့် အခကြေးငွေ၊ ကော်မရှင်နှင့် အကျိုးခံစားခွင့်။

**၁၀။ အသက်မွေးဝမ်းကျောင်းပညာ** ။(က) မည်သူမဆို အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ မိမိရရှိသည့် ဝင်ငွေအတွက် အသက်မွေးဝမ်းကျောင်း ပညာလုပ်ငန်း ခေါင်းစဉ်ဖြင့် အခွန်ထမ်းဆောင်ရမည်။

(ခ) ထိုဝင်ငွေကို တွက်ချက်ရာတွင် ဝင်ငွေရရှိရန် ကုန်ကျသည့်စရိတ်များနှင့် စည်းမျဉ်းများအရ ပြဋ္ဌာန်းသည့် ပစ္စည်းတန်ဖိုး လျော့ငွေကို နုတ်ပေးရမည်။ သို့ရာတွင် အောက်ပါတို့ကို နုတ်မပေးရ-

(၁) မ-တည်စရိတ်၊
(၂) ကိုယ်ရေးကိုယ်တာစရိတ်၊
(၃) လုပ်ငန်းပမာဏနှင့် မမျှအောင်များသည့် စရိတ်။

**ရှင်းလင်းချက် ၁။** ။အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းဆိုသည်မှာ မိမိကျွမ်းကျင်သည့် လုပ်ငန်းကို အခကြေးငွေယူ၍ လုပ်ကိုင်ပေးသော လုပ်ငန်းအားလုံးဖြစ်ပြီး၊ ဆရာဝန်၊ သူနာပြုဆရာမ၊ ရှေ့နေ၊ အင်ဂျင်နီယာ၊ ဗိသုကာ၊ ရုပ်ရှင်ပညာသည်၊ သဘင်ပညာသည်၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ပန်းပုဆရာ၊ စာရင်းကိုင်၊ စာရင်းစစ်၊ ဗေဒင်ဆရာ၊ ကျောင်းဆရာ စသည်တို့၏ အခကြေးငွေယူပြီး လုပ်ကိုင်သော လုပ်ငန်းများပါဝင်သည်။

**ရှင်းလင်းချက် ၂။** ။အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေကိုတွက်ချက်ရာတွင် လစာမဟုတ်သောအခကြေးငွေအဖြစ် ရရှိသည့် ဝင်ငွေမျိုးကိုသာ ထည့်သွင်းတွက်ချက်ရမည်။

**ရှင်းလင်းချက် ၃။** ။အသက်မွေးဝမ်းကျောင်းပညာ လုပ်ငန်းကို ကိုယ်တိုင်မလုပ်ဘဲ အခြားသူအားငှားရမ်းလုပ်ကိုင်လျှင် ထိုလုပ်ငန်းကိုစီးပွားရေးလုပ်ငန်းအဖြစ် အခွန်စည်းကြပ်ရမည်။

၁၁။ ။(က) မည်သူမဆို စီးပွားရေးလုပ်ငန်းမှ မိမိရရှိသောဝင်ငွေအတွက် စီးပွားရေး

**စီးပွားရေး** လုပ်ငန်းခေါင်းစဉ်ဖြင့် အခွန်ထမ်းဆောင်ရမည်။

**လုပ်ငန်း** (ခ) ထိုဝင်ငွေကို တွက်ချက်ရာတွင် ဝင်ငွေရရှိရန် ကုန်ကျသည့်စရိတ်များနှင့် စည်းမျဉ်းများအရ ပြဋ္ဌာန်းသည့် ပစ္စည်းတန်ဖိုး လျော့ငွေကို နုတ်ပေးရမည်။ သို့ရာတွင် အောက်ပါတို့ကို နုတ်မပေးရ-

(၁) မ-တည်စရိတ်၊
(၂) ကိုယ်ရေးကိုယ်တာစရိတ်၊
(၃) လုပ်ငန်းပမာဏနှင့် မမျှအောင်များသည့် စရိတ်။
(၄) ကုမ္ပဏီနှင့် သမဝါယမအသင်းမဟုတ်သော ပုဂ္ဂိုလ်စုတွင် ပါဝင်သူတစ်ဦးဦးအား ထိုပုဂ္ဂိုလ်စုမှပေးသည့်ငွေ၊ သို့သော် အသက်မွေးဝမ်းကျောင်းပညာ လုပ်ငန်းအတွက် ပေးငွေကို နုတ်ပေးရမည်။

**ရှင်းလင်းချက် ။** ။**စီးပွားရေးလုပ်ငန်း**ဆိုသည်တွင် အတိုးငွေရရန်အတွက် ငွေမြုပ်နှံခြင်း လည်းပါဝင်သည်။

၁၂။ ။(က) မည်သူမဆို မြေ သို့မဟုတ် မြေနှင့် အဆောက်အအုံငှားရမ်းခြင်းမှမိမိရရှိသော

**ပစ္စည်း** ဝင်ငွေအတွက် ပစ္စည်းခေါင်းစဉ်ဖြင့်အခွန်ထမ်းဆောင်ရမည်။

(ခ) ထိုဝင်ငွေကို တွက်ချက်ရာတွင် အမှန်ရရှိသည့် ငှားရမ်းခ၊ သို့မဟုတ် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်း၏ ရာဖြတ်နှုန်း၊ ထိုနှစ်ရပ် အနက်များရာမှ ယင်းငွေရရှိရန် ကုန်ကျသည့်စရိတ်ကို နုတ်ပေးရမည်။ သို့ရာတွင် အောက်ပါတို့ကို နုတ်မပေးရ. . .

(၁) မ-တည်စရိတ်၊
(၂) ကိုယ်ရေးကိုယ်တာစရိတ်၊
(၃) မဆီလျော်သည့် စရိတ်။

၁၃။ ။မည်သူမဆို နှစ်တစ်နှစ်အတွင်း အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍

**အခြေပစ္စည်း** ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ သို့မဟုတ် လွှဲပြောင်းခြင်းပြုလုပ်လျှင် ယင်းသို့

**မှမြတ်စွန်းငွေ** ပြုလုပ်၍ရရှိသော မြတ်စွန်းငွေအတွက် အခြေပစ္စည်းမှ မြတ်စွန်းငွေ ခေါင်းစဉ်ဖြင့်အခွန်ထမ်းဆောင်ရမည်။ အခြေပစ္စည်းမှ မြတ်စွန်းငွေကို နည်းဥပဒေများဖြင့်ပြဋ္ဌာန်းသည့် အတိုင်းတွက်ချက်၍ အခွန်စည်းကြပ်ရမည်။

၁၄။ ။မည်သူမဆို မိမိမည်ကဲ့သို့ ရရှိခဲ့သည်ကို အတိအကျမဖြေရှင်းနိုင်သည့် မရွှေ့ပြောင်း

**ဝင်ငွေရလမ်း** နိုင်သည့်ပစ္စည်း၊ သို့မဟုတ် ငွေအပါအဝင်ဖြစ်သော ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း

**မဖော်ပြနိုင်** တစ်ရပ်ရပ်အတွက်ဝင်ငွေရလမ်းမဖော်ပြနိုင်သည့်ဝင်ငွေခေါင်းစဉ်ဖြင့်

**သည့်ဝင်ငွေ** ယင်းပစ္စည်းတန်ဖိုး၊ သို့မဟုတ် ငွေအပေါ်တွင် အခွန်ထမ်းဆောင်ရမည်။ ဤပုဒ်မအရဝင်ငွေကိုနည်းဥပဒေများဖြင့်ပြဋ္ဌာန်းသည့်အတိုင်းတွက်ချက်ရမည်။

**၁၄-က။** ။အထက်ဖော်ပြပါ ဝင်ငွေခေါင်းစဉ်များနှင့် အကျုံးမဝင်သော ဝင်ငွေကို

**အခြားရလမ်းများ** အခြားရလမ်းများမှ ဝင်ငွေခေါင်းစဉ်ဖြင့် အခွန်ထမ်းဆောင်ရမည်။

**မှဝင်ငွေ** ယင်းခေါင်းစဉ်မှ ဝင်ငွေကို တွက်ချက်ရာတွင် ဝင်ငွေရရှိရန်ကုန်ကျသည့်စရိတ်များကိုနုတ်ပေးရမည်။ သို့ရာတွင် အောက်ပါတို့ကို နုတ်မပေးရ-

(၁) မ-တည်စရိတ်၊
(၂) ကိုယ်ရေးကိုယ်တာစရိတ်၊
(၃) မဆီလျော်သည့် စရိတ်။

**၁၄-ခ။** ။အခွန်ထမ်း၏ စုစုပေါင်းဝင်ငွေတွင် အခွန်ထမ်းကလုံလောက်သောအကြောင်းတစ်စုံ

**အခွန်ထမ်း၏** တစ်ရာ မရှိဘဲ ဇနီးနှင့် အိမ်ထောင်မကျသေးသည့် သားသမီးသို့တိုက်ရိုက်

**စုစုပေါင်းဝင်ငွေ** ဖြစ်စေ၊သွယ်ဝိုက်၍ ဖြစ်စေ လွှဲပြောင်းပေးသည့် ပစ္စည်းမှရရှိသည့် ဝင်ငွေ

**တွင် ထည့်သွင်း** သို့မဟုတ်လုပ်ငန်းမှရရှိသည့် ဝင်ငွေကို ထည့်သွင်း ၍ အခွန်စည်းကြပ်ရမည်။

**ရမည့်ဝင်ငွေများ**

## အခန်း ၅

## ဝင်ငွေရရှိသည့်အချိန်၌ အခွန်ပေးဆောင်ခြင်း

**၁၅။** ။မည်သူမဆို နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သော စုစုပေါင်းဝင်ငွေ

**ဝင်ငွေရရှိသည့်** ရရှိလျှင် ထိုသို့ ဝင်ငွေရရှိချိန်၌ ဝင်ငွေခွန်ပေးဆောင်ရန် တာဝန်ရှိစေရမည်။

**အချိန်၌ အခွန်**

**ပေးဆောင်ခြင်း**

**၁၆။** ။(က) ပုဒ်မ ၁၅ ပါအတိုင်း ပေးဆောင်ရမည့် အခွန်သည် ထိုနှစ်အတွင်း မိမိရရှိမည့်

**ဝင်ငွေရရှိသည့်** စုစုပေါင်းဝင်ငွေကိုခန့်မှန်းတွက်ချက်၍ ယင်းအပေါ်ကျသင့်သည့် အခွန်ဖြစ်ရ

**အချိန်၌ အခွန်ပေး** မည်။ထိုအခွန်ကိုလစဉ်၊သို့မဟုတ် သုံးလတစ်ကြိမ်အရစ်ဖြင့်ပေးဆောင်ရမည်။

**ဆောင်ရန်နည်း**

**လမ်းများ**

(ခ) အဆိုပါစုစုပေါင်း ဝင်ငွေ၌ လစာခေါင်းစဉ်ဖြင့် ရရှိသော ဝင်ငွေတစ်မျိုးတည်း ပါဝင်လျှင် ထိုဝင်ငွေရရှိသည့် အချိန်တိုင်းတွင် ရရှိသည့်ငွေမှ ထိုဝင်ငွေနှင့် စပ်လျဉ်း၍ ကျသင့်မည့်အခွန်ကို ပေးဆောင်ရမည်။

(ဂ) အဆိုပါ စုစုပေါင်းဝင်ငွေ၌ လစာခေါင်းစဉ်ဖြင့် ရရှိသော ဝင်ငွေအပြင်၊ အခြားခေါင်းစဉ်ဖြင့် ရရှိသောဝင်ငွေလည်းပါဝင်လျှင် လစာခေါင်းစဉ်တစ်မျိုးတည်းနှင့် စပ်လျဉ်း၍ ကျသင့်သောအခွန်ကို ပုဒ်မခွဲ (ခ) ပါအတိုင်း ပေးဆောင်၍ ကျန်အခွန်ကို ပုဒ်မခွဲ (က) ပါအတိုင်း ပေးဆောင်ရမည်။

(ဃ) လစာခေါင်းစဉ်နှင့် အကျုံးဝင်သော ငွေတစ်ရပ်ရပ်ထုတ်ပေးရန်တာဝန်ရှိသူသည် ထိုငွေထုတ်ပေးချိန်၌ ထုတ်ပေးသည့်ငွေနှင့် စပ်လျဉ်း၍ ကျသင့်သော အခွန်ကို နုတ်ယူရမည်။ ထိုသို့ နုတ်ယူရာတွင် သက်ဆိုင်သူ၏ တစ်နှစ်အတွက် အဆိုပါ ခေါင်းစဉ်မှ ဝင်ငွေကို ခန့်မှန်းတွက်ချက်ပြီး ယင်းအပေါ် ကျသင့်သည့်အခွန်ကို အတတ်နိုင်ဆုံး အညီအမျှ အရစ်များဖြင့် နုတ်ယူရမည်။

သို့ရာတွင် ဝင်ငွေရရှိသည့် နှစ်အတွင်း အခွန်ကိုပိုနုတ်မိလျှင်သော်လည်းကောင်း၊ လျှော့နုတ်မိလျှင်လည်းကောင်း၊ ကျန်အရစ် သို့မဟုတ် အရစ်များ ကို လျှော့၍ဖြစ်စေ၊ တိုး၍ဖြစ်စေ နုတ်ယူနိုင်သည်။

(င) လစာခေါင်းစဉ်မှအပ ကျန်ခေါင်းစဉ်များမှ ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ငွေထုတ်ပေးရန် တာဝန်ရှိသူက နုတ်ယူပေးသွင်းစေရန် အလို့ငှာ အစိုးရက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်နိုင်သည်။

(စ) ပုဒ်မခွဲ (ဃ) နှင့် (င) အရ နုတ်ယူထားသောငွေအားလုံးကို နုတ်ယူသူသည်သတ်မှတ်ထားသည့် အချိန်အတွင်း အစိုးရသို့ ပေးသွင်းရမည်ဖြစ်ပြီး ဤကိစ္စနှင့် စပ်လျဉ်းသော သတ်မှတ်ချက်အားလုံးကိုလည်း လိုက်နာရမည်။

(ဆ) မည်သူမဆို လုံလောက်သော အကြောင်းမရှိဘဲ ပုဒ်မခွဲ (ဃ) နှင့် (င) အရ အခွန်ကို နုတ်ယူပေးသွင်းခြင်းမပြုလျှင် ထိုအခွန်နှင့် စပ်လျဉ်း၍ ပေးဆောင်ရန် ပျက်ကွက်သူအဖြစ် မှတ်ယူခြင်းလည်းခံရမည်။

(ဇ) ဤပုဒ်မအရ ပေးသွင်းရမည့် အခွန်ကို မပေးသွင်းလျှင်၊ သို့မဟုတ် ပေးသွင်းသည့် အခွန်သည် သက်ဆိုင်ရာ စည်းကြပ်မှုတွင် ကျသင့်သည့်အခွန်ထက်လျော့လျှင် ယင်းလျော့ငွေ၏ တစ်ဆယ်ရာခိုင်နှုန်းထက်မပိုသော ငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်စေနိုင်သည်။ သို့ရာတွင် ပုဒ်မခွဲ (ဃ) နှင့် (င) အရ ပေးဆောင်ရန် တာဝန်ရှိသည့် အခွန်အပေါ် ဤပုဒ်မအရ ဒဏ်ငွေမကျသင့်စေရ။

ရှင်းလင်းချက်။ ။ ဤပုဒ်မအရ **ထုတ်ပေးရန်တာဝန်ရှိသူ**ဆိုသည်မှာ တစ်ဦးတစ်ယောက်ပိုင်လုပ်ငန်းဖြစ်လျှင် ပိုင်ရှင်ကိုယ်တိုင်ဖြစ်ပြီး၊ ပုဂ္ဂိုလ်စုပိုင်လုပ်ငန်းဖြစ်လျှင် ထိုပုဂ္ဂိုလ်စုသာဖြစ်သည်။ ထို့ပြင် အစိုးရ၊ သို့မဟုတ် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းဖြစ်လျှင် သက်ဆိုင်ရာငွေ ထုတ်ပေးရန်တာဝန်ရှိသည့် စီမံခန့်ခွဲရေးဝန်ထမ်း ဖြစ်သည်။

## အခန်း ၆

## ဝင်ငွေကြေညာလွှာနှင့် လစာနှစ်ချုပ်စာရင်းပေးပို့ခြင်း

**ဝင်ငွေကြေညာလွှာ**

**၁၇။** (က) မည်သူမဆို ဝင်ငွေနှစ်အတွင်း ဝင်ငွေခွန် စည်းကြပ်ထိုက်သည့် စုစုပေါင်း ဝင်ငွေ ရရှိလျှင် ထိုဝင်ငွေနှစ်အတွက် မိမိ၏ဝင်ငွေကြေညာလွှာကို စည်းမျဉ်းများဖြင့် ပြဋ္ဌာန်းထားသည့် အတိုင်းဝင်ငွေနှစ် ကုန်ဆုံးပြီး သုံးလအတွင်း ပေးပို့ရမည်။

သို့ရာတွင် လစာခေါင်းစဉ်မှ ဝင်ငွေသာရရှိသူဖြစ်လျှင် ယင်းသို့ ပေးပို့ရန် မလို။

(ခ) မည်သူ့အားမဆို ယင်း၏ ဝင်ငွေကြေညာလွှာကို စည်းမျဉ်းများဖြင့် ပြဋ္ဌာန်းထားသည့် အတိုင်း ပေးပို့ရန် အကြောင်းကြားနိုင်သည်။

(ဂ) မည်သူမဆို ဝင်ငွေကြေညာလွှာပေးပို့ပြီးသည့်နောက် အခွန်စည်းကြပ်ခြင်းမပြုမီ ယင်းကြေညာလွှာ၌ မှားယွင်းချက်ရှိ၍ ပြင်ဆင်လိုလျှင် ပြင်ဆင်ထားသည့် ဝင်ငွေကြေညာလွှာ ထပ်မံပေးပို့နိုင်သည်။

**လစာနှစ်ချုပ်စာရင်း**

**၁၈။** အလုပ်ရှင်တစ်ဦးသည် ဝင်ငွေနှစ်ကုန်ဆုံးပြီး သုံးလအတွင်း လစာ နှစ်ချုပ်စာရင်းကို စည်းမျဉ်းများဖြင့် ပြဋ္ဌာန်းထားသည့်အတိုင်း နှစ်စဉ်ပေးပို့ရမည်။

## အခန်း ၇

## ဝင်ငွေခွန်စည်းကြပ်ခြင်း

**စည်းကြပ်ခြင်း**

**၁၉။** (က) ပုဒ်မ ၁၇ အရ ပေးပို့သောဝင်ငွေကြေညာလွှာမှာ မှန်ကန်ပြည့်စုံသည်ဟု ကျေနပ်လျှင် ယင်းကြေညာလွှာကို အခြေပြု၍ ဝင်ငွေခွန် စည်းကြပ်ရမည်။

(ခ) လိုအပ်လျှင် စည်းကြပ်မှုအဖွဲ့က ဝင်ငွေကြေညာလွှာပေးပို့ပြီးသူအား ဖြစ်စေ၊ ယင်းကြေညာလွှာပေးပို့ရန် အကြောင်းကြားပြီးသူအား ဖြစ်စေ၊ သက်သေခံ အထောက်အထားများ၊ စာရင်းများနှင့် ထိုစာရင်းများတွင် မပါဝင်သော ပစ္စည်းစာရင်းကို ပြသရန် အကြောင်းကြားနိုင်သည်။ ခေါ်ယူစစ်ဆေးခြင်း လည်း ပြုလုပ်နိုင်သည်။ ဤပုဒ်မခွဲပါ ပစ္စည်းစာရင်းကို စည်းမျဉ်းများဖြင့် ပြဋ္ဌာန်းနိုင်သည်။ သို့ရာတွင် ဝင်ငွေနှစ်မတိုင်မီ သုံးနှစ်ထက် ပိုသောကာလနှင့် သက်ဆိုင်သည့် စာရင်းများကို ခေါ်ယူစစ်ဆေးခြင်းမပြုရ။

(ဂ) ပုဒ်မခွဲ (ခ) အရ အခွန်ထမ်းတင်ပြသည့် သက်သေခံ အထောက်အထားများမှ ဝင်ငွေကို မှန်ကန်စွာတွက်ချက် ရရှိနိုင်လျှင်၊ ယင်းအထောက် အထားများကိုသာ အခြေပြု၍ ဝင်ငွေခွန် စည်းကြပ်ရမည်။

သို့ရာတွင် အခွန်ထမ်းပြသသော သက်သေခံအထောက်အထားများမှ ဝင်ငွေကို မှန်ကန်စွာ တွက်ချက်မရနိုင်လျှင် စည်းကြပ်မှုအဖွဲ့က လိုအပ်သော အခြားသက်သေခံ အထောက်အထားများကို စိစစ်ပြီး ဝင်ငွေခွန်စည်းကြပ်ရမည်။

(ဃ) မည်သူမဆို ပုဒ်မ ၁၇ ပုဒ်မခွဲ (က) အရဖြစ်စေ၊ ယင်းပုဒ်မ၏ ပုဒ်မခွဲ (ခ) အရဖြစ်စေ၊ ဝင်ငွေကြေညာလွှာပေးပို့ရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ ဤပုဒ်မ၏ ပုဒ်မခွဲ (ခ) အရ အကြောင်းကြားစာကို လိုက်နာရန် ပျက်ကွက်လျှင်သော်လည်းကောင်း စည်းကြပ်မှုအဖွဲ့သည် ရရှိနိုင်သရွေ့ အထောက်အထားများကို အခြေပြု၍ ဝင်ငွေခွန်စည်းကြပ်ရမည်။

ရှင်းလင်းချက်။ ဤပုဒ်မနှင့် နောက်ပုဒ်မများတွင် ပါရှိသည့် စည်းကြပ်မှုအဖွဲ့ဆိုသည်မှာ ဝင်ငွေခွန် စည်းကြပ် ကောက်ခံမှု ဆောင်ရွက်ရန်ပုဒ်မ-၇ အရ အစိုးရက တာဝန်လွှဲအပ်သောအဖွဲ့ ဖြစ်သည်။

**ဆုံးရှုံးငွေ ခုနှိမ်ပေးခြင်း**

၂၀။ ဝင်ငွေနှစ်အတွင်း ဝင်ငွေရလမ်းတစ်ခုခုမှ ဆုံးရှုံးငွေရှိလျှင် ထိုနှစ်အတွင်း ရရှိသည့် ကျန်ဝင်ငွေရလမ်းများမှ ဝင်ငွေတွင် ခုနှိမ်ပေးရမည်။ ကုန်စင်အောင် ခုနှိမ်ခြင်း မပြုနိုင်သောဆုံးရှုံးငွေပေါင်းကို တစ်ဆက်တည်း နောက်သုံးနှစ်အထိသယ်ယူ ခုနှိမ်ခွင့် ပေးရမည်။

သို့ရာတွင် ဤပုဒ်မသည် အောက်ပါတို့နှင့် မသက်ဆိုင်စေရ-

(က) အခြေပစ္စည်းမှဆုံးရှုံးငွေ၊
(ခ) ပုဂ္ဂိုလ်စုတစ်ခုခုမှ အရှုံးဝေစု။

## အခန်း ၈

## ထူးခြားသောကိစ္စများအတွက် ဝင်ငွေခွန် စည်းကြပ်ခြင်းဆိုင်ရာ ဆောင်ရွက်ရန် နည်းလမ်းများ

**စည်းကြပ်ခြင်းမှ လွတ်သွားသည့် ဝင်ငွေ**

၂၁။ (က) တစ်ဦးတစ်ယောက်၏ လိမ်လည်လိုသော ရည်ရွယ်ချက်ကြောင့် ဤဥပဒေအရဝင်ငွေခွန် စည်းကြပ်ခြင်းမှ လွတ်နေသော ဝင်ငွေကို စည်းကြပ်မှုသို့မဟုတ်ပြန်လည်စည်းကြပ်မှုပြုလုပ်ရန်လိုအပ်ကြောင်းတွေ့ရှိလျှင် သက်ဆိုင်ရာ စည်းကြပ်နှစ် ကုန်ဆုံးပြီးနောက် မည်သည့် အချိန်တွင်မဆို စည်းကြပ်မှု၊ သို့မဟုတ် ပြန်လည်စည်းကြပ်မှု ပြုလုပ်နိုင်သည်။ သို့သော် ဤကိစ္စအတွက် အစိုးရက တာဝန်လွှဲအပ်သော အဖွဲ့၏ ကြိုတင်ခွင့်ပြုချက် ရပြီးမှသာ ယင်းသို့ ဆောင်ရွက်ရမည်။ ကြိုတင်

ခွင့်ပြုရာ၌ အမှုတစ်ခုချင်း၏ အကြောင်းခြင်းရာအလိုက် ဤဥပဒေအရ ရသင့်ရထိုက်သောအခွန်များ ရအောင်လိမ်လည်လိုသောရည်ရွယ်ချက်ရှိသည် ဟု ယူဆမှသာ ခွင့်ပြုချက် ပေးရမည်။

သို့ရာတွင် ယင်းသို့ စည်းကြပ်လျှင် သက်ဆိုင်ရာ စည်းကြပ်နှစ် နှင့်ဆိုင်သည့် ဝင်ငွေခွန်နှုန်းများဖြင့်သာ အခွန်ကျသင့်စေရမည်။

ရှင်းလင်းချက်။ ဤ ပုဒ်မခွဲ (က)ပါ လိမ်လည်လိုသောရည်ရွယ်ချက်ဆိုသည့် စကားရပ်တွင် အောက်ပါတို့လည်းပါဝင်သည်-

(၁) စည်းကြပ်ထိုက်သည့် ဝင်ငွေရရှိသည်ကိုသိရှိပါလျက် ထိုဝင်ငွေနှင့် စပ်လျဉ်း၍ ဝင်ငွေကြေညာလွှာတင်သွင်းရန်ပျက်ကွက်ခြင်း၊

(၂) ဝင်ငွေတစ်ရပ်ရပ်သို့မဟုတ်ဝင်ငွေအမျိုးအစားတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ပြည်တွင်းအခွန်များဦးစီးဌာနနှင့် သက်ဆိုင်ရာအခွန်ဦးစီး ဌာန မှူးရုံးများကဝင်ငွေကြေညာလွှာ၊အရှုံးအမြတ်စာရင်းအပါအဝင် စာရင်းဇယား များ၊စာရွက်စာတမ်းအထောက် အထားများကို စာဖြင့်တောင်းခံသည့်အခါ ယင်းသို့တောင်းခံစာတွင် သတ်မှတ်ထားသည့် အချိန်အတွင်းဖြစ်စေ ၊တိုးမြှင့်ပေးထားသည့် အချိန်အတွင်းဖြစ်စေ ပေးပို့ရန်ပျက်ကွက် ခြင်းသို့မဟုတ် မမှန်ကန်သော စာရင်းများ၊စာချုပ်စာတမ်းများနှင့် အခြားစာရွက်စာတမ်း များကို တင်ပြခြင်း။

(ခ) ပုဒ်မခွဲ (က)နှင့် မသက်ဆိုင်သောကိစ္စဖြစ်လျှင် စည်းကြပ်နှစ် ကုန်ဆုံးပြီး သုံးနှစ်အတွင်းသာ ဖော်ပြပါအတိုင်း စည်းကြပ်ခွင့်၊ သို့မဟုတ် ပြန်လည် စည်းကြပ်ခွင့် ရှိရမည်။ ထိုသို့စည်းကြပ်ခြင်းများကို အောက်ပါအကြောင်း တစ်ခုခုနှင့် စပ်လျဉ်း၍ ဆောင်ရွက်နိုင်သည်-

(၁) ဝင်ငွေခွန်စည်းကြပ်ထိုက်လျက်စည်းကြပ်ခြင်းမှ လွတ်သွားခဲ့ခြင်း၊

(၂) ဝင်ငွေခွန်လျော့၍ စည်းကြပ်ခဲ့ခြင်း၊

(၃) လျော့နည်းသည့် နှုန်းဖြင့် စည်းကြပ်ခဲ့ခြင်း၊

(၄) ဥပဒေအရ ခွင့်ပြုသင့်သည်ထက်ပို၍ သက်သာခွင့်ပြုခဲ့ခြင်း၊

၂၂။ ။(က) ပုဒ်မ ၇ အရ လုပ်ပိုင်ခွင့်ရှိသည့် အဖွဲ့တစ်ခုခုသည် မြန်မာနိုင်ငံ အမြတ်ခွန် အက်ဥပဒေအရဖြစ်စေ၊ ဤဥပဒေအရဖြစ်စေ၊ တူညီသော လုပ်ပိုင်ခွင့်ရှိသူ၊ သို့မဟုတ် အဖွဲ့တစ်ဖွဲ့ကချမှတ်သော အမိန့်တွင် မှတ်တမ်းမှ ပေါ်လွင်ထင်ရှားသည့်မှားယွင်းချက် တစ်ခုခုကို ယင်းအမိန့် ချမှတ်သည့်ရက်မှ သုံးနှစ်အတွင်း ပြင်နိုင်သည်။ ထို့ပြင် အလားတူကာလ အပိုင်းအခြား အတွင်း အခွန်ထမ်းက ညွှန်ပြသည့် အဆိုပါ မှားယွင်းချက် တစ်ခုခုကို လည်း ပြင်ပေးရမည်။

**မှားယွင်းချက်ကို ပြင်ခြင်း**

သို့ရာတွင်စည်းကြပ်မှုတစ်ခုကို တိုးမြှင့်စေသော၊ သို့မဟုတ် ပြန်အမ်းငွေတစ်ရပ်ရပ်ကို လျော့နည်းစေသော အကျိုးသက်ရောက်မည့် ပြင်ချက်ဖြစ်လျှင် အမိန့်မချမှတ်မီ သက်ဆိုင်ရာ အခွန်ထမ်းအား ဖြေရှင်းခွင့်ပေးရမည်။

(ခ) အယူခံမှု၊ ပြင်ဆင်မှု၊ သို့မဟုတ် လွှဲအပ်မှုအရ အပြီးသတ် အတည်ဖြစ် သော စည်းကြပ်မှုတွင် ကျသင့်သောအခွန်သည် မူလစည်းကြပ်မှုတွင် ကျသင့်သည့်အခွန်နှင့် ကွာခြားသဖြင့် ပုဒ်မ ၄၆ ပုဒ်မခွဲ (က)အရ ဖြစ်စေ၊ ပုဒ်မ ၄၇၊ ပုဒ်မခွဲ (ခ) အရဖြစ်စေ၊ ပုဒ်မ ၄၇ ပုဒ်မခွဲ (ဂ)အရဖြစ်စေ၊ မူလတပ်ရိုက်ထားသော ဒဏ်ငွေကို ပြင်ပေးခြင်းသည် ပုဒ်မခွဲ (က) အရ မှတ်တမ်းမှ ပေါ်လွင်ထင်ရှားသည့် မှားယွင်းချက်ကို ဖြစ်ခြင်းဖြစ်သည်ဟု မှတ်ယူရမည်။ ဤကိစ္စအတွက် ပုဒ်မခွဲ (က) ၌ဖော်ပြထားသော သုံးနှစ်ကို အပြီးသတ် အမိန့်ချမှတ်သောနေ့မှ စတင် ရေတွက်ရမည်။

**သေဆုံးသူနှင့် တရားဝင်မစွမ်း ဆောင်နိုင်သူတို့နှင့် စပ်လျဉ်း၍စည်းကြပ် ကောက်ခံခြင်း**

၂၃။ ။အောက်ပါတို့အတွက် တရားဝင် ကိုယ်စားလှယ်အား ဖြစ်စေ၊ သက်ဆိုင်ရာဝင်ငွေနှင့် စပ်လျဉ်း၍ ဥပဒေအရ တာဝန်ရှိသူအားဖြစ်စေ ဝင်ငွေခွန်စည်းကြပ် ကောက်ခံရမည်-

(က) သေဆုံးသူ၊

(ခ) အကြောင်းတစ်ခုခုကြောင့်တရားဝင်မစွမ်းဆောင်နိုင်သူ

(ဂ) တရားဝင် တာဝန်ယူမဖြေရှင်းနိုင်သူ။

သို့ရာတွင် ယင်းတရားဝင် ကိုယ်စားလှယ်၊ သို့မဟုတ် တာဝန်ရှိသူအနေဖြင့် ဤပုဒ်မအရ ပေးဆောင်ရမည့် အခွန်မှာ ယင်းသို့တာဝန်ယူထားသည့် ပစ္စည်း၏ ပေးဆောင်နိုင်စွမ်း ရှိသမျှ အထိသာ ဖြစ်စေရမည်။

**လုပ်ငန်းရပ်စဲခဲ့လျှင်ခံယူရမည့် တာဝန်**

၂၄။ ။လုပ်ငန်းတစ်ခုခုကို ရပ်စဲလျှင် ထိုသို့ရပ်စဲခြင်းပြုသည့် အချိန်၌ ယင်းလုပ်ငန်းတွင် အစုပါဝင်သူတိုင်းအား အဆိုပါလုပ်ငန်းမှ ဝင်ငွေနှင့် စပ်လျဉ်း၍ ဝင်ငွေခွန် စည်းကြပ်ခံရန်တွဲဘက်၍ဖြစ်စေ၊ ကိုယ်စီကိုယ်ငှ ဖြစ်စေ တာဝန်ရှိစေရမည်။ ထို့ပြင် ဝင်ငွေခွန်ပေးဆောင်ရန်လည်း တာဝန်ရှိစေရမည်။

**စီးပွားရေး လုပ်ငန်းပိုင်ရှင် ပြောင်းလဲခြင်း**

၂၅။ ။လုပ်ငန်းတစ်ခုခုကိုမူလလုပ်ကိုင်သူထံမှ အခြားသူတစ်ဦးက ဆက်ခံလုပ်ကိုင်လျှင်မူလ လုပ်ကိုင်သူနှင့် ဆက်သွယ်ရာတွင် အခက်အခဲရှိပါက ဆက်ခံသူအား မူလလုပ်ကိုင်သူ၏ ကိုယ်စားလှယ်အဖြစ် သတ်မှတ်၍ အောက်ပါ ကာလများ အတွက် ဝင်ငွေခွန်စည်းကြပ်ရမည်-

(က) ဆက်ခံသည့် ဝင်ငွေနှစ်အတွင်း မူလပိုင်ရှင် လုပ်ကိုင်ခဲ့သည့် ကာလ၊

(ခ) ဆက်ခံသည့် ဝင်ငွေနှစ်မတိုင်မီ ကပ်လျက်ရှိသော ဝင်ငွေနှစ်။

၂၆။ ။(က) ပြည်ပနေ နိုင်ငံခြားသားသည် အောက်ပါနည်းလမ်းတစ်ခုခုဖြင့် ဝင်ငွေရရှိလျှင်

**ပြည်ပနေ နိုင်ငံခြား သားများအား စည်းကြပ်ခြင်း**

ထိုသို့ရရှိသောဝင်ငွေကို မြန်မာနိုင်ငံအတွင်း၌ ရရှိသောဝင်ငွေဟု မှတ်ယူ၍ ဝင်ငွေခွန်စည်းကြပ်ကောက်ခံရမည်-

(၁) မြန်မာနိုင်ငံ အတွင်းရှိ မ-တည်ပစ္စည်း တစ်ခုခုမှ ရရှိသောဝင်ငွေ၊

(၂) မြန်မာနိုင်ငံ အတွင်းရှိ ဝင်ငွေရလမ်းတစ်ခုခုမှ ရရှိသော ဝင်ငွေ။

(ခ) အဆိုပါ ပြည်ပနေ နိုင်ငံခြားသားအစား ယင်း၏ ကိုယ်စားလှယ်အား ထိုဝင်ငွေများ အတွက် ဝင်ငွေခွန်စည်းကြပ် ကောက်ခံနိုင်သည်။ ထို့ပြင် ရရန်အခွန်ကြွေးများကို မြန်မာနိုင်ငံတွင်ရှိသော၊ သို့မဟုတ် မြန်မာနိုင်ငံ အတွင်းသို့ ရောက်ရှိလာသော ပြည်ပနေနိုင်ငံခြားသားပိုင် ပစ္စည်းများမှ ကောက်ခံရယူနိုင်သည်။

၂၇။ ။စည်းကြပ်မှု အဖွဲ့သည် အောက်ပါ တစ်ဦးဦးကို ပြည်ပနေနိုင်ငံခြားသာ၊ သို့မဟုတ်

**ကိုယ်စားလှယ် အဖြစ် မှတ်ယူ ခံရသူများ**

ပြည်ပနေနိုင်ငံသား၏ ကိုယ်စားလှယ်အဖြစ် သတ်မှတ်ရန် ရည်ရွယ်ကြောင်း အကြောင်းကြားပြီးနောက် ဝင်ငွေခွန် ကိစ္စရပ်များ အားလုံးအတွက် ထိုသူကို ယင်းသို့သော ကိုယ်စားလှယ်အဖြစ် မှတ်ယူနိုင်သည်-

(က) ပြည်ပနေနိုင်ငံခြားသား၊သို့မဟုတ်ပြည်ပနေနိုင်ငံသားကမိမိ၏ ဝင်ငွေရလမ်းနှင့်စပ်လျဉ်း၍ တစ်နည်းနည်းဖြင့်တာဝန် လွှဲထားသူ၊

(ခ) အဆိုပါ ပြည်ပနေသူနှင့် စီးပွားဆက်သွယ်သူ၊

(ဂ) အဆိုပါ ပြည်ပနေသူအတွက် ဝင်ငွေ ရရှိနေသူ၊

သို့ရာတွင် ကိုယ်စားလှယ်အဖြစ် သတ်မှတ်ရန် ရည်ရွယ်ထားသူအား ရှင်းလင်း ပြခွင့်မပေးဘဲ ဤပုဒ်မအရ ကိုယ်စားလှယ်အဖြစ် မသတ်မှတ်ရ။

၂၈။ ။(က) ပြည်ပနေ နိုင်ငံခြားသားသည် မည်သည့်နှစ်တွင်မဆို မြန်မာနိုင်ငံအတွင်း၌

**ပင်လယ်ကူး သင်္ဘောဖြင့်သယ်ယူ ပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခြင်းအား စည်းကြပ်ခြင်း**

ပင်လယ်ကူး သင်္ဘောပိုင်ရှင်၊ သို့မဟုတ် ပင်လယ်ကူးသင်္ဘောစင်းလုံး ငှားသူ အဖြစ် လုပ်ငန်းလုပ်ကိုင်လျှင် နည်းဥပဒေများဖြင့် ပြဋ္ဌာန်းထား သည့်အတိုင်းထိုသူအားအခွန်စည်းကြပ်ကောက်ခံရမည်။

(ခ) ဝင်ငွေခွန်ကို ပြေလည်အောင် ပေးဆောင်ပြီးကြောင်း၊ သို့မဟုတ် လုံလောက်သော အစီအစဉ်ပြုလုပ်ပြီးကြောင်း သက်သေခံလက်မှတ်ကို ထိုသို့ စည်းကြပ်ရန်ရှိသည့် သင်္ဘော၏ ရေယာဉ်မှူး၊ သင်္ဘောပိုင်ရှင်၊ သို့မဟုတ်စင်းလုံးငှား၏ ကိုယ်စားလှယ်က တင်ပြခြင်း ပြုမှသာလျှင် ပင်လယ်ကူးသင်္ဘောများဆိပ်ကမ်းမှ ထွက်ခွာခွင့်လက်မှတ်ထုတ်ပေး ပိုင်ခွင့်ရှိသူက ယင်းလက်မှတ်ကို ထုတ်ပေးရမည်။

**၂၉။ ဝင်ငွေနှစ်အတွင်းစည်းကြပ်ခြင်း** ။အစိုးရသည် အခွန်ထမ်း အမျိုးအစားတစ်ခုခု၊ သို့မဟုတ် ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ဝင်ငွေနှစ်သည် စည်းကြပ်နှစ် ဖြစ်ရမည်ဟုသော်လည်းကောင်း၊ ဝင်ငွေနှစ်အတွင်း စည်းကြပ်မှုပြုလုပ်နိုင်သည်ဟု သော်လည်းကောင်း၊ မည်သည့်စည်းကြပ်မှုများအတွက် မည်သို့ဆောင်ရွက်ရမည်ဟုသော်လည်းကောင်း၊ အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်လျှင် သက်ဆိုင်ရာ စည်းကြပ်မှုကို နည်းဥပဒေများဖြင့် ပြဋ္ဌာန်းထားသည့် အတိုင်း ပြုလုပ်ရမည်။

**၃၀။ အခြားကိစ္စရပ်များ** ။(က) အောက်ပါတို့၏ စည်းကြပ်ကောက်ခံမှုကို နည်းဥပဒေများဖြင့် ဖြစ်စေ၊ စည်းမျဉ်းများဖြင့်ဖြစ်စေ၊ ပြဋ္ဌာန်းသည့်အတိုင်း ပြုလုပ်ရမည်-

(၁) အစိုးရ၏စီးပွားရေးအဖွဲ့အစည်းများ၊

(၂) အစိုးရ၏ သို့မဟုတ် အစိုးရက ကမကထပြုသော စီမံကိန်းလုပ်ငန်းသို့မဟုတ် လုပ်ဆောင်မှု တစ်ရပ်ရပ်၌ အစိုးရ၏ သဘောတူခွင့်ပြုချက်ဖြင့်ပါဝင်ဆောင်ရွက်သည့်နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားတွင်ဖွဲ့စည်းသောပုဂ္ဂိုလ်စု၊

(၃) သမဝါယမအသင်း၊

(၄) ပြည်ပနေနိုင်ငံသား၊

(၅) နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိသူ၊

(ခ) ဝင်ငွေကြေငြာလွှာပေးပို့ပြီးသူ တစ်ဦးဦးနှင့် စပ်လျဉ်း၍ ယာယီစည်းကြပ်ကောက်ခံမှုကို စည်းမျဉ်းများဖြင့် ပြဋ္ဌာန်းသည့်အတိုင်း ပြုလုပ်နိုင်သည်။

## အခန်း ၉

## ပြည်ထောင်အချင်းချင်း သဘောတူစာချုပ်ချုပ်ဆိုခြင်း

**၃၁။ အခြားနိုင်ငံများနှင့်အစီအစဉ်ပြုလုပ်ခြင်း** ။အစိုးရသည် နိုင်ငံတစ်ခုခု၊ သို့မဟုတ်အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုခုနှင့် ဝင်ငွေခွန်ကိစ္စပါဝင်သောသဘောတူစာချုပ်ချုပ်ဆို၍ယင်းစာချုပ်ကိုထုတ် ပြန်ကြေငြာပါက ဤဥပဒေပါအခြားပြဋ္ဌာန်းချက်များတွင် မည်သို့ပင်ပါရှိစေကာမူ၊ ယင်းစာချုပ်ပါ သဘောတူညီချက်များနှင့် အညီ လိုက်နာဆောင်ရွက်ရမည်။

## အခန်း ၁၀

## အယူခံခြင်း၊ ပြင်ဆင်ခြင်းနှင့် လွှဲအပ်ခြင်း

**၃၂။** ။(က) အခွန်ထမ်းသည် စည်းကြပ်မှုအဖွဲ့က ချမှတ်သောမိမိနှင့် သက်ဆိုင်သည့်

**ပထမအယူခံ ဝင်ခြင်း** မည်သည့်အမိန့်ကိုမဆိုမကျေနပ်လျှင် ပထမအယူခံအဖွဲ့ထံ စည်းမျဉ်းများဖြင့် ပြဋ္ဌာန်းထားသည့်အတိုင်း အယူခံဝင်နိုင်သည်။

(ခ) အခွန်ထမ်းသည် အခွန်တောင်းခံလွှာ၊ သို့မဟုတ် မိမိမကျေနပ်သည့် အမိန့်ကို ရရှိသည့် နေ့မှ ရက်ပေါင်း သုံးဆယ်အတွင်း အယူခံလွှာကို တင်သွင်းရမည်။

သို့ရာတွင် ထိုကာလအတွင်း အယူခံလွှာကိုမတင်ခဲ့သည့် အတွက် လုံလောက်သော အကြောင်းရှိလျှင် အယူခံအဖွဲ့က ထိုကာလ ကုန်ဆုံးပြီးနောက် တင်သွင်းသည့် အယူခံလွှာကို လက်ခံနိုင်သည်။

(ဂ) အယူခံဝင်လိုသည့် အခွန်ထမ်းသည် အောက်ပါအတိုင်း ဆောင်ရွက်မှ သာ ဤပုဒ်မအရ အယူခံဝင်ခွင့်ရှိသည်-

(၁) ပေးဆောင်ရမည့် အခွန်ကို အကြေအလည် ပေးဆောင်ခြင်း၊ သို့မဟုတ်၊

(၂) အစိုးရက ဤကိစ္စအတွက် တာဝန်လွှဲအပ်သော အဖွဲ့သို့ လျှောက်ထား၍ ယင်းအခွန်နှင့် စပ်လျဉ်းပြီး ထိုအဖွဲ့မှ ဆုံးဖြတ်သည့် အတိုင်း လိုက်နာဆောင်ရွက်ခြင်း။

(ဃ) အယူခံမှုကို ပြီးမြောက်အောင် ဆောင်ရွက်ရာ၌ အယူခံအဖွဲ့သည် အယူခံသူအား ပြောရေးဆိုခွင့်ပေးပြီးနောက် သင့်လျော်သည့် အမိန့်ကို ချမှတ်နိုင်သည်။

သို့ရာတွင်အခွန်ကို တိုးမြှင့်ရန် ရည်ရွယ်လျှင် အယူခံသူအား မည်သည့် အတွက် ထိုသို့မတိုးသင့်ကြောင်း ချေပခွင့်ပြုရမည်။

**ရှင်းလင်းချက် ။** ။ဤပုဒ်မနှင့် နောက်ပုဒ်မများတွင် ပါရှိသည့် **ပထမအယူခံအဖွဲ့** ဆိုသည်မှာ စည်းကြပ်မှုအဖွဲ့က ချမှတ်သည့်အမိန့်နှင့် စပ်လျဉ်းပြီး အခွန်ထမ်းက မကျေနပ်၍ ပထမအကြိမ် အယူခံဝင်သည့် အမှုများကို ဆောင်ရွက်ရန် ပုဒ်မ-၇ အရ အစိုးရက တာဝန်လွှဲအပ်သောအဖွဲ့ ဖြစ်သည်။

**၃၃။** ။(က) အယူခံ အခွန်ထမ်း၊ သို့မဟုတ် စည်းကြပ်မှုအဖွဲ့သည် ပထမအယူခံအဖွဲ့က

**ဒုတိယ အယူခံဝင်ခြင်း** ချမှတ်သောအမိန့်ကို မကျေနပ်လျှင် ယင်းအမိန့်ရရှိသည့် နေ့မှ ရက်ပေါင်း ခြောက်ဆယ်အတွင်း ဒုတိယအယူခံအဖွဲ့ထံ အယူခံ ဝင်နိုင်သည်။

(ခ) ဤပုဒ်မအရ အယူခံရာ၌ ပုဒ်မခွဲ(က)တွင် ညွှန်းထားသည့် ရက်ပေါင်း ခြောက်ဆယ်အတွင်းအယူခံလွှာကိုမတင်သွင်းလျှင် ထိုသို့မတင်သွင်းခြင်း အတွက် လုံလောက်သော အကြောင်းရှိပါက ဒုတိယ အယူခံအဖွဲ့သည် အယူခံလွှာကို လက်ခံနိုင်သည်။

(ဂ) ဤပုဒ်မအရ အယူခံရာ၌ အယူခံလွှာကို ဒုတိယအယူခံအဖွဲ့ထံ ယင်းအဖွဲ့က သတ်မှတ်ထားသည့် နည်းလမ်းအတိုင်းလိုက်နာ ပေးပို့ရမည်။ ထို့ပြင်

အခွန်ထမ်းက အယူခံလျှင် အခကြေးငွေ ကျပ်တစ်ရာ ပေးသွင်းပြီးကြောင်း အထောက်အထားလည်း တပါတည်းပါရှိရမည်။

(ဃ) ဒုတိယ အယူခံအဖွဲ့သည် အယူခံတရားလိုနှင့် တရားပြိုင်တို့ကို ပြောရေးဆိုခွင့်ပေးပြီး နောက်ထိုအယူခံနှင့် စပ်လျဉ်း၍ သင့်လျော်သော အမိန့်များကို ချမှတ်ရမည်။

(င) ပုဒ်မ ၃၄ တွင်ပြဌာန်းထားသည့်အတိုင်းမှတစ်ပါး အယူခံမှုတွင် ဒုတိယ အယူခံအဖွဲ့က ချမှတ်သည့် အမိန့်များသည် အပြီးအပြတ်ဖြစ်စေရမည်။

**ရှင်းလင်းချက်** ။ ။ဤပုဒ်မနှင့် နောက်ပုဒ်မများတွင် ပါရှိသည့် **ဒုတိယအယူခံအဖွဲ့** ဆိုသည်မှာ ပထမအယူခံအဖွဲ့က ချမှတ်သည့်အမိန့်နှင့် စပ်လျဉ်းပြီး အခွန်ထမ်း၊ သို့မဟုတ် စည်းကြပ်မှု အဖွဲ့က မကျေနပ်၍ ဒုတိယအကြိမ် အယူခံဝင်သည့် အမှုများကို ဆောင်ရွက်ရန် ပုဒ်မ ၇ အရ အစိုးရက တာဝန်လွှဲအပ်သောအဖွဲ့ ဖြစ်သည်။

**၃၃-က။** ။အခွန်သည်ကျပ်၅၀၀အထိဖြစ်လျှင်စည်းကြပ်မှုအဖွဲ့၏အမိန့် သည်လည်းကောင်း

**ကန့်သတ်ချက်များ**

အခွန်သည် ကျပ် ၁၀၀၀၀ အထိဖြစ်လျှင် ပထမအယူခံ အဖွဲ့၏ဆုံးဖြတ်ချက် သည်လည်းကောင်း၊ အခွန်ကျပ် ၁၀၀၀၀ အထက် ဖြစ်ပြီး ဥပဒေရေးရာ ပြဿနာမပေါ်ပေါက်လျှင် ဒုတိယအယူခံအဖွဲ့၏ အဆုံးအဖြတ်သည် လည်းကောင်း၊ အပြီးအသတ်ဖြစ်စေရမည်။

**၃၄။** ။(က)ဒုတိယအယူခံအဖွဲ့၏ အမိန့်မှ ဥပဒေအကြောင်းနှင့် စပ်လျဉ်း၍ ဖြေရှင်းရမည့်

**အဆုံးအဖြတ်အတွက် လွှဲအပ်ခြင်း**

အချက်တစ်ခုခုပေါ်ပေါက်လျှင်အခွန်ထမ်းကဖြစ်စေ၊ပထမအယူခံအဖွဲ့က ဖြစ်စေ၊ပြည်သူ့တရားသူကြီးအဖွဲ့သို့အဆုံးအဖြတ်အတွက်လွှဲအပ်ပေးရန်ဒုတိယအယူခံအဖွဲ့ ထံသို့ ယင်းအဖွဲ့၏ အမိန့်ရရှိသည့် နေ့မှ ရက်ပေါင်းခြောက်ဆယ် အတွင်း အဆိုပြုနိုင်သည်။

(ခ) ဒုတိယ အယူခံအဖွဲ့က အကြောင်း တစ်ခုခုကြောင့် အမှုအကြောင်းအရာ ဖော်ပြလွှဲအပ်ရန် ငြင်းပယ်လျှင်ဒုတိယအယူခံအဖွဲ့အား အမှုအကြောင်းအရာ ဖော်ပြရမည်ဟု ညွှန်ကြားပေးရန်၊ ယင်းသို့ ငြင်းပယ်ခံရသူက ပြည်သူ့တရားသူကြီးအဖွဲ့သို့ ယင်းငြင်းပယ်မိန့် ရရှိသည့်နေ့မှ ရက်ပေါင်း ခြောက်ဆယ်အတွင်း လျှောက်ထားနိုင်သည်။

(ဂ) ပြည်သူ့တရားသူကြီးအဖွဲ့သည် အမှုမှပေါ်ပေါက်သည့် ဥပဒေအကြောင်းနှင့် စပ်လျဉ်း၍ ဖြေရှင်းပေးရမည့် အချက်များရှိသည်ဟု လက်ခံလျှင် ယင်းပြဿနာကို ဆုံးဖြတ်ရမည့်ပြင် မိမိ၏ စီရင်ချက်ကို ဒုတိယ အယူခံအဖွဲ့သို့ အကြောင်းကြားစေရမည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ ပြည်သူ့တရားသူကြီးအဖွဲ့ကချမှတ်သော အမိန့်နှင့် စပ်လျဉ်း၍ ယင်း ပြည်သူ့တရားသူကြီးအဖွဲ့သို့ အယူခံဝင်ခွင့်ရှိသည်။

**၃၅။** ။(က) ပြင်ဆင်မှုအဖွဲ့သည် ဤဥပဒေအရစည်းကြပ်မှု အဖွဲ့ကအမိန့်ချမှတ်သည့်နေ့မှ

**ပြင်ဆင်ခြင်း** သုံးနှစ်အတွင်း အခွန်ထမ်း၏ လျှောက်ထားချက်အရဖြစ်စေ၊ မိမိသဘော အရဖြစ်စေ၊ အဆိုပါ အမိန့်ကိုပြင်ဆင်ရန် အမှုတွဲများ တောင်းဆိုနိုင်သည်။ ထို့ပြင် ယင်းအမှုတွဲများ ရရှိသည့်အခါ လိုအပ်မည့် စုံစမ်းမှုကို ပြုလုပ်နိုင်မည်။ သို့မဟုတ်ပြုလုပ်စေနိုင်မည်။ ထိုသို့ပြုလုပ်ပြီး နောက် မည်သည့်အခါမဆို သင့်လျော်သည့် အမိန့်ကိုလည်း ချမှတ်နိုင်သည်။

သို့ရာတွင် အောက်ပါအမိန့်များ ချမှတ်ရာ၌ အခွန်ထမ်းအား ပြောရေးဆိုခွင့်ပေးရမည်-

(၁) အခွန်ထမ်းပေးဆောင်ရမည့် အခွန်ကိုတိုးသောအမိန့်၊

(၂) အခွန်ထမ်းအားပေးရမည့် ပြန်အမ်းငွေကို လျှော့သောအမိန့်၊

(၃) အခွန်ထမ်းအပေါ် စည်းကြပ်မှုကိုပယ်ဖျက်သော အမိန့်။

(ခ) ပြင်ဆင်မှုအဖွဲ့သည် အောက်ပါ ကိစ္စများတွင် ဤပုဒ်မအရ ဆောင်ရွက်ခွင့် မရှိစေရ-

(၁) ပထမအယူခံ အဖွဲ့ထံသို့ အယူခံဝင်နိုင်သည့်ကိစ္စ၌ ထိုသို့ အယူခံဝင်နိုင်ငိသည့် အချိန်ကာလ မကုန်ဆုံးသေးခြင်း၊ သို့မဟုတ်

(၂) ပထမအယူခံအဖွဲ့ထံ အယူခံဝင်ထားသည့် အမိန့်ဖြစ်ခြင်း၊

(ဂ) အခွန်ထမ်းက ပြင်ဆင်မှု လျှောက်ထားခြင်း ဖြစ်လျှင် ပုဒ်မ ၃၂၊ ပုဒ်မခွဲ (ဂ) နှင့် အညီ၊ ယင်းကဆောင်ရွက်ပြီးမှသာ လျှောက်ထားခွင့်ရှိသည်။

**ရှင်းလင်းချက်** ။ ။ဤပုဒ်မတွင်ပါရှိသည့် **ပြင်ဆင်မှုအဖွဲ့** ဆိုသည်မှာ စည်းကြပ်မှုအဖွဲ့က ချမှတ်သည့် အမိန့်နှင့် စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များအတွက် ပြင်ဆင်မှု ဖွင့်လှစ်ဆောင်ရွက်ပေးရန် ပုဒ်မ ၇ အရ အစိုးရက တာဝန်လွှဲအပ်သောအဖွဲ့ ဖြစ်သည်။

(က) အခွန်ထမ်းက စည်းကြပ်မှုအဖွဲ့၏ အမိန့်ကို မကျေနပ်၍ ပြင်ဆင်မှု လျှောက်ထားသည့်ကိစ္စ၊

(ခ) ပြင်ဆင်မှုအဖွဲ့က စည်းကြပ်မှုအဖွဲ့၏ ဆောင်ရွက်ချက်သည် မှန်ကန်ခြင်းမရှိဟု ယူဆသည့် ကိစ္စ။

**၃၆။** ။ပုဒ်မ ၃၂၊ ၃၃ နှင့် ၃၅ တို့အရ ချမှတ်သော အမိန့်၏ မိတ္တူများကို အခွန်ထမ်း၊

**အမိန့်မိတ္တူ** စည်းကြပ်မှုအဖွဲ့နှင့် ပထမအယူခံအဖွဲ့ သက်ဆိုင်ရာတို့ထံ ပေးပို့ရမည်။

**ပေးပို့ခြင်း**

## အခန်း ၁၁

## ပြန်အမ်းခြင်း

**၃၇။** ။(က) မည်သည့်နှစ်တွင်မဆို တစ်စုံတစ်ယောက်သောသူက ပေးဆောင်ခဲ့သော၊

**ပြန်အမ်းခြင်း** သို့မဟုတ် ထိုသူအတွက် ပေးဆောင်ခဲ့သော အခွန်သည်၊ ဤဥပဒေအရ အမှန်ပေးဆောင်အပ်သည့် အခွန်ငွေထက် ပိုနေကြောင်း ထိုသူက စည်းကြပ်မှုအဖွဲ့ထံသို့ အထောက်အထား ပြသနိုင်လျှင် ထိုပိုငွေကို ပြန်ရခွင့်ရှိရမည်။ ထို့ပြင် စည်းကြပ်မှုအဖွဲ့က ယင်းသို့ပိုနေကြောင်း မိမိကိုယ်တိုင်တွေ့ရှိလျှင်လည်း ထိုပိုငွေကို သက်ဆိုင်ရာ အခွန်ထမ်းအား ပြန်အမ်းရမည်။

(ခ) ပြန်အမ်းငွေကို ထိုပြန်အမ်းငွေ ရရန်ရှိကြောင်း အကြောင်းကြားစာ ရရှိသည့်နေ့မှစ၍ တစ်နှစ်အတွင်းသာ တောင်းဆိုခွင့် ရှိစေရမည်။

## အခန်း ၁၂

## ပြည်ထောင်စု မြန်မာနိုင်ငံမှ ထွက်ခွာသွားသူများကိစ္စ

**၃၈။** ။(က) မည်သူမဆို မြန်မာနိုင်ငံမှ ထွက်ခွာသွားမည်ဖြစ်ပါက ဤဥပဒေအရ အခွန်

**သက်သေခံလက်မှတ်** ပေးဆောင်ရန် တာဝန်မရှိတော့ကြောင်း၊ သို့မဟုတ် တာဝန်ရှိသည့် အခွန်ကို

**လိုအပ်ခြင်း** ပေးဆောင်ရန် စီမံပြီးကြောင်း သက်သေခံလက်မှတ်ကို ဤကိစ္စအတွက် အစိုးရက တာဝန်လွှဲအပ်သောအဖွဲ့ထံမှ မရလျှင် မြန်မာနိုင်ငံမှ ထွက်ခွာ မသွားရ။

သို့ရာတွင် အစိုးရက ဤကိစ္စနှင့် စပ်လျဉ်း၍ အမိန့်ကြော်ငြာ စာထုတ်ပြန်၍ ခြွင်းချက်ပြုနိုင်သည်။

(ခ) မည်သည့်ယာဉ်ပိုင်ရှင်၊ သို့မဟုတ် စင်းလုံးငှားသူသည် မြန်မာနိုင်ငံ အတွင်းမှ မြန်မာနိုင်ငံပြင်ပသို့ ပုဒ်မခွဲ (က) အရ လိုအပ်သော သက်သေခံလက်မှတ် မပါရှိသူအား သယ်ဆောင်ရန် လက်မှတ်ထုတ်ပေးလျှင် လည်းကောင်း၊ သယ်ဆောင်သွားလျှင် လည်းကောင်း ထိုသက်သေခံလက်မှတ်မပါသူ ပေးဆောင်ရန် ရှိသည့် အခွန်ကို အဆိုပါယာဉ်ပိုင်ရှင်၊ သို့မဟုတ် စင်းလုံးငှားသူက ပေးဆောင်ရမည့်အပြင် ကျပ်တစ်သောင်း အထိဒဏ်ငွေ ကိုလည်းပေးဆောင်ရမည်။

## အခန်း ၁၃

## အခွန်အရကောက်ခံခြင်း

**၃၉။** ။(က) ပုဒ်မ ၅၃ အရ အခွန်တောင်ခံလွှာတွင် ပေးဆောင်ရန် ဖော်ပြထားသော

**အခွန်မပြေ ကျန်ငွေကို ဒီကရီ ကျငွေကဲ့သို့ အရကောက်ခံခြင်း**

ငွေအားလုံးကို ထိုတောင်းခံလွှာတွင် ဖော်ပြထားသည့် အချိန်အတွင်း၊ သို့မဟုတ်တိုးမြှင့်ပေးသည့်အချိန်အတွင်းပေးဆောင်ရမည်။ ထိုသို့ပေးဆောင်ရန် ပျက်ကွက်လျှင် မပေးဆောင်သည့် အခွန်ကို မပြေကျန်ငွေအဖြစ်လည်းကောင်း၊ မပေးဆောင်သူအား ပျက်ကွက်သူ အဖြစ်လည်းကောင်းမှတ်ယူရမည်။

(ခ) အခွန်မပြေ ကျန်ငွေကို တရားစီရင်ရေးအဖွဲ့မှ ချမှတ်သည့် ဒီကရီကျငွေကဲ့သို့ စည်းကြပ်မှုအဖွဲ့က ပျက်ကွက်သူထံမှ အရကောက်ခံနိုင်သည်။

(ဂ) အခွန်မပြေကျန်ငွေကို ပုဒ်မခွဲ (ခ) ပါအတိုင်းအရ ကောက်ခံရာတွင် စည်းကြပ်မှုအဖွဲ့၌ အောက်ပါလုပ်ပိုင်ခွင့်များ ရှိစေရမည်-

(၁) ငွေဒီကရီအတွက် အကျိုးသက်ရောက်မှုကို အပြီးအပိုင်ဆောင် ရွက်သည့် တရားစီရင်ရေးအဖွဲ့၏ လုပ်ပိုင်ခွင့်များ၊

(၂) ပျက်ကွက်သူက တစ်စိတ်တစ်ဒေသသာ အကျိုးသက်ဆိုင်ခွင့်ရှိသော ပစ္စည်းတစ်ခုလုံးအတွက် ပစ္စည်းထိန်း ခန့်ထားခွင့် (ယင်းသို့ မခန့်မီ ထိုပစ္စည်း၏ တွဲဖက်ပိုင်ရှင်၊ သို့မဟုတ် တွဲဖက် ဝေစု ရထိုက်သူအား အကြောင်းကြားရမည်)၊

(၃) အောက်ဖော်ပြပါ အကြောင်းတစ်ခုခုကြောင့် ပျက်ကွက်သူက တစ်စိတ်တစ်ဒေသသာအကျိုးသက်ဆိုင်ခွင့်ရှိသော ပစ္စည်း၏ ယင်းတစ်စိတ်တစ်ဒေသကိုသာရောင်းချရန် မဖြစ်နိုင်လျှင် ထိုပစ္စည်း တစ်ခုလုံးကို ရောင်းချ၍ ရောင်းရငွေကို ခွဲဝေပေးနိုင်ခွင့် (ယင်းသို့ မဆောင်ရွက်မီ အကျိုးသက်ဆိုင်ခွင့်ရှိသူများအား အကြောင်းကြားရမည်)-

(ကက) ပစ္စည်း၏သဘာဝအနေအထား၊
(ခ ခ ) ပစ္စည်း၏ တွဲဖက် ပိုင်ရှင်၊ သို့မဟုတ် တွဲဖက် ဝေစုရထိုက်သူဦးရေ၊
(ဂ ဂ ) အခြား ထူးခြားသော အခြေအနေ။

(၄) ခွဲဝေမရသော မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းကို ရောင်းချခြင်းဖြစ်ပြီး၊ ဈေးတူပေးသည့် ဆွဲဝယ်သူများအနက် တစ်ဦးမှာ ထိုပစ္စည်း ၏တွဲဖက်ပိုင်ရှင်၊ သို့မဟုတ် တွဲဖက်ဝေစုရထိုက်သူဖြစ်နေလျှင် ထိုသူအားသာရောင်းချခွင့်၊

အကယ်၍ဈေးတူပေးသည့်အဆိုပါပိုင်ရှင်၊ သို့မဟုတ်

ဝေစုရထိုက်သူ တစ်ဦးထက်ပိုလျှင် လေလံဆွဲ ဝယ်ရန်ဦးစွာအမည်ပေးသူအား ရောင်းချခွင့်။

**၄၀။ အရကောက်ခံရန် အခြားနည်းလမ်း** ။(က) စည်းကြပ်မှုအဖွဲ့သည် ပျက်ကွက်သူအား ဝင်ငွေခွန်မပြေ ကျန်ငွေအတွက် လိုအပ်သလို ဒဏ်ငွေတပ်ရိုက်နိုင်သည်။ သို့သော် ယင်းဒဏ်ငွေစုစုပေါင်း သည် ဝင်ငွေခွန်မပြေ ကျန်ငွေထက်မပိုစေရ။

(ခ) စည်းကြပ်မှုအဖွဲ့သည် ပျက်ကွက်သူအားငွေပေးရန်ရှိသော၊ သို့မဟုတ် ပျက်ကွက်သူအတွက် ငွေလက်ရှိထားသော၊ သို့မဟုတ် နောင်တွင် လက်ရှိထားရှိမည်ဖြစ်သောသူ တစ်ဦးအား ထိုငွေကို ပျက်ကွက်သူ၏ မပြေကျန်ငွေအတွက် ပေးဆောင်ရန် ညွှန်ကြားနိုင်သည်။ ယင်းသို့ ညွှန်ကြားရာ၌ ထိုငွေပေးရန် အချိန်စေ့ရောက်သည်နှင့် တစ်ပြိုင်နက်ဖြစ်စေ၊ ငွေလက်ရှိဖြစ်သည်နှင့် တစ်ပြိုင်နက်ဖြစ်စေ၊ အကြောင်းကြားစာ တွင်ဖော်ပြထားသည့် အချိန်အတွင်းဖြစ်စေ၊ ပေးသွင်းစေရမည်။ အကယ်၍ ထိုငွေသည် မပြေကျန်ငွေထက်များလျှင် မပြေကျန်ငွေအထိ သာပေးသွင်းစေပြီး၊ မပြေကျန်ငွေနှင့် တူညီလျှင် သို့မဟုတ် နည်းလျှင် ထိုငွေအားလုံးကိုပေးသွင်းစေရမည်။ အထက် ပါ အကြောင်းကြားစာ၏ မိတ္တူကို ပျက်ကွက်သူ၏ နောက်ဆုံးနေရပ်လိပ်စာသို့ ပေးပို့ရမည်။ စည်းကြပ်မှုအဖွဲ့သည် ထိုအကြောင်းကြားစာပါ ငွေပေးဆောင် ရန် အချိန်ကို တိုးပေးနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ငွေတစ်ရပ်ရပ် ပေးဆောင်သူသည် ပျက်ကွက်သူ၏ ခွင့်ပြုချက်အရ ပေးဆောင်သည်ဟု မှတ်ယူရမည်။ ထို့ပြင် ယင်းသို့ပေးဆောင်သည့် ငွေပမာဏအထိ ပျက်ကွက်သူအား အဆိုပါ ပေးဆောင်သူ က ပေးရန် ကြွေးမြီးတာဝန်ကို ကင်းရှင်းပြေလည်အောင် ပေးပြီးဖြစ်သည် ဟု မှတ်ယူရမည်။

(ဃ) ပုဒ်မခွဲ (ခ) အရအကြောင်းကြားစာ အတည်ပြုခံရသူတစ်ဦးသည် ထိုအကြောင်းကြားစာတွင် သတ်မှတ်ထားသည့်အတိုင်း ငွေပေးသွင်းရန် ပျက်ကွက်လျှင် စည်းကြပ်မှုအဖွဲ့က ထိုသို့အတည်ပြုခဲ့သော အကြောင်းကြားစာသည် ပုဒ်မ ၃၉ ပုဒ်မခွဲ (ခ) နှင့်(ဂ) အရ ထုတ်သော ပစ္စည်းဖမ်းဝရမ်းဖြစ်ဘိသကဲ့သို့ အကျိုးသက်ရောက်သဖြင့် ယင်းပုဒ်မအရ ဆက်လက် အရေးယူ ဆောင်ရွက်နိုင်သည်။

(င) ပုဒ်မခွဲ (ခ) အရ အကြောင်းကြားစာ အတည်ပြုခံရသူက တောင်းဆိုသည့်ငွေ၊ သို့မဟုတ် ထိုငွေ၏ မည်သည့် အစိတ်အပိုင်းကိုမှ ပျက်ကွက်သူအားပေးရန် မရှိကြောင်း၊ သို့မဟုတ် မိမိသည် ပျက်ကွက်သူအတွက် မည်သည့်ငွေကိုမှ လက်ရှိမထားကြောင်း စည်းကြပ်မှုအဖွဲ့အား အထောက်အထားပြနိုင်လျှင် ပုဒ်မခွဲ (ခ) အရ ပေးဆောင်ရန် တာဝန် မရှိစေရ။

**၄၁။ ကြားဖြတ်အမိန့်** ။ အခြားဥပဒေတစ်ခုခုတွင် မည်သို့ပင်ပါရှိစေကာမူ၊ မည်သည့်တရားစီရင်ရေးအဖွဲ့တွင်မှ ဤဥပဒေအရ အခွန်အရ ကောက်ခံသော ဆောင်ရွက်မှုများဆိုင်းငံ့သည့် ကြားဖြတ်အမိန့်ချမှတ် ပိုင်ခွင့်မရှိစေရ။ သို့သော် အဆိုပါ တရားစီရင်ရေးအဖွဲ့သည် မိမိ၏ စီရင်ပိုင်ခွင့်အတွင်းကျရောက်သော

အောက်ပါ ကိစ္စရပ်များ၌ ပစ္စည်းရောင်းချခြင်းကို တားမြစ်သော ကြားဖြတ် အမိန့်ချမှတ်နိုင်သည်-

(က) ပျက်ကွက်သူ မဟုတ်သောသူက ယင်းပစ္စည်းနှင့် ပတ်သက်၍ စွဲဆိုသည့် အမှုကိစ္စ၊

(ခ) ပျက်ကွက်သူက စွဲဆိုသည့်အမှုကိစ္စဖြစ်လျှင်၊ ဤဥပဒေအရ တင်သွင်းထား သည့် အယူခံမှု၊ ပြင်ဆင်မှု၊ သို့မဟုတ် လွှဲအပ်မှုမပြတ်သေးသည့် ကိစ္စ။

## အခန်း ၁၄

## ထပ်ဖြည့်လုပ်ပိုင်ခွင့်များ

**သတင်းအချက် အလက်များ တောင်းဆိုပိုင်ခွင့်**

၄၂။ ပုဒ်မ ၇ အရ အစိုးရကတာဝန်လွှဲအပ်သော အဖွဲ့များသည် ဝင်ငွေခွန်ကိစ္စနှင့် စပ်လျဉ်း၍၊လိုအပ်သောသတင်းအချက်အလက် ရှိသူတိုင်းအား ယင်းသတင်း အချက်အလက်တို့ကိုပေးပို့စေရန်တောင်းဆိုနိုင်သည်။

**တရားစီရင်ရေး အဖွဲ့များ၏ လုပ်ပိုင်ခွင့်များ**

၄၃။ ပုဒ်မ ၇ အရ အစိုးရက တာဝန်လွှဲအပ်သောအဖွဲ့များသည် ဤဥပဒေအရအမှု ကိစ္စဆောင်ရွက်ရာတွင် တရားစီရင်ရေးအဖွဲ့များ၏လုပ်ပိုင်ခွင့်များရှိစေရမည်။ ထို့ပြင်ယင်းအဖွဲ့များအားလုပ်ငန်းဆိုင်ရာ တရားစီရင်ရေးအဖွဲ့များဟု မှတ်ယူ ရမည်။

၄၄။ ပုဒ်မ၇အရအစိုးရကတာဝန်လွှဲအပ်သောအဖွဲ့များသည်အောက်ပါတို့ကိုပြုလုပ်ခွင့်ရှိသည်-

**အဆောက် အအုံများသို့ ဝင်ရောက် ကြည့်ရှု စစ်ဆေးခွင့်**

(က) သက်ဆိုင်ရာ စည်းကြပ်မှု၊ သို့မဟုတ် အယူခံမှုအတွက် မည်သည့်နေရာ အဆောက်အအုံကိုမဆိုဝင်ရောက်ကြည့်ရှုစစ်ဆေးခွင့်၊

(ခ) ထိုသို့ဝင်ရောက်ကြည့်ရှုစစ်ဆေးရာ၌ တွေ့ရှိသော စာရင်းစာအုပ်များ၊ သို့မဟုတ်စာရွက်စာတမ်းများပေါ်တွင်မှတ်မိစေရန် တံဆိပ်အမှတ်အသားများ ရိုက်နှိပ်ခွင့်၊ ယင်းတို့မှ ကောင်နုတ်ချက်များ ထုတ်ယူခွင့်နှင့် မိတ္တူများ ကူးယူခွင့်။

**ရှာဖွေခွင့်နှင့် စာရင်းများ သိမ်းဆည်းခွင့်**

၄၅။ ဤဥပဒေအရ အမှုကိစ္စတစ်ခုခုကို ဆောင်ရွက်ရာ၌ လိုအပ်မည့်စာရင်းစာအုပ်များ၊ သို့မဟုတ်စာရွက်စာတမ်းများကိုမပြသဘဲနေသည်ဟုသော်လည်းကောင်း၊ တောင်းဆိုသည့်အခါတွင် ပြသလိမ့်မည်မဟုတ်ဟုသော် လည်းကောင်း စည်းကြပ်မှုအဖွဲ့၊ သို့မဟုတ် ပထမအယူခံအဖွဲ့က သံသယ ဖြစ်စရာ အကြောင်းရှိလျှင်ယင်းအဖွဲ့တွင် အောက်ပါလုပ်ပိုင်ခွင့်များ ရှိစေရမည်-

(က) မည်သည့် အဆောက်အအုံ၊ နေရာ၊ သို့မဟုတ် စီးပွားရေးလုပ်ငန်း ဥပစာကိုမဆို ရှာဖွေခွင့်၊

(ခ) ယင်းနေရာတို့တွင် တွေ့ရှိသော စာရင်းစာအုပ်များ၊ သို့မဟုတ် စာရွက်စာတမ်း များကို သိမ်းဆည်းခွင့်၊ ထိုသို့ သိမ်းဆည်းလျှင်-

(၁) လက်ခံရရှိကြောင်းပြေစာထုတ်ပေးရမည်၊

(၂) စည်းကြပ်မှုဖြစ်စေ၊ အယူခံမှုဖြစ်စေ အပြီးအပိုင် စီရင်နိုင်ခြင်း မရှိသေးမီစစ်ဆေးရန် လိုအပ်သောအချိန်ကာလအထိသာ အဖွဲ့၏ လက်ဝယ်၌ ထားရှိရမည်။

## အခန်း ၁၅

## ပြစ်မှုများနှင့် ပြစ်ဒဏ်များ

**၄၆။ ပြဋ္ဌာန်းချက်များ လိုက်နာဆောင် ရွက်ရန်ပျက်ကွက် သည့်အတွက် ပြစ်ဒဏ်**

။(က) စည်းကြပ်မှုအဖွဲ့၊ သို့မဟုတ် အယူခံအဖွဲ့သည် ဤဥပဒေအရ အမှုကိစ္စ တစ်ခုခုကို ဆောင်ရွက်စဉ်အတွင်း မည်သူမဆို ပုဒ်မ ၁၇ ပုဒ်မခွဲ (က)၊ သို့မဟုတ်ပုဒ်မခွဲ (ခ)၊ သို့မဟုတ် ပုဒ်မ ၁၈၊ သို့မဟုတ် ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ခ) အရလိုအပ်ချက်များကိုလုံလောက်သော အကြောင်းမရှိဘဲလိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည်ဟု ယုံကြည်ကျေနပ်လျှင် ပျက်ကွက်မှုတစ်မျိုးစီ အတွက် ပေးဆောင်ရမည့် အခွန်အပြင် ယင်းအခွန်၏ တစ်ဆယ် ရာခိုင်နှုန်းထက်မပို သော ငွေကို ဒဏ်ငွေအဖြစ် တပ်ရိုက်နိုင်သည်။

**ရှင်းလင်းချက်။** ။ပုဒ်မ ၁၈ အရ လိုအပ်ချက်ကို ပျက်ကွက်သည့်ကိစ္စတွင် ဒဏ်ငွေပေး ဆောင်ရမည့်သူသည် လစာနှစ်ချုပ်စာရင်း ပေးပို့ရန် တာဝန်ရှိသူဖြစ်သည်။ ယင်းပေးဆောင်ရမည့် ဒဏ်ငွေမှာ အဆိုပါ စာရင်းအရ လစာမှ နုတ်ယူထားရမည် ဖြစ်သော အခွန်၏ တစ်ဆယ်ရာခိုင်နှုန်း ဖြစ်သည်။

(ခ) မည်သူမဆို ပုဒ်မ ၄၂အရ သတင်းအချက်အလက်များ တင်ပြရန် ပျက်ကွက်လျှင် ထိုသူအား ၁၅ ရက်အထိ အချိန်ထပ်မံ တိုးမြှင့်ပေးနိုင် သည်။

(၁) ယင်းသို့ တိုးမြှင့်ပေးသော အချိန်အတွင်း တင်ပြရန် ဆက်လက် ပျက်ကွက်ပါက ထိုသူအားဖမ်းဆီးခေါ်ဆောင်လာရန် ပုဒ်မ ၇ အရ ဖွဲ့စည်းထားသောအဖွဲ့က ပုဒ်မ ၄၃ အရ အပ်နှင်းထား သောတရားစီရင်ရေးအဖွဲ့၏ လုပ်ပိုင်ခွင့်ကို ကျင့်သုံးပြီး လူဖမ်း ဝရမ်းထုတ်၍ ခေါ်ယူကာ၊ မည်သည့်အကြောင်းကြောင့် ပျက်ကွက် ကြောင်းကို စစ်ဆေးနိုင်သည်။ ပျက်ကွက်ရသည့် အကြောင်းမှာ သက်ဆိုင်ရာ စာရွက်စာတမ်းများ ထိုသူ၏ ပယောဂ မပါဘဲ ပျောက်ပျက်ခြင်း ကြောင့်ဖြစ်ပါက ယင်းအား မှတ်မိသမျှ ကတိသစ္စာ ပြုလုပ်တင်သွင်းရန် ခွင့်ပြုနိုင်သည်။

(၂) လုံလောက်သော အကြောင်းမရှိဘဲ ထိုသူက တင်ပြရန် ပျက်ကွက်ကြောင်း အဖွဲ့က တွေ့ရှိလျှင် ယင်းအား တရားစွဲဆို

နိုင်သည်။ ထိုသို့ တရားစွဲဆို၍ တရားစီရင်ရေးအဖွဲ့က ပြစ်မှုထင်ရှားကြောင်း ဆုံးဖြတ်ပါက ထိုသူအားတစ်နှစ်မှသုံးနှစ်အထိ ထောင်ဒဏ် အပြစ်ပေး နိုင်သည်။

**၄၇။ လိမ်လည်ခြင်းအတွက် ပြစ်ဒဏ်**

။(က) တစ်ဦးတစ်ယောက်သော သူသည် မိမိ၏ ဝင်ငွေထိမ်ချန်ကြောင်း၊ သို့မဟုတ် ယင်းဝင်ငွေနှင့် စပ်လျဉ်းသည့် အချက်အလက်များ ထိမ်ချန်ကြောင်း စည်းကြပ်မှုအဖွဲ့၊ သို့မဟုတ် အယူခံအဖွဲ့က အမှုကိစ္စဆောင်ရွက်စဉ် တွေ့ရှိလျှင် ထိုသူအား သတ်မှတ်သည့် အချိန်အတွင်း ယင်းတို့ကို အပြည့်အစုံ ထုတ်ဖော်ခွင့် ပေးရမည်။

(ခ) ထိုသူသည် ခွင့်ပြုထားသည့် ကာလအတွင်းအပြည့်အစုံ ထုတ်ဖော်ခဲ့လျှင် ထိုသူ၏ စုစုပေါင်းဝင်ငွေအပေါ်တွင် ပေးဆောင်ရမည့် အခွန်အပြင် ထိမ်ချန်ခြင်းကြောင့် ပိုမိုကျသင့်သည့်အခွန်၏ ငါးဆယ်ရာခိုင်နှုန်းနှင့် ညီမျှသော ဒဏ်ငွေကိုပါ ပေးဆောင်ရမည်။

(ဂ) ထိုသူသည် ခွင့်ပြုထားသည့် ကာလအတွင်း ထုတ်ဖော်ရန် ပျက်ကွက်လျှင်၊ သို့မဟုတ် ထိမ်ချန်ခဲ့သည့် ဝင်ငွေထက် လျော့နည်းထုတ်ဖော်လျှင် ပုဒ်မခွဲ (ခ) ပါအတိုင်း အခွန်နှင့် ဒဏ်ငွေနှစ်ရပ်လုံး ပေးဆောင်ရမည့် အပြင် တရားစွဲဆိုခြင်း လည်းခံရမည်။ တရားစီရင်ရေးအဖွဲ့မှ ပြစ်မှုထင် ရှားကြောင်း ဆုံးဖြတ်ပါက ထိုသူအား သုံးနှစ်မှ ဆယ်နှစ်အထိ ထောင်ဒဏ်အပြစ် ပေးနိုင်သည်။

သို့ရာတွင် ဤကိစ္စအတွက် အစိုးရက တာဝန်လွှဲအပ်သော အဖွဲ့ ၏ ကြိုတင်ခွင့်ပြုချက်မရဘဲ၊ ဤပုဒ်မအရ တရားစွဲဆိုခြင်း မပြုရ။ အဆိုပါအဖွဲ့သည် ဤဥပဒေအရ ရသင့်ရထိုက်သော အခွန်များကို မရအောင် ထိုသူ၏ လိမ်လည်လိုသော ရည်ရွယ်ချက် အတိမ်အနက် ကိုလည်းကောင်း၊ ဖော်ထုတ်နိုင်သည့် အခြေအနေ ရှိ-မရှိကို လည်းကောင်း ထောက်ချင့်၍ ယင်းခွင့်ပြုချက် ပေးသင့်မသင့် ဆုံးဖြတ် ရမည်။ လိုအပ်က ထုတ်ဖော်ရန် အချိန်ကို တိုးမြှင့် ပေးနိုင်သည်။

**၄၈။ အဂတိလိုက်စားခြင်း ပြစ်ဒဏ်**

။ မည်သူမဆို ဤဥပဒေကို အကြောင်းပြု၍ လာဘ်ပေးလာဘ်ယူ ပြုလုပ်လျှင်၊သို့မဟုတ် ပြုလုပ်ရန် အားထုတ်လျှင် ထိုသူအား ပြစ်မှုဆိုင်ရာ ဥပဒေအရဖြစ်စေ၊ ယင်းပြစ်မှုမျိုးအတွက် သီးခြားပြဋ္ဌာန်းသည့် ဥပဒေ တစ်ရပ်ရပ်အရဖြစ်စေ ပြစ်ဒဏ် ထိုက်သင့်စေရမည်။

**၄၉။ အကြောင်းအချက်များကို ထုတ်ဖော်ခြင်း**

။(က) ဤဥပဒေအရ ဆောင်ရွက်ရသော အမှုတွဲများတွင် ပါရှိသည့် အကြောင်းအချက်အားလုံးကို လျှို့ဝှက်ကိစ္စအဖြစ် မှတ်ယူရမည်။ ထို့ပြင် သက်သေခံ ဥပဒေတွင် မည်သို့ပင် ပါရှိစေကာမူ၊ မည်သည့်တရားစီရင်ရေးအဖွဲ့ကမှ အဆိုပါ အကြောင်းအချက်များကို တင်ပြစေရန်၊ သို့မဟုတ် ယင်းတို့နှင့် စပ်လျဉ်း၍ သက်သေခံစေရန် ပြည်သူ့ဝန်ထမ်း တစ်ဦးအား ဆင့်ဆို ပိုင်ခွင့် မရှိစေရ။

သို့ရာတွင် အစိုးရက တရားလို၊ သို့မဟုတ် တရားပြိုင် အဖြစ် ပါဝင်သည့် အမှုအတွက် အစိုးရက ဤကိစ္စအတွက် တာဝန်လွှဲအပ်သော အဖွဲ့က သဘောတူညီလျှင် ဆင့်ဆိုပိုင်ခွင့် ရှိသည်။

(ခ) ပြည်သူ့ဝန်ထမ်း တစ်ဦးသည် အဆိုပါ အကြောင်းအချက်များကို အစိုးရကိစ္စမှ အပ ထုတ်ဖော်ခြင်းမပြုရ။

(ဂ) ပုဒ်မခွဲ (ခ)ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်သော ပြည်သူ့ဝန်ထမ်းအား တရားစွဲဆို၍ ပြစ်မှုထင်ရှားကြောင်း ဆုံးဖြတ်လျှင် ခြောက်လအထိ ထောင်ဒဏ်အပြစ်ပေးနိုင်သည်။

**ရှင်းလင်းချက်**။ ။ပြည်သူ့ဝန်ထမ်းဆိုသည်မှာ အစိုးရက အခါအားလျော်စွာ သတ်မှတ် ထားသည့် ပုဂ္ဂိုလ်များ ဖြစ်စေရမည်။

**၅၀။** ။ပုဒ်မ၄၉ ပါကိစ္စအတွက် အစိုးရက တာဝန်လွှဲအပ်ထားသော အဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ကို ရမှ တရားစွဲဆိုနိုင်သည်။

**ခွင့်ပြုချက်ဖြင့် တရားစွဲဆိုခြင်း**

## အခန်း ၁၆

## နည်းဥပဒေများပြုလုပ်ပိုင်ခွင့်

**၅၁။** ။ဤဥပဒေပါ ကိစ္စများ ထမြောက်အောက်မြင်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ လည်းကောင်း၊ဝင်ငွေအမျိုးအစားတစ်ရပ်ရပ်ကိုတွက်ချက်သတ်မှတ်ရန်အလို့ငှာ လည်းကောင်း၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ သို့မဟုတ် လုပ်ထုံးလုပ်နည်းများ ပြုလုပ်နိုင်သည်။

**နည်းဥပဒေများ၊ စည်းမျဉ်းများစသည် တို့ပြုလုပ်ပိုင်ခွင့်**

## အခန်း ၁၇

## အထွေထွေ

**၅၂။** ။(က) ဤဥပဒေပါ စည်းကြပ်မှုများအတွက် ထားရှိသည့် စာရင်းများသည် မြန်မာဘာသာ၊ သို့မဟုတ်အင်္ဂလိပ်ဘာသာဖြင့်ဖြစ်ရမည်။

**စာရင်းများတွင် ပါရှိရမည့်အချက်အလက်များ**

(ခ) အစိုးရသည် အမိန့်ကြော်ငြာစာဖြင့် ဝင်ငွေ အမျိုးအစား တစ်ရပ်ရပ်အတွက်ဖြစ်စေ၊ အခွန်ထမ်း အမျိုးအစား တစ်ခုခုအတွက် ဖြစ်စေ၊ မည်သည့် အချက်အလက်များ ပါဝင်သည့် စာရင်းများ ထားရှိရမည်ကို စည်းမျဉ်းများဖြင့် ပြဋ္ဌာန်းနိုင်သည်။

**၅၃။** ။ဤဥပဒေအရ ချမှတ်သော အမိန့်ကြောင့် အခွန်တစ်ရပ်ရပ် ထမ်းဆောင်ရန်ရှိသောအခါ စည်းကြပ်မှုအဖွဲ့သည် အခွန်တောင်းခံလွှာကို စည်းမျဉ်း

**အခွန်တောင်းခံလွှာ**

များအရ ပြဋ္ဌာန်းထားသည့် ပုံစံဖြင့် ထမ်းဆောင်ရန်ရှိသော အခွန်ကို ဖော်ပြလျှက် အခွန်ထမ်းထံသို့ ပေးပို့အတည်ပြုရမည်။

**၅၄။** ။ဤဥပဒေအရ ကောက်ခံရရှိသည့် အခွန်တစ်ရပ်ရပ်အတွက် အခွန်ထမ်းအားရရှိကြောင်း ပြေစာပေးရမည်။

**ပြေစာများ**

**၅၅။** ။ဤဥပဒေအရ အကြောင်းကြားစာ၊ သို့မဟုတ် ဆင့်စာကို ထိုစာတွင် အမည်ဖော်ပြထားသူအားလည်းကောင်း၊ အကယ်၍ ပုဂ္ဂိုလ်စုဖြစ်လျှင် ယင်းပုဂ္ဂိုလ်စု၏ အရွယ်ရောက်သူအဖွဲ့ဝင် တစ်ဦးဦး၊ သို့မဟုတ် ဒါရိုက်တာ တစ်ဦးဦး၊ သို့မဟုတ် အုပ်ချုပ်သူ၊ သို့မဟုတ် အတွင်းရေးမှူး အားလည်းကောင်း စာတိုက်မှ ပေးပို့အတည်ပြုနိုင်သည်။ သို့မဟုတ် တရားစီရင်ရေးအဖွဲ့မှ တရားမ ကိစ္စအတွက် ထုတ်ဆင့်သည့် သမ္မန်စာ ဖြစ်ဘိသကဲ့သို့ အတည်ပြုနိုင်သည်။

**အကြောင်းကြားစာ အတည်ပြုခြင်း**

**၅၆။** ။မည်သူမဆိုအခြားသူတစ်ဦးပိုင်ဝင်ငွေနှင့်စပ်လျဉ်း၍ဤဥပဒေနှင့်အညီအခွန်နုတ်ယူပေး ဆောင်လျှင်ထိုသို့နုတ်ယူပေးဆောင်သည့်အတွက်ငွေပေးလျော်ရခြင်းစသည့်တာဝန်များမှ ကင်းလွတ်စေရမည်။

**တာဝန်မှ ကင်းလွတ်ခွင့်**

**၅၇။** ။ဤဥပဒေအရ ပြုလုပ်သည့် အခွန်စည်းကြပ်မှု တစ်ခုခုကို ပယ်ဖျက်ရန်၊ သို့မဟုတ် ပြုပြင်ပြောင်းလဲရန် မည်သည့် တရားစီရင်ရေးအဖွဲ့တွင် မှ တရားမစွဲရ။ ထို့ပြင် ဤဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်သည့် ကိစ္စအတွက် မည်သည့် ပြည်သူ့ဝန်ထမ်းကိုမှ တရားစွဲဆိုခြင်း မပြုရ။

**တရားစွဲဆိုခြင်းမှ တားမြစ်ခြင်း**

**၅၈။** ။ဤဥပဒေအရ အယူခံမှု၊ သို့မဟုတ် ပြင်ဆင်မှု၊ သို့မဟုတ် လွှဲအပ်မှု အတွက် စည်းကမ်းသတ်ကာလကို တွက်ချက်ရာ၌ အယူခံမှု၊ သို့မဟုတ် ပြင်ဆင်မှု၊ သို့မဟုတ် လွှဲအပ်မှု လျှောက်ထားရန် ဖြစ်ပေါ်စေသည့် အမိန့်မိတ္တူကူးယူရန် လိုအပ်သည့် ကာလနှင့် ပုဒ်မ ၃၂ ပုဒ်မခွဲ (ဂ) ၏ အပိုဒ်(၂) အရ အယူခံဝင်ခွင့် တောင်းခံရယူရန် လိုအပ်သည့် ကာလတို့ ကိုမထည့်သွင်းရ။

**စည်းကမ်းသတ် ကာလအပိုင်းအခြား တွက်ချက်ခြင်း**

## အခန်း ၁၈

## မြန်မာနိုင်ငံ အမြတ်ခွန် အက်ဥပဒေ အကျိုးသက်ရောက်သည့်စည်းကြပ်နှစ်များ

**၅၉။** ။(က)၁၉၇၃-၇၄ ခု၊ စည်းကြပ်နှစ်နှင့် ထိုစည်းကြပ်နှစ်မတိုင်မီစည်းကြပ်နှစ်များ အတွက်မြန်မာနိုင်ငံအမြတ်ခွန်အက်ဥပဒေအကျိုးသက်ရောက်စေရမည်။ သို့ရာတွင် အဆိုပါ မြန်မာနိုင်ငံ အမြတ်ခွန်အက်ဥပဒေ ပုဒ်မ ၅ နှင့် ပုဒ်မ၅-က အရ အာဏာပိုင် အသီးသီး၏လုပ်ပိုင်ခွင့်များကို ဤဥပဒေ အရ တူညီသည့် လုပ်ပိုင်ခွင့်ရှိသော အဖွဲ့က ဆောင်ရွက်နိုင်သည်။

**မြန်မာနိုင်ငံအမြတ်ခွန် အက်ဥပဒေအကျိုး သက်ရောက်သည့် စည်းကြပ်နှစ်များ**

(ခ) အောက်ပါကိစ္စများနှင့် ပတ်သက်လျှင် ၁၉၇၄-ခုနှစ်၊ ဧပြီလ ၁ရက်နေ့ မှစ၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ရမည်-

(၁) ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ ကိစ္စရပ်များ၊

(၂) ပုဒ်မ ၂၂ ပါ ကိစ္စရပ်များ၊

(၃) ပုဒ်မ ၃၂ ပါ ကိစ္စရပ်များ၊

(၄) ပုဒ်မ ၃၃ ပါ ကိစ္စရပ်များ၊

(၅) ပုဒ်မ ၃၄ ပါ ကိစ္စရပ်များ၊

(၆) ပုဒ်မ ၃၅ ပါ ကိစ္စရပ်များ၊

(၇) ပုဒ်မ ၃၇ ပါ ကိစ္စရပ်များ။

# ဝင်ငွေခွန် နည်းဥပဒေများ

## ဝင်ငွေခွန် နည်းဥပဒေများ

### အခန်း ၁

### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ။ဤနည်းဥပဒေများကို ဝင်ငွေခွန် နည်းဥပဒေများဟုခေါ်တွင်စေရမည်။

၂။ ။ဤနည်းဥပဒေများတွင် ပါရှိသော အောက်ပါစကားရပ်များသည်၊ ဖော်ပြပါ အဓိပ္ပာယ် သက်ရောက်စေရမည်။

(က) ဥပဒေဆိုသည်မှာ ဝင်ငွေခွန် ဥပဒေကို ဆိုသည်။

(ခ) အခြားစကားရပ်များနှင့် စပ်လျဉ်း၍ ဝင်ငွေခွန်ဥပဒေတွင် အဓိပ္ပာယ် ဖော်ပြချက်ရှိလျှင် ထိုဖော်ပြပါချက်အတိုင်း အဓိပ္ပာယ် သက်ဝင်စေရမည်။

## အခန်း ၂

## ဇနီးနှင့် သားသမီးအတွက် သက်သာခွင့်

၃။ ။(က) ဥပဒေပုဒ်မ ၆၊ အပိုဒ်(ခ)၊ အပိုဒ်ခွဲ (၂)ပါ ဇနီးဆိုရာတွင် ဝင်ငွေနှစ်အတွင်းမည်သည့်အချိန်မဆို မိမိနှင့် အတူနေသည့်၊ သို့မဟုတ် မိမိက စရိတ်ထောက်ပံ့ထားသည့် ဇနီးတစ်ဦးတည်းကို ဆိုလိုခြင်း ဖြစ်သည်။ သို့ရာတွင် ယင်းဇနီးသည် မိမိကိုယ်တိုင် ထိုဝင်ငွေနှစ်အတွင်း ဝင်ငွေခွန် ထိုက်သင့်သည့် ဝင်ငွေမရရှိသူ ဖြစ်ရမည်။

(ခ) ဥပဒေပုဒ်မ ၆၊ အပိုဒ်(ခ)၊ အပိုဒ်ခွဲ(၂)ပါ သားသမီးဆိုရာတွင် ဝင်ငွေနှစ်အတွင်း မည်သည့်အချိန်၌မဆို မိမိက ထောက်ပံ့ထားရသည့် အောက်ပါအချက်အလက်များ အားလုံးနှင့် ညီညွတ်သော သားသမီးအရင်း၊ လင်ပါ၊ မယားပါ သားသမီးနှင့် ဥပဒေတစ်ခုခုနှင့်အညီ မွေးစားသည့် သားသမီးတို့ကို ဆိုခြင်းဖြစ်သည်။

(၁) အိမ်ထောင်မရှိခြင်း၊
(၂) ဝင်ငွေခွန် ထိုက်သင့်သည့် ဝင်ငွေ မရရှိသူဖြစ်ခြင်း၊
(၃) အသက် ၁၈ နှစ် မပြည့်သေးခြင်း၊ သို့မဟုတ် အသက် ၁၈ နှစ်ပြည့်ပြီး သော်လည်း ပညာသင်ကြားလျက်ရှိခြင်း။

**ရှင်းလင်းချက်။** ။ပညာသင်ကြားလျက်ရှိခြင်း ဆိုရာတွင် စာသင်ကျောင်း၊ တက္ကသိုလ်၊ ကောလိပ်၊ သို့မဟုတ် အခြားပညာသင်ကြားရေးဌာန တစ်ခုခုတွင် အချိန်ပြည့် ပညာသင်ကြားလျက် ရှိခြင်း၊ သို့မဟုတ် အသက်မွေးဝမ်းကျောင်း ပညာလုပ်ငန်းတွင် အရည်အချင်းပြည့်စုံရန်အတွက် အလုပ်သင် စည်းကမ်းအရ အလုပ်သင်လျက်ရှိခြင်းတို့ ပါဝင်သည်။

(ဂ) ဥပဒေပုဒ်မ ၆ ပါ သက်သာခွင့်များ ခွင့်ပြုရာတွင် ဝင်ငွေရလမ်း တစ်ခုထက် ပိုမိုရှိလျှင် ဝင်ငွေခွန်နှုန်း အနည်းဆုံးဖြစ်သည့် ဝင်ငွေမှ စတင်၍ ထိုမှတစ်ဖန် ဝင်ငွေခွန်နှုန်းများရာသို့ အဆင့်ဆင့် ခုနှိမ်ပေးရမည်။

## အခန်း ၃

## စုဆောင်းငွေအတွက် ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ

၄။ ။(က) ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ(က)၊ အပိုဒ်(၃) အရ ကင်းလွတ်ခွင့်ရှိသော စုဆောင်းငွေဆိုသည်မှာ အောက်ပါတို့ ဖြစ်သည်။

(၁) အစိုးရ အိုနာစာ ရန်ပုံငွေမှ ပြန်လည်ထုတ်ယူ ရရှိသောငွေ၊
(၂) မြန်မာနိုင်ငံ အမြတ်ခွန် အက်ဥပဒေအရ၊ အသိအမှတ်ပြုထားသော အိုနာစာရန်ပုံငွေမှ ပြန်လည်ထုတ်ယူရရှိငွေ၊
(၃) မြန်မာနိုင်ငံ အမြတ်ခွန်အက်ဥပဒေအရ၊ အသိအမှတ်ပြုထားသော သက်ပြည့်အငြိမ်းစား ရန်ပုံငွေမှ ပြန်လည်ထုတ်ယူရရှိငွေ၊

(၄) အစိုးရက စီစဉ်ပေးသည့် ငွေစုဆောင်းခြင်းနှင့် ဆိုင်သော အစီအစဉ် တစ်ရပ်ရပ်မှ ပြန်လည်ထုတ်ယူရရှိငွေ။

(ခ) ဥပဒေပုဒ်မ ၆၊ အပိုဒ်(ခ)၊ အပိုဒ်ခွဲ(၄) အရ သက်သာခွင့်ရှိသော ငွေစုဆောင်းခြင်းအတွက် ထည့်ဝင်ငွေဆိုသည်မှာ အောက်ပါတို့ဖြစ်သည်။

(၁) အစိုးရအိုနာစာရန်ပုံငွေသို့အခွန်ထမ်းကထည့်ဝင်ငွေနှင့် ထိုရန်ပုံငွေ မှရရှိသည့်အတိုး၊

(၂) မြန်မာနိုင်ငံ အမြတ်ခွန်အက်ဥပဒေအရ အသိအမှတ်ပြုထားသော အိုနာစာရန်ပုံငွေသို့ အခွန်ထမ်းကဖြစ်စေ၊ အခွန်ထမ်းအတွက် အလုပ်ရှင်ကဖြစ်စေထည့်ဝင်ငွေများနှင့်ထိုရန်ပုံငွေမှရရှိသည့် အတိုး၊

(၃) အစိုးရက စီစဉ်ပေးသည့် ငွေစုဆောင်းခြင်းနှင့် ဆိုင်သော အစီအစဉ် တစ်ရပ်ရပ်သို့ ထည့်ဝင်ငွေနှင့် ယင်းအစီအစဉ်မှ ရရှိသည့်အတိုး။

## အခန်း ၄

## အခြေပစ္စည်းမှ မြတ်စွန်းငွေတွက်ချက် စည်းကြပ်ခြင်း

၅။ ။(က) မည်သူမဆို အခြေပစ္စည်း တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းပြုလုပ်လျှင် ယင်းသို့ပြုလုပ်သည့်နှစ် တစ်နှစ်အတွင်း တန်ဖိုးစုစုပေါင်းသည် အခွန်ပေးဆောင်ထိုက်သောတန်ဖိုး ရှိသည့်အပြင် မြတ်စွန်းငွေ ရှိပါက ဝင်ငွေကြေညာလွှာကို မြို့နယ်အခွန်ဦးစီး ဌာနမှူးထံ သက်ဆိုင်ရာ အခြေပစ္စည်း ရောင်းချ၊ လဲလှယ် သို့မဟုတ် လွှဲပြောင်းသည့်နေ့မှ တစ်လအတွင်း ပေးပို့ရမည်။

**ရှင်းလင်းချက်။** ။အခြေပစ္စည်းရောင်းချ၊ လဲလှယ် သို့မဟုတ် လွှဲပြောင်းသည့်နေ့ ဆိုသည်မှာ ယင်းပစ္စည်းကို ရောင်းချ၊ လဲလှယ် သို့မဟုတ် လွှဲပြောင်းသည့် စာချုပ်ချုပ်ဆိုသည့်နေ့ သို့မဟုတ် ယင်းပစ္စည်းကို လက်ရောက်လွှဲပြောင်းပေးသည့်နေ့ ထိုအနက်မှ စောရာနေ့ကိုဆိုသည်။

(ခ) မြို့နယ်အခွန်ဦးစီးမှူးသည် မည်သူ့အားမဆို အခြေပစ္စည်းမှ မြတ်စွန်းငွေနှင့် စပ်လျဉ်း၍ အခွန်ပေးဆောင်ထိုက်သည်ဟု ယူဆလျှင် ယင်းမြတ်စွန်းငွေ အတွက်ဝင်ငွေကြေညာလွှာ ပေးပို့ရန် အကြောင်းကြားနိုင်သည်။

(ဂ) အခြေပစ္စည်းမှ မြတ်စွန်းငွေရရှိသူအား သက်ဆိုင်ရာ ဝင်ငွေနှစ်အတွင်း အခွန်စည်းကြပ်ရမည်။ ထိုသို့စည်းကြပ်ရာတွင် ယင်းဝင်ငွေနှစ်အတွင်း တည်ဆဲ အခွန်နှုန်းများဖြင့် အခွန်တွက်ချက် တောင်းခံရမည်။ အခြေပစ္စည်းမှ မြတ်စွန်းငွေကို သတ်မှတ်ရာတွင် သက်ဆိုင်ရာ အခြေပစ္စည်းကို ရောင်းချ၊ လဲလှယ် သို့မဟုတ် လွှဲပြောင်းသည့် တန်ဖိုးအပြည့်မှ အောက်ပါတို့ နုတ်ပယ် ပေးရမည်-

(၁) အခွန်ထမ်းက ယင်းပစ္စည်းအတွက် အမှန်ကုန်ကျခဲ့သည့် မူလတန်ဖိုး နှင့်ယင်းပစ္စည်းအား ဖြည့်စွက်ခြင်းအတွက် ကုန်ကျသည့် မ-

တည်စရိတ် များကိုပေါင်းပြီး ထိုတန်ဖိုးစုစုပေါင်းမှ ယင်းပစ္စည်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအခွန်ထမ်းအား မြန်မာနိုင်ငံအမြတ်ခွန် အက်ဥပဒေအရ ဖြစ်စေ၊ ဝင်ငွေခွန်ဥပဒေအရဖြစ်စေ ခွင့်ပြု ထားပြီးဖြစ်သော စုစုပေါင်း တန်ဖိုးလျော့ငွေကို နုတ်ပယ်၍ ကျန်ရှိသော အသားတင်တန်ဖိုး၊

(၂) ယင်းပစ္စည်းကို ရယူရာတွင် လည်းကောင်း၊ ရောင်းချ၊ လဲလှယ် သို့မဟုတ် လွှဲပြောင်းရာတွင်လည်းကောင်း ကုန်ကျသည့် စရိတ်များ။

(ဃ) အခွန်ထမ်းကသက်ဆိုင်ရာပစ္စည်းကိုရယူခဲ့ရာတွင်အမှန်ကုန်ကျသည့် မူလ တန်ဖိုးကို တိကျစွာ မသိနိုင်လျှင် ဖြစ်စေ၊ ယင်းပစ္စည်းကို အမွေဆက်ခံခြင်း သို့မဟုတ်မေတ္တာအလျောက်ပေးကမ်းခြင်းဖြင့် ရယူခဲ့လျှင်ဖြစ်စေ ယင်းပစ္စည်း ကိုရယူခဲ့သည့် အချိန်၌ ပေါ်ပေါက်လာသော ကာလတန်ဖိုးကို အခွန်ထမ်း၏ မူလတန်ဖိုးအဖြစ် မှတ်ယူရမည်။

(င) အခြေပစ္စည်းတစ်ခုခုသည် ၁၉၇၆ ခုနှစ်၊ ဧပြီလ ၁ရက်နေ့ မတိုင်မီ အခွန်ထမ်းပိုင် ဖြစ်ခဲ့လျှင် နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ်(၁) အရ မူလတန်ဖိုးသို့မဟုတ် နည်းဥပဒေခွဲ(ဃ) အရ မူလတန်ဖိုးကို အဆိုပါ နေ့ရက်၌ ပေါ်ပေါက်သော ယင်းပစ္စည်း၏ ကာလတန်ဖိုးဟု မှတ်ယူရမည်။ သို့ရာတွင် နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ် (၁)အရ တွက်ချက်ရာ၌ ယင်းနေ့နောက်ပိုင်းတွင် ကုန်ကျခဲ့သောစရိတ်များနှင့် ခံစားခဲ့သော တန်ဖိုး လျော့သက်သာခွင့်များကိုသာထည့်သွင်း တွက်ချက်ရမည်။

(စ) အခြေပစ္စည်းကို ရောင်းချ၊ လဲလှယ် သို့မဟုတ် လွှဲပြောင်းသည့်အတွက် အခွန် ထမ်း ဖော်ပြသော တန်ဖိုးသည် ထိုသို့ပြုလုပ်သောအချိန်၌ ပေါ်ပေါက်သည့် ပစ္စည်း၏ ကာလတန်ဖိုးထက် လုံလောက်သော အကြောင်းမရှိဘဲ လျော့နည်း နေသည်ဟု မြို့နယ်အခွန်ဦးစီးဌာနမှူးက ယူဆလျှင် ယင်းတန်ဖိုးကို ကာလ တန်ဖိုးဖြင့် အစားထိုး သတ်မှတ်ရမည်။

(ဆ) ဤနည်းဥပဒေအရ ဝင်ငွေနှစ်အတွင်း စည်းကြပ်မှုမပြီးပြတ်လျှင် နည်းဥပဒေခွဲ (ဂ) နှင့် အကျုံးမဝင်သည့် သကဲ့သို့ သက်ဆိုင်ရာ အခွန်ထမ်းအား ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ စည်းကြပ်မှု ပြုလုပ်နိုင်သည်။

(ဇ) အခြေပစ္စည်းမှ မြတ်စွန်းငွေအပေါ် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ) အရ စည်းကြပ်မှု သို့မဟုတ် ပြန်လည်စည်းကြပ်မှု ပြုလုပ်သည့် ကိစ္စတွင် သက်ဆိုင်ရာ အခြေပစ္စည်း ရောင်းချ၊ လဲလှယ် သို့မဟုတ် လွှဲပြောင်းသော စာချုပ်ကို စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေအရ မှတ်ပုံတင်ပြီးဖြစ်ပါက ၎င်းပုဒ်မခွဲအရ စည်းကမ်းသတ်ကာလကို ယင်းသို့ ထိုစာချုပ်မှတ်ပုံတင် သည့်နေ့မှစ၍ တွက်ချက်ရမည်။

## အခန်း ၅

## ဝင်ငွေရလမ်းမဖော်ပြနိုင်သည့် ဝင်ငွေအပေါ် စည်းကြပ်ရန်နည်းလမ်းများ

၆။ ။မိမိမည်ကဲ့သို့ ရရှိခဲ့သည်ကို အတိအကျ မဖြေရှင်းနိုင်သည့် မရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ သို့မဟုတ် ငွေအပါအဝင်ဖြစ်သော ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ သက်ဆိုင်သူအား ဥပဒေ ပုဒ်မ ၁၄ အရ ဝင်ငွေသတ်မှတ် စည်းကြပ်ရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်။

အဆိုပါပစ္စည်း၊ သို့မဟုတ် ငွေပေါ်ထွက်သောနှစ်သည် ယင်းပစ္စည်းတန်ဖိုး၊ သို့မဟုတ် ငွေနှင့် စပ်လျဉ်းသည့် ဝင်ငွေနှစ်ဖြစ်သည်ဟု မှတ်ယူရမည်။ ထိုငွေကိုလည်းကောင်း၊ ထိုပစ္စည်း တန်ဖိုးနှင့် ယင်းပစ္စည်းရယူရာတွင် ကုန်ကျသည့် ငွေအားလုံးကို လည်းကောင်း အဆိုပါနှစ်အတွက် ဝင်ငွေအဖြစ် သတ်မှတ်စည်းကြပ်ရမည်။

**ရှင်းလင်းချက်။** ။ပေါ်ထွက်သောနှစ်ဆိုရာ၌-

(က) ငွေဖြစ်ပါက ယင်းငွေရှိကြောင်း တွေ့ရှိသောနှစ်၊ သို့မဟုတ် ယင်းငွေ ရရှိခဲ့ကြောင်းအထောက်အထားရှိသောနှစ်တို့အနက်စောရာနှစ်ကိုဆိုသည်။

(ခ) ပစ္စည်းဖြစ်ပါကဝယ်ယူရရှိခြင်းဖြစ်လျှင်ဝယ်ယူရရှိသောနှစ်ဖြစ်ပြီး၊တည်ဆောက်ယူခြင်း ဖြစ်လျှင် နှစ်ခြင်းပြီးစီးပါက ယင်းနှစ်ကို ဆိုသည်။ သို့သော်တည်ဆောက်ဆဲဖြစ်လျှင် တည်ဆောက်ဆဲဖြစ်သော ဆိုင်ရာနှစ်များကို ဆိုသည်။

## အခန်း ၆

## ဝင်ငွေနှစ်ကို စည်းကြပ်နှစ်ဟု မှတ်ယူခြင်း

၇။ ။ဥပဒေပုဒ်မ ၂၉ အရ အခွန်ထမ်း အမျိုးအစားတစ်ခုခုနှင့် စပ်လျဉ်း၍ ဝင်ငွေနှစ်သည် စည်းကြပ်နှစ် ဖြစ်ရမည်ဟု အမိန့်ထုတ်ပြန်သည့်ကိစ္စ၌ သီခြား သတ်မှတ်ထားခြင်းမရှိလျှင် စည်းကြပ်မှုကို အောက်ပါအတိုင်း ဆောင်ရွက်ခွင့်ရှိသည်-

(က) စည်းကြပ်မှုအဖွဲ့သည် ထိုအခွန်ထမ်း အမျိုးအစားတွင် ပါဝင်မည့်သူအား၊ ဝင်ငွေ ရလမ်းအားလုံးမှ ထိုသူယင်းစည်းကြပ်နှစ်အတွင်း ရရှိသည့် စုစုပေါင်း ဝင်ငွေကို ခန့်မှန်း၍ ဝင်ငွေကြေညာလွှာ ပေးပို့ရန် အကြောင်းကြားနိုင်သည်။ ထို အကြောင်းကြားစာကို ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (ခ) အရပေးပို့သည့် အကြောင်းကြားစာ ဖြစ်ဘိသကဲ့သို့ မှတ်ယူရမည်။

(ခ) ဝင်ငွေကြေညာလွှာ ပေးပို့ပြီးသူ၊ သို့မဟုတ် အပိုဒ် (က) အရ အကြောင်းကြားစာ ပေးပို့ခြင်းခံရသူထံ ထိုနှစ်အတွင်း ယင်းရရှိမည့် စုစုပေါင်းဝင်ငွေနှင့် စပ်လျဉ်း၍ အခြေခံအထောက်အထားများ လာရောက်ပြသရန်၊ သို့မဟုတ် ပြသစေရန် အကြောင်းကြားနိုင်သည်။

ထိုအကြောင်းကြားစာသည် ဥပဒေအရ ပေးပို့သည့်စာ ဖြစ်ဘိသကဲ့သို့ မှတ်ယူရမည်။

(ဂ) အပိုဒ် (ခ) အရ၊ ပေးပို့သော အကြောင်းကြားစာတွင် ဖော်ပြထားသည့်နေ့၊ သို့မဟုတ် ထို့နောက် ဆောလျင်နိုင်သမျှ ဆောလျင်စွာ စည်းကြပ်မှုအဖွဲ့သည် အခွန်ထမ်းပြသသော အခြေခံ အထောက်အထားများကိုလည်းကောင်း၊ ယင်းအဖွဲ့က လိုအပ်သော အခြားအချက်အလက်များကိုလည်းကောင်း၊ ရယူစစ်ဆေးကြားနာပြီးနောက်၊ ထိုအခွန်ထမ်း၏ စုစုပေါင်းဝင်ငွေကို ရနိုင်သရွေ့ အထောက်အထားများအပေါ် အခြေပြု၍ ဝင်ငွေခွန် စည်းကြပ်ရမည်။ ထိုသို့ စည်းကြပ်ရာ၌ ယင်းစည်းကြပ်နှစ်နှင့် သက်ဆိုင်သောနှုန်းများဖြင့် တွက်ချက်တောင်းခံရမည်။

သို့ရာတွင် အပိုဒ်(က)၊ သို့မဟုတ် (ခ)အရ၊ ပေးပို့သောစာပါ အချက်အလက်များကို လိုက်နာရန်ပျက်ကွက်လျှင် စည်းကြပ်မှုအဖွဲ့သည် ရနိုင်သမျှ အထောက်အထားများကို ရယူ၍ ယင်းတို့အပေါ် အခြေပြုပြီး စည်းကြပ်ရမည်။

(ဃ) ဤနည်းဥပဒေအရ၊ အခွန်စည်းကြပ်ပြီးသော အခွန်ထမ်းအား ထိုသို့စည်းကြပ် ပြီးသော ယင်း၏စုစုပေါင်းဝင်ငွေအပေါ် စည်းကြပ်နှစ် ပြောင်းလဲမှုကြောင့် ထပ်မံစည်းကြပ်ခြင်း မပြုရ။

(င) ဤနည်းဥပဒေအရ၊ စည်းကြပ်ပြီးသော အခွန်ထမ်းက သက်ဆိုင်ရာ စည်းကြပ်နှစ် အတွက် ဆုံးဖြတ်ထားသည့် ဝင်ငွေသည် မှန်ကန်မှုမရှိကြောင်း၊ ယင်းနှစ်ကုန်ဆုံးပြီး နောက်တစ်နှစ်အတွင်း ခိုင်လုံသော အထောက်အထား ပြနိုင်လျှင်၊ သို့မဟုတ် စည်းကြပ်မှုအဖွဲ့က ခိုင်လုံသော အထောက်အထား တွေ့ရှိလျှင် အဆိုပါအဖွဲ့က ပြင်ဆင်စည်းကြပ်နိုင်သည်။ ယင်းသို့ ပြင်ဆင်စည်းကြပ်ပါက ဥပဒေပါ စည်းကမ်း သတ်ကာလကိစ္စအတွက် ထိုပြင်ဆင်စည်းကြပ်မှုကိုသာ အခြေခံ တွက်ချက်ရမည်။

**ရှင်းလင်းချက်။** ။ဤနည်းဥပဒေပါ စည်းကြပ်မှုအဖွဲ့၏ လုပ်ပိုင်ခွင့်များကို အစိုးရသည် လိုအပ်ပါက ဥပဒေပုဒ်မ ၇ အရ၊ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ တစ်ဦးတစ်ယောက်အားလည်း ပေးအပ်နိုင်သည်။

## အခန်း ၇

## ဝင်ငွေနှစ်အတွင်း စည်းကြပ်ခြင်း

၈။ ။ဥပဒေပုဒ်မ ၂၉ အရ၊ ဝင်ငွေတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ဝင်ငွေနှစ်အတွင်း စည်းကြပ်မှု ပြုလုပ်နိုင်ကြောင်း အမိန့်ထုတ်ပြန်သည့်ကိစ္စ၌ သီးခြားသတ်မှတ်ထားခြင်း မရှိလျှင် စည်းကြပ်မှုကို အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) စည်းကြပ်မှုအဖွဲ့သည် ထိုဝင်ငွေတစ်ရပ်ရပ်ရရှိသူအား သက်ဆိုင်ရာဝင်ငွေနှစ် အတွင်း ယင်းရရှိသည့် အဆိုပါ အဝင်ငွေကို ခန့်မှန်း၍ ဝင်ငွေကြေညာလွှာ

ပေးပို့ရန် အကြောင်းကြားနိုင်သည်။ ထိုအကြောင်းကြားစာကို ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (ခ) အရ ပေးပို့သည့်စာ ဖြစ်ဘိသကဲ့သို့ မှတ်ယူရမည်။

(ခ) အပိုဒ်(က) အရ၊ ဝင်ငွေကြေညာလွှာ ပေးပို့ပြီးသူ၊ သို့မဟုတ် အကြောင်းကြားစာပေးပို့ခံရသူထံ ထိုနှစ်အတွင်း ယင်းရရှိမည့်ဝင်ငွေနှင့်စပ်လျဉ်း၍ အခြေခံအထောက်အထားများ လာရောက်ပြသရန်၊ သို့မဟုတ် ပြသစေရန် အကြောင်း ကြားနိုင်သည်။ ထိုအကြောင်းကြားစာသည် ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ခ) အရ ပေးပို့သည့်စာဖြစ်ဘိသကဲ့သို့ မှတ်ယူရမည်။

(ဂ) အပိုဒ် (ခ) အရ ပေးပို့သော အကြောင်းကြားစာတွင် ဖော်ပြထားသည့် နေ့ သို့မဟုတ် ထိုနောက်ဆောလျင်နိုင်သမျှ ဆောလျင်စွာ စည်းကြပ်မှုအဖွဲ့သည် အခွန်ထမ်းပြသသော အခြေခံအထောက်အထားများကို လည်းကောင်း၊ ယင်းအဖွဲ့က လိုအပ်သော အခြားအချက်အလက်များကိုလည်းကောင်း ရယူစစ်ဆေးကြားနာပြီးနောက်၊ အခွန်ထမ်း၏ အဆိုပါဝင်ငွေအား ရနိုင်သမျှ အထောက်အထားများကို အခြေပြု၍ ဝင်ငွေခွန်စည်းကြပ်ရမည်။ ထိုသို့စည်းကြပ်ရာတွင် ယင်းစည်းကြပ်နှစ်နှင့် သက်ဆိုင်သောနှုန်းများဖြင့် အခွန်တွက်ချက် တောင်းခံရမည်။

သို့ရာတွင် အပိုဒ် (က)၊ သို့မဟုတ် (ခ)အရ ပေးပို့သော စာပါအချက်အလက် များကို လိုက်နာရန် ပျက်ကွက်လျှင် စည်းကြပ်မှုအဖွဲ့သည် ရနိုင်သမျှသော အထောက်အထားများကို ရယူ၍ ယင်းတို့ကိုအခြေပြုပြီးစည်းကြပ်နိုင်သည်။

(ဃ) ဝင်ငွေအမျိုးအစားတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ဤနည်းဥပဒေအရ၊ သီးခြားစည်းကြပ်မှုပြုလုပ်ခြင်းသည် ယင်းဝင်ငွေအတွက် ကြိုတင်စည်းကြပ်ခြင်းသာ ဖြစ်သည်ဟု မှတ်ယူရမည်။ ယင်းဝင်ငွေအပါအဝင်ဖြစ်သော အခွန်ထမ်း၏ စုစုပေါင်းဝင်ငွေအပေါ် စည်းကြပ်မှုကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ထပ်မံပြုလုပ်ရမည်။ စည်းကြပ်မှုထပ်မံပြုလုပ်သောအခါ ကြိုတင်စည်းကြပ်မှုတွင် ပေးဆောင်ခဲ့သော အခွန်ကို ခုနှိမ်ပေးရမည်။

(င) ဤနည်းဥပဒေအရ ပြုလုပ်သောကြိုတင်စည်းကြပ်မှုတွင် ချမှတ်ထားသော ဆုံးဖြတ်ချက်များကို အပိုဒ် (ဃ)ပါ အတိုင်း စည်းကြပ်မှု ထပ်မံပြုလုပ်ရာ၌ လိုအပ်သလို ပြုပြင်ပြောင်းလဲနိုင်သည်။

(စ) ဤနည်းဥပဒေအရ ဝင်ငွေနှစ်အတွင်း စည်းကြပ်မှုမပြီးပြတ်လျှင် ဥပဒေ ပုဒ်မ ၂၉ နှင့် အကျုံးမဝင်ဘိသကဲ့သို့ သက်ဆိုင်ရာအခွန်ထမ်းအား ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စည်းကြပ်မှုပြုလုပ်နိုင်သည်။

**ရှင်းလင်းချက်။** ။ဤနည်းဥပဒေပါ စည်းကြပ်မှုအဖွဲ့၏ လုပ်ပိုင်ခွင့်များကိုအစိုးရသည်လိုအပ်ပါက ဥပဒေပုဒ်မ ၇အရ၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍ တစ်ဦးတစ်ယောက်အား လည်းပေးအပ်နိုင်သည်။

## အခန်း ၈

## ပြည်ပနေ နိုင်ငံသားအား စည်းကြပ်ခြင်း

၉။ ။(က) ဥပဒေပုဒ်မ ၃၀ အရ ပြည်ပနေ နိုင်ငံသားတစ်ဦးအား ဝင်ငွေခွန် စည်းကြပ်ကောက်ခံရာတွင် ဤနည်းဥပဒေပါ သတ်မှတ်ချက်များအတိုင်းဖြစ်ရမည်။

(ခ) (၁) ၁၉၇၃- ခုနှစ်၊ အောက်တိုဘာလ ၁ရက်နေ့မှစ၍ မည်သည့်ဝင်ငွေနှစ်

အတွက် မဆို ပြည်ပနေ နိုင်ငံသားတစ်ဦး၏ ဥပဒေပုဒ်မ ၃ အပိုဒ် (ပ) အရ စုစုပေါင်းဝင်ငွေတွင် အောက်ပါတို့ ပါဝင်သည်။

(ကက) ပြည်တွင်းစုစုပေါင်းဝင်ငွေ၊

(ခခ) ပြည်ပစုစုပေါင်းဝင်ငွေ။

(၂) ပြည်ပနေ နိုင်ငံသားတစ်ဦး၏ ပြည်တွင်းစုစုပေါင်းဝင်ငွေသည် မြန်မာနိုင်ငံအတွင်း အဆိုပါနှစ်အတွင်း ထိုသူကရရှိသည့် ဝင်ငွေအားလုံးဖြစ်သည်။

(၃) ပြည်ပနေ နိုင်ငံသားတစ်ဦး၏ ပြည်ပစုစုပေါင်းဝင်ငွေသည် မြန်မာနိုင်ငံပြည်ပတွင် အဆိုပါနှစ်အတွင်း ထိုသူက ရရှိသည့် ဝင်ငွေအားလုံးဖြစ်သည်။

သို့ရာတွင် ပြည်ပနေ နိုင်ငံသားတစ်ဦး၏ စုစုပေါင်းဝင်ငွေတွင် ဥပဒေတစ်ရပ်ရပ်အရ ကင်းလွတ်ခွင့်ရသော ဝင်ငွေမပါဝင်စေရ။

(ဂ) ပြည်ပနေ နိုင်ငံသားတစ်ဦးအား ဝင်ငွေခွန်စည်းကြပ်ရာတွင် ထိုသူ၏ ပြည်တွင်းစုစုပေါင်း ဝင်ငွေနှင့် ပြည်ပစုစုပေါင်းဝင်ငွေကို သီးခြားတွက်ချက်သတ်မှတ်ရမည်။ ထို့ပြင် အဆိုပါ သတ်မှတ်ချက်များကို မူတည်၍ ထိုသူပေးဆောင်ရမည့် ပြည်တွင်းစုစုပေါင်းဝင်ငွေအပေါ် ဝင်ငွေခွန်နှင့် ပြည်ပစုစုပေါင်းဝင်ငွေအပေါ် ဝင်ငွေခွန်ကို တသီးတခြားစီတွက်ချက်ဆုံးဖြတ်ရမည်။ ထိုသူက ပေးဆောင်းရန် တာဝန်ရှိသည့် ဝင်ငွေခွန်သည် ထိုအခွန်နှစ်ရပ်လုံးအတွက် ဖြစ်ရမည်။

(ဃ) ပြည်ပနေ နိုင်ငံသားတစ်ဦး၏ ပြည်တွင်းစုစုပေါင်း ဝင်ငွေအပေါ် ဝင်ငွေခွန် စည်းကြပ် ကောက်ခံခြင်းကို ဥပဒေပါဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ပြုလုပ်ရမည်ဖြစ်ပြီး ကျသင့်သည့် ဝင်ငွေခွန် ကို နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ပြဋ္ဌာန်းသည့်နှုန်းများဖြင့် တွက်ချက်ရမည်။

(င) (၁) ပြည်ပနေနိုင်ငံသားတစ်ဦး၏ ပြည်ပစုစုပေါင်းဝင်ငွေ တွက်ချက်သည့်အခါ ဥပဒေပုဒ်မ ၈ တွင်ဖော်ပြထားသည့် ဝင်ငွေခေါင်းစဉ်များအလိုက် တွက်ချက်ရမည့်အပြင် ထိုသို့တွက်ချက်ရာတွင် ဥပဒေပါပြဋ္ဌာန်းချက်များ နှင့်အညီသာ ဖြစ်ရမည်။

သို့ရာတွင် ဥပဒေပုဒ်မ ၆ ပါ သက်သာခွင့်များသည် ပြည်ပနေ နိုင်ငံသားတစ်ဦး၏ ပြည်ပစုစုပေါင်းဝင်ငွေ တွက်ချက်ရာတွင် အကျုံးမဝင်စေရ။

(၂) ပြည်ပနေ နိုင်ငံသားတစ်ဦး၏ ပြည်ပစုစုပေါင်းဝင်ငွေအပေါ်တွင် အဆိုပါ ပြည်ပနေနိုင်ငံသားက ပေးဆောင်ရမည့် ဝင်ငွေခွန်နှုန်းများကို နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေဖြင့် သတ်မှတ်နိုင်သည်။

(စ) ပြည်ပနေနိုင်ငံသားတစ်ဦးသည် မည်သည့်ဝင်ငွေနှစ်အတွင်း၌မဆို ထိုနှစ်အတွက် မြန်မာနိုင်ငံပြင်ပ၌ ဝင်ငွေတစ်ရပ်ရပ်ရရှိလျှင် ယင်း၏ပြည်ပ စုစုပေါင်းဝင်ငွေကို ခန့်မှန်း၍ ယင်းအပေါ် ကျသင့်သည့် ဝင်ငွေခွန်ကိုအဆိုပါ ဝင်ငွေနှစ်အတွင်း၌ပင် ဤကိစ္စအတွက် အစိုးရက တာဝန်လွှဲအပ်သော သူကသတ်မှတ်ပေးသည့် နည်းလမ်းများအတိုင်း ပေးဆောင်ရမည်၊ ထိုသို့ပေးဆောင်ရာတွင် ထိုသူသည် မိမိအတွက် အလျဉ်းသင့်သလို အရစ်များဖြင့် သက်ဆိုင်ရာဝင်ငွေနှစ် မလွန်စေဘဲ အကြိမ်ကြိမ်ခွဲ၍ ပေးဆောင်နိုင်သည်။

(ဆ) တစ်ဦးတစ်ယောက်သောသူက နည်းဥပဒေခွဲ (စ) ပါ သတ်မှတ်ချက်များနှင့်အညီ ပေးဆောင်သည့် သို့မဟုတ် နည်းဥပဒေခွဲ (စ) နှင့် (ပ)တို့ကို ပူးတွဲသုံးစွဲ၍ ထိုသူထံမှအရကောက်ခံ ပြီးသည့်ငွေကို နည်းဥပဒေခွဲ (ဈ) အရ သက်ဆိုင်ရာ နှစ်အတွက် ဝင်ငွေခွန်စည်းကြပ်မှုနှင့် စပ်လျဉ်း၍ ပေးဆောင်သည့် ဝင်ငွေခွန်ဟု မှတ်ယူရမည်၊ ထိုသို့ ပေးဆောင်သည့် ဝင်ငွေခွန်ကို သက်ဆိုင်ရာ စည်းကြပ်မှုတွင် ခုနှိမ်ပေးရမည်။

(ဇ) (၁) ပြည်ပနေ နိုင်ငံသားတစ်ဦးသည် ဝင်ငွေနှစ်အတွင်း မြန်မာနိုင်ငံပြင်ပ၌ ဝင်ငွေ ရရှိလျှင် ထိုနှစ်ကုန်ဆုံးပြီး ရက်ပေါင်းကိုးဆယ်အတွင်း မိမိ၏ ပြည်ပ စုစုပေါင်း ဝင်ငွေအတွက် ဝင်ငွေ ကြေငြာလွှာကို ဤကိစ္စအတွက် အစိုးရက တာဝန်လွှဲအပ်သော သူက သတ်မှတ်ထားသည့်အတိုင်း စည်းကြပ်မှုအဖွဲ့ထံ ပေးပို့ရမည်။

(၂) ပြည်ပနေ နိုင်ငံသားတစ်ဦးသည် မြန်မာနိုင်ငံပြင်ပ၌ ဝင်ငွေရရှိခဲ့သည်ဟုယူဆလျှင် စည်းကြပ်မှုအဖွဲ့က ထိုသူဝင်ငွေနှစ်အတွင်း ရရှိသည့် ပြည်ပစုစုပေါင်း ဝင်ငွေအတွက် ဝင်ငွေကြေငြာလွှာကို သတ်မှတ်သည့်အတိုင်းပေးပို့စေရန် အကြောင်းကြားနိုင်သည်။

ထို့ပြင် ဥပဒေပုဒ်မ ၂၁ ၌ဖော်ပြထားသော ဝင်ငွေခွန်စည်းကြပ်ရန် သို့မဟုတ် ပြန်လည် စည်းကြပ်ရန် ဖြစ်သော ဝင်ငွေအမျိုးအစားတွင် ပါဝင်သည့် ပြည်ပဝင်ငွေနှင့် စပ်လျဉ်း၍ ဝင်ငွေခွန် စည်းကြပ်ခြင်း သို့မဟုတ် ပြန်လည်စည်းကြပ်ခြင်းတို့ ပြုလုပ်ရန် ရှိလျှင် ဥပဒေပုဒ်မ ၂၁ ပါ ပြဋ္ဌာန်းချက်များနှင့် အညီသာ ဆောင်ရွက်ရမည်။

(ဈ) စည်းကြပ်မှုအဖွဲ့သည် နည်းဥပဒေခွဲ (ဇ) အရ၊ ပြည်ပစုစုပေါင်း ဝင်ငွေ ကြေငြာလွှာကို ရရှိလျှင် ဆောလျင်နိုင်သမျှ ဆောလျင်စွာ သက်ဆိုင်ရာပြည်ပနေ နိုင်ငံသား၏ ပြည်ပစုစုပေါင်းဝင်ငွေ အပေါ်ဝင်ငွေခွန်စည်းကြပ်ရမည်။

သို့ရာတွင် ပြည်ပနေ နိုင်ငံသားတစ်ဦး၏ ပြည်ပစုစုပေါင်းဝင်ငွေကို ဤနည်းဥပဒေအရ စည်းကြပ်ခြင်းမပြုမီ စည်းကြပ်မှုအဖွဲ့သည်

မိမိအဆုံးအဖြတ်ပေးရန် အတွက် လိုအပ်မည်ဟု ယူဆသည့် အထောက်အထား သက်သေခံစာရွက်စာတမ်းများကို မည်သူထံမှမဆို တောင်းဆိုနိုင်သည်။

ထို့ပြင် ပြည်ပနေနိုင်ငံသားသည် နည်းဥပဒေခွဲ (ဇ) အရ ဝင်ငွေကြေငြာလွှာပေးပို့ရန် ပျက်ကွက်လျှင် စည်းကြပ်မှုအဖွဲ့သည် ရနိုင်သရွေ့အထောက်အထားများကို အခြေပြု၍ ဝင်ငွေကို စည်းကြပ်ရမည်။

(ည) နည်းဥပဒေခွဲ (ဈ) အရ ဝင်ငွေခွန်ပေးဆောင်ရန် ရှိသောအခါ စည်းကြပ်မှုအဖွဲ့သည် ထို ဝင်ငွေခွန်ပေးဆောင်ရန် တာဝန်ရှိသူအပေါ် အခွန်တောင်းခံလွှာကို ဥပဒေပုဒ်မ ၅၃ ပါ ပြဋ္ဌာန်းချက်များ နှင့်အညီ ပေးပို့ရမည်။ ထိုအခွန်တောင်းခံလွှာသည် ယင်းပုဒ်မအရ တောင်းခံလွှာဟု မှတ်ယူရမည်။

(ဋ) ပြည်ပစုစုပေါင်းဝင်ငွေပေါ်တွင် ပေးဆောင်ရန် ရှိသည့်ဝင်ငွေခွန်ကို ပေးဆောင်ရန် တာဝန်ရှိသည့် အခွန်ထမ်းက ထိုစုစုပေါင်းဝင်ငွေတွင် ပါဝင်သည့်ပြည်ပဝင်ငွေ တစ်ရပ်ရပ်မှ ရရှိသော နိုင်ငံခြားငွေနှင့်သာ ပေးဆောင်ရမည်။

(ဌ) တစ်ဦးတစ်ယောက်သောသူအပေါ် နည်းဥပဒေခွဲ (ဈ) အရ ဝင်ငွေခွန်စည်းကြပ်မှု ပြုရာတွင် ထိုသူက ပြန်အမ်းငွေရရန်ရှိလျှင် ထိုပြန်အမ်းငွေကို ထိုသူက နည်းဥပဒေခွဲ (စ) အရ ပေးဆောင်ရန်ရှိသော ဝင်ငွေခွန်မှ ခုနှိမ်ရမည်။

သို့ရာတွင် အဆိုပါ ဝင်ငွေခွန်စည်းကြပ်မှုပြုလုပ်ပြီးနောက် တစ်နှစ်ကာလ အတွင်း ထိုသူတွင် ပြည်ပဝင်ငွေမရှိတော့သည့်အကြောင်းကြောင့် နည်းဥပဒေခွဲ (စ) အရ ပေးဆောင်ရန်ငွေ တစ်စုံတစ်ရာ မရှိလျှင် ထိုသူရရန်ရှိသည့် ပြန်အမ်းငွေကို ကျပ်ငွေဖြင့်သာပေးရမည်။

(ဍ) နိုင်ငံသားတစ်ဦး သည် မြန်မာနိုင်ငံမှ မထွက်ခွာမီ ထိုသူက ဤနည်းဥပဒေအရ၊ ပြည်ပစုစုပေါင်းဝင်ငွေအပေါ် ပေးဆောင်ရန်ရှိမည့် ဝင်ငွေခွန်ကို ကောက်ခံရန် အလို့ငှာ၊ ဤကိစ္စအတွက် အစိုးရက တာဝန်လွှဲအပ်သောသူသည် သင့်လျော်မည့် အစီအစဉ်များပြုလုပ်ပိုင်ခွင့် ရှိစေရမည်။

(ဎ) (၁) ဤနည်းဥပဒေများနှင့် သက်ဆိုင်သူတစ်ဦးသည် ဤဥပဒေနှင့်အညီ ဝင်ငွေခွန် ကိုပေးဆောင်ခြင်း မပြုလျှင် ထိုသူအား ဥပဒေပုဒ်မ ၃၉နှင့် အကျုံးဝင်သော ပျက်ကွက်သူဟု မှတ်ယူရမည်။

(၂) အပိုဒ်ခွဲ(၁) အရ၊ ပျက်ကွက်သူထံမှ အရ ကောက်ခံသည့်အခါတွင် မည်သည့် ငွေဖြင့် အရကောက်ခံရမည်ကို ဤကိစ္စအလို့ငှာ အစိုးရက တာဝန်လွှဲအပ်သော သူကဆုံးဖြတ်ပိုင်ခွင့် ရှိစေရမည်။

(ဏ) ဤနည်းဥပဒေအရ၊ ပြည်ပစုစုပေါင်းဝင်ငွေနှင့် ယင်းဝင်ငွေအပေါ် အခွန်သတ်မှတ် သည့်အခါ၊ သက်ဆိုင်ရာ နိုင်ငံခြားငွေနှင့် ညီမျှသောကျပ်ငွေဖြင့် သတ်မှတ်ရမည် ဖြစ်ပြီး၊ ထိုနိုင်ငံခြားငွေနှင့် ညီမျှသော ကျပ်ငွေတွက်ချက်ရာတွင် အစိုးရက သတ်မှတ်ထား သော နိုင်ငံခြားငွေ လဲလှယ်နှုန်းများအတိုင်း တွက်ချက်ရမည်။

(တ) အစိုးရက တာဝန်လွှဲအပ်ခြင်းခံရသူသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍၊ ဤနည်းဥပဒေပါ ကိစ္စရပ်များအလို့ငှာ အသေးစိတ် လိုအပ်ချက်များကို ပြဋ္ဌာန်းနိုင်သည်။

## အခန်း ၉

## ပြည်ပနေ နိုင်ငံခြားသားအား စည်းကြပ်ခြင်း

၁၀။ ။ဥပဒေပုဒ်မ ၂၆ အရ၊ ရရှိသော ပြည်ပနေ နိုင်ငံခြားသား၏ ဝင်ငွေကို အတိအကျမသိနိုင်ဟု စည်းကြပ်မှုအဖွဲ့က ထင်မြင်ယူဆလျှင် ထိုအခွန်ထမ်းအပေါ် ဝင်ငွေခွန်စည်းကြပ်ရန် ဝင်ငွေကို အောက်ပါနည်းလမ်း တစ်ခုခုဖြင့် စည်းကြပ်မှုအဖွဲ့က တွက်ချက် သတ်မှတ်နိုင်သည်-

(က) ဥပဒေပုဒ်မ ၂၆ အရ၊ ထိုသူ၏ အကြမ်းရငွေ အပေါ် စည်းကြပ်မှုအဖွဲ့က သင့်လျော် သည်ဟု ယူဆသော ရာခိုင်နှုန်းဖြင့် တွက်ချက်ခြင်း။

(ခ) ပြည်တွင်းဝင်ငွေကို အောက်ပါ ပုံသေနည်းဖြင့် တွက်ချက်ခြင်း။

$$\text{ပြည်တွင်းဝင်ငွေ} = \frac{\text{ပြည်တွင်းရငွေ}}{\text{ပြည်တွင်းပြည်ပရငွေ}} \times \text{ပြည်တွင်းပြည်ပ စုစုပေါင်းဝင်ငွေ။}$$

**မှတ်ချက်။** ။ဤအပိုဒ်ပါ ပြည်တွင်းပြည်ပ စုစုပေါင်းဝင်ငွေဆိုသည်မှာ ဥပဒေပြဋ္ဌာန်းချက်များ နှင့်အညီ တွက်ချက်ရရှိသော စုစုပေါင်းဝင်ငွေကို ဆိုသည်။

(ဂ) အပိုဒ်(က) နှင့်(ခ)တို့အရ၊ ဝင်ငွေတွက်ချက်ရန် လက်တွေ့အားဖြင့် မဖြစ်နိုင်လျှင်၊ ဤကိစ္စအတွက် အစိုးရက တာဝန်လွှဲအပ်သောသူက သင့်လျော်သည်ဟု မှတ်ယူသော အခြားနည်းလမ်း တစ်ခုခုဖြင့် တွက်ချက်ခြင်း။

## အခန်း ၁၀

## ပင်လယ်ကူးသင်္ဘောဖြင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခြင်းအားစည်းကြပ်ခြင်း

၁၁။ ။(က) ပြည်ပနေနိုင်ငံခြားသားပိုင်၊ သို့မဟုတ် ယင်းက စင်းလုံးငှားသော ပင်လယ်ကူးသင်္ဘောသည် မြန်မာနိုင်ငံဆိပ်ကမ်းသို့ ဆိုက်ရောက်ပြီး ပြန်လည်ထွက်ခွာလျှင်၊ ထိုသို့ဝင်ထွက်သွားလာသောတစ်ခေါက်ချင်းမှ ဝင်ငွေအတွက် ဝင်ငွေခွန်ထမ်းဆောင်ရမည်။

(ခ) အဆိုပါ သင်္ဘောက မြန်မာနိုင်ငံဆိပ်ကမ်းမှ ခရီးသည်ခနှင့် တိရစ္ဆာန်၊ သို့မဟုတ် အခြားကုန်ပစ္စည်း သယ်ဆောင်ခရရှိငွေ အားလုံး၏ ၅ ရာခိုင်နှုန်းသည် ဝင်ငွေခွန်စည်းကြပ်ရန် ဝင်ငွေဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) နည်းဥပဒေခွဲ (ခ)ပါအတိုင်း မှတ်ယူရရှိသော ဝင်ငွေအပေါ် နိုင်ငံတော်၏ ဘဏ္ဍာငွေ အရ-အသုံးဆိုင်ရာ ဥပဒေအရ ပြဋ္ဌာန်းထားသည့် ပြည်ပနေ နိုင်ငံခြားသားနှင့် ဆိုင်သော ဝင်ငွေခွန်နှုန်းများဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

(ဃ) မြန်မာနိုင်ငံ ဆိပ်ကမ်းမှ ဤနည်းဥပဒေနှင့် အကျုံးဝင်သော သင်္ဘောမထွက်ခွာမီ သက်ဆိုင်ရာ သင်္ဘောရေယာဉ်မှူးသည် နည်းဥပဒေခွဲ (ခ)ပါအတိုင်း ဝင်ငွေကို ခန့်မှန်း၍ ဝင်ငွေကြေညာလွှာ ပေးပို့ရမည်။ ထိုသို့ ပေးပို့သည့်အခါ ယင်းဝင်ငွေ ကြေညာလွှာတွင် ဖော်ပြသော ဝင်ငွေအပေါ် ဝင်ငွေခွန်ကို ယာယီစည်းကြပ် ကောက်ခံရမည်။

သို့ရာတွင် သက်ဆိုင်ရာ သင်္ဘောပိုင်ရှင်၊ သို့မဟုတ် စင်းလုံးငှားသူအတွက် မြန်မာနိုင်ငံ အတွင်း၌ တရားဝင်ကိုယ်စားလှယ်ရှိလျှင် ဤနည်းဥပဒေခွဲအရ၊ သင်္ဘောမထွက်ခွာမီ ဝင်ငွေ ကြေညာခြင်းနှင့် အခွန်ပေးဆောင်ခြင်းတို့ကို ယင်းကိုယ်စားလှယ်က ပြုလုပ်နိုင်သည်၊

(င) မြန်မာနိုင်ငံဆိပ်ကမ်းမှ သက်ဆိုင်ရာ ပင်လယ်ကူးသင်္ဘော ထွက်ခွာရန် အဆင်သင့် ဖြစ်သောအခါတွင် ထိုသင်္ဘောရေယာဉ်မှူးက အဆိုပါဆိပ်ကမ်းမှ အမှန်ရငွေ အရ နည်းဥပဒေခွဲ (ခ) ပါအတိုင်း ဝင်ငွေတွက်ချက်၍ ဝင်ငွေကြေညာလွှာ အသစ် ပေးပို့ရမည်။ ထိုသို့ပေးပို့ရာတွင် အထောက်အထား စာရွက်စာတမ်းများပါ ပူးတွဲပေးပို့ရမည်။ ယင်းတို့ကို စိစစ်၍ လိုအပ်သလို ဝင်ငွေခွန် စည်းကြပ်ရမည်။

သို့ရာတွင် မြန်မာနိုင်ငံအတွင်း အဆိုပါသင်္ဘောအတွက် တရားဝင် ကိုယ်စားလှယ်ရှိလျှင် ဤနည်းဥပဒေခွဲအရ ဝင်ငွေကြေညာလွှာ အသစ်ကို ယင်းကိုယ်စားလှယ်က သက်ဆိုင်ရာ သင်္ဘော မြန်မာနိုင်ငံဆိပ်ကမ်းမှ ထွက်ခွာပြီး ခုနစ်ရက်အတွင်း ပေးပို့နိုင်သည်။

(စ) မြန်မာနိုင်ငံအတွင်း သက်ဆိုင်ရာ သင်္ဘောပိုင်ရှင်၊ သို့မဟုတ် စင်းလုံးငှားသူ၌ တရားဝင် ကိုယ်စားလှယ်မရှိလျှင် နည်းဥပဒေခွဲ (င)ပါအတိုင်း စည်းကြပ်မှုပြုလုပ်၍ အခွန်အကျေအလည် ပေးဆောင်ပြီးပါက အဆိုပါသင်္ဘော မြန်မာနိုင်ငံဆိပ်ကမ်းမှ ထွက်ခွာခွင့်ပြုနိုင်ကြောင်း ပင်လယ်ကူးသင်္ဘောများ ဆိပ်ကမ်းမှ ထွက်ခွာခွင့် လက်မှတ်ထုတ်ပေးပိုင်ခွင့် ရှိသူအား အဆိုပါ ထွက်ခွာခွင့်ပြုရန် အကြောင်းကြားစာ ပေးပို့ရမည်။

(ဆ) မြန်မာနိုင်ငံအတွင်း သက်ဆိုင်ရာသင်္ဘောပိုင်ရှင်၊ သို့မဟုတ် စင်းလုံးငှားသူ၌ တရားဝင်ကိုယ်စားလှယ်ရှိလျှင်နည်းဥပဒေခွဲ (ဃ)အတိုင်း ယာယီစည်းကြပ်မှုပြုလုပ်ပြီး အခွန်အကျေအလည် ပေးဆောင်ပါက အဆိုပါသင်္ဘောအား မြန်မာနိုင်ငံဆိပ်ကမ်းမှ ထွက်ခွာခွင့်ပြုရန် အကြောင်းကြားစာကို နည်းဥပဒေခွဲ (စ)ပါအတိုင်း ပေးပို့နိုင်သည်။

# ဝင်ငွေခွန်
# စည်းမျဉ်းများ

## ဝင်ငွေခွန် စည်းမျဉ်းများ

### အခန်း ၁

### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ။ဤစည်းမျဉ်းများကို ဝင်ငွေခွန်စည်းမျဉ်းများဟု ခေါ်တွင် စေရမည်။

၂။ ။ဤစည်းမျဉ်းများတွင်ပါရှိသောအောက်ပါစကားရပ်များသည် ဖော်ပြပါအဓိပ္ပာယ်သက်ရောက် စေရမည်။

(က) **‘ဥပဒေ’** ဆိုသည်မှာ ဝင်ငွေခွန် ဥပဒေကိုဆိုသည်။

(ခ) အခြားစကားရပ်များနှင့် စပ်လျဉ်း၍၊ ဝင်ငွေခွန်ဥပဒေတွင် အဓိပ္ပာယ် ဖော်ပြချက် ရှိလျှင် ထိုဖော်ပြချက်အတိုင်း အဓိပ္ပာယ် သက်ဝင်စေရမည်။

### အခန်း ၂

### အစိုးရ၏ စီးပွားရေး အဖွဲ့အစည်းများအား စည်းကြပ်ခြင်း

၃။ ။အစိုးရ၏ စီးပွားရေးအဖွဲ့အစည်းများနှင့် စပ်လျဉ်း၍၊ ဝင်ငွေခွန် စည်းကြပ်ကောက်ခံခြင်းကို အောက်ပါအတိုင်းပြုလုပ်ရမည်-

(က) ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (က)တွင် မည်သို့ပင်ပါရှိစေကာမူ အစိုးရ၏ စီးပွားရေး အဖွဲ့အစည်းသည် ဝင်ငွေနှစ်အတွင်း ကြိုတင်၍ ဝင်ငွေခွန်ကို ထိုနှစ်အတွက် နိုင်ငံတော်၏ ရ-သုံးခန့်မှန်းခြေငွေစာရင်းတွင် ယင်းအဖွဲ့အစည်းအတွက် ဝင်ငွေခွန် လျာထားပေးသည့်အတိုင်း ပေးဆောင်ရမည်။ ယင်းသို့ပေးဆောင်ရာတွင် သုံးလတစ်ကြိမ် အရစ်ဖြင့် ပေးဆောင်ရမည်။ နိုင်ငံတော်၏ ရ-သုံးခန့်မှန်းခြေ ငွေစာရင်းအရ၊ အဆိုပါ ဝင်ငွေခွန် လျာထားချက် ပြောင်းလဲမှုရှိလျှင် ယင်းပြောင်းလဲလျာထားသည့်အတိုင်း ကျန်အရစ်များကို ပြန်လည်ညှိပြီး ပေးဆောင်ရမည်။ ထိုသို့ ကြိုတင်ပေးဆောင်သည့် ဝင်ငွေခွန်ကို သက်ဆိုင်ရာ စည်းကြပ်မှုတွင် ခုနှိမ်ပေးရမည်။

သို့ရာတွင် နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေ ငွေစာရင်းတွက် အဆိုပါ ဝင်ငွေခွန်ကို လျာထားရာ ၌ ကြိုတင်ပေးဆောင်ရန် အခွန်နှင့် ရှိးရှိး အခွန်ခွဲခြား

လျာထားမှုရှိလျှင် ကြိုတင်ပေးဆောင်ရန် ဝင်ငွေခွန်လျာထားချက်သာလျှင် ဤအပိုဒ်အကျုံးဝင်စေရမည်။

(ခ) ဥပဒေပုဒ်မ ၁၇ တွင်မည်သို့ပင် ပါရှိစေကာမူ အဆိုပါအဖွဲ့အစည်းသည်၊ သက်ဆိုင်ရာ ဝင်ငွေနှစ်အတွက် နှစ်ချုပ်စာရင်းများ ပြုစုပြီးသည့်နေ့မှ ရက်ပေါင်းသုံးဆယ်အတွင်း၊ ဝင်ငွေကြေညာလွှာကို စည်းကြပ်မှုအဖွဲ့ထံ ပေးပို့ရမည်။

(ဂ) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် အဆိုပါ အဖွဲ့အစည်းမှ ပေးပို့သော ဝင်ငွေ ကြေညာလွှာတွင် ဖော်ပြထားသည့် ဝင်ငွေကို လက်ခံ၍ ဝင်ငွေခွန် စည်းကြပ်ရမည်။

သို့ရာတွင် ယင်းသို့ဖော်ပြသည့် ဝင်ငွေမှာ အခွန်ပေးဆောင်ထိုက်သော ဝင်ငွေထက် လျော့နည်းနေသည်ဟု မြို့နယ်ဦးစီးဌာနမှူးက တွေ့ရှိလျှင် အခွန်ပေးဆောင် ထိုက်သော ဝင်ငွေကို သတ်မှတ်၍ အခွန်စည်းကြပ်နိုင်သည်။ ထို့ပြင် အစိုးရ၏ စာရင်းစစ်ဆေးခြင်း အစီအစဉ်အရ အဆိုပါ အဖွဲ့အစည်း၏ စာရင်းများကို စစ်ဆေးပြီးသောအခါ သက်ဆိုင်ရာနှစ်အတွက် ဝင်ငွေသည် မူလ ကြေညာထားသည့်ဝင်ငွေ သို့မဟုတ် မြို့နယ်အခွန်ဦးစီးဌာနမှူးက သတ်မှတ်သည့် ဝင်ငွေနှင့် ကွာခြားခဲ့လျှင် အဆိုပါ အဖွဲ့အစည်းသည် စာရင်းစစ်ဆေးချက် အစီရင်ခံစာရရှိပြီး ရက်ပေါင်းသုံးဆယ်အတွင်း အဆိုပါနှစ်အတွက် ဝင်ငွေကြေညာလွှာ အသစ်ကို စာရင်းစစ်ဆေးချက် အစီရင်ခံစာ မိတ္တူနှင့် အတူ ပေးပို့ရမည်။ ယင်းတို့ကို လက်ခံရရှိသည့်အခါ မြို့နယ်အခွန်ဦးစီးဌာနမှူး သည် သက်ဆိုင်ရာနှစ်အတွက် စည်းကြပ်မှုကို ဝင်ငွေကြေညာလွှာ အသစ်အရ ပြန်လည် ပြုလုပ်ရမည်။

(ဃ) ဥပဒေပုဒ်မ ၆ ပါသက်သာခွင့်များသည် အစိုးရ၏ စီးပွားရေး အဖွဲ့အစည်းများနှင့် အကျုံးမဝင်စေရ။

(င) အဆိုပါအဖွဲ့အစည်းအပေါ် စည်းကြပ်ကောက်ခံခြင်းနှင့် စပ်လျဉ်းသည့် ကျန်ကိစ္စရပ်များ အတွက် အစိုးရက ဤကိစ္စအတွက် တာဝန်လွှဲသောသူက အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း ၃

## သမဝါယမအသင်းများအား စည်းကြပ်ခြင်း

၄။ ။(က) သမဝါယမအသင်း ဥပဒေအရ ဖွဲ့စည်းထားသော သမဝါယမအသင်း၏ စုစုပေါင်း ဝင်ငွေကို ယင်းဥပဒေအရ၊ စာရင်းစစ် အစီအရင်ခံစာအပေါ် အခြေပြု၍ တွက်ချက်ရမည်။ ယင်းသို့ တွက်ချက်ရာတွင် အောက်ပါတို့ကို နုတ်ပေးရမည်-

(၁) သမဝါယမအသင်း ဥပဒေပုဒ်မ ၂၂ အရ၊ ပြဋ္ဌာန်းထားသော ရန်ပုံငွေများသို့ ထည့်ဝင်ငွေနှင့် ဝင်ငွေခွန်တို့မှအပ ယင်းဥပဒေ နှင့်အညီ ခုနှိမ်ခွင့်ရှိ သော အခြားအသုံးစရိတ်များအားလုံး၊

(၂) အဆိုပါ အသင်းပိုင် 'မ-တည်' ပစ္စည်းအပေါ် အဆိုပါ ဥပဒေအရ ခုနှိမ်ခွင့်ရှိသည့် ပစ္စည်းတန်ဖိုးလျော့ငွေ၊

(၃) အဆိုပါ ဥပဒေအရ၊ ပြဋ္ဌာန်းသတ်မှတ်ထားသည့် ရန်ပုံငွေများသို့ ထည့်ဝင်ငွေများအနက် အောက်ပါတို့ကို ယှဉ်တွဲဖော်ပြထားသည့် နှုန်းများဖြင့် တွက်ချက်၍ ရသည့်ငွေများ-

(ကက) ပင်စင်ရန်ပုံငွေသို့ ထည့်ဝင်ငွေ၊ လစာကုန်ကျစရိတ်၏ တစ်ဆယ်ရာခိုင်နှုန်း၊

( ခခ ) လူမှုရေးနှင့် ယဉ်ကျေးမှု ရန်ပုံငွေ၊ အဆိုပါ ဥပဒေအရ တွက်ချက် ရသော အကျိုးငွေ၏ တစ်ဆယ်ရာခိုင်နှုန်း၊

(၄) အပိုဒ်(၂)နှင့် (၃)တို့တွင် အကျုံးမဝင်သော ရန်ပုံငွေတစ်ရပ်ရပ်မှ ထုတ်ပေးသည့်အသုံးစရိတ်၊ သို့ရာတွင် 'မ-တည်' စရိတ်နှင့် ဝင်ငွေခွန် ပေးသွင်းငွေ မဖြစ်စေရ။

(ခ) ဥပဒေပုဒ်မ ၁၆ တွင် မည်သို့ပင်ပါရှိစေကာမူ အဆိုပါအသင်းသည် ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (က)အရ၊ ဝင်ငွေကြေညာလွှာ တင်သွင်းသည့် အချိန်တွင် ဤစည်းမျဉ်း (က)ပါအတိုင်း တွက်ချက်ရရှိသည့် စုစုပေါင်းဝင်ငွေ အပေါ် သက်ဆိုင်ရာ စည်းကြပ်နှစ်နှင့် ဆိုင်သော နှုန်းများဖြင့် တွက်ချက်၍ ရရှိသော အခွန်ကို တစ်ကြိမ်တည်း အကြေပေးဆောင်ရမည်။ ယင်းသို့ ပေးဆောင်သော အခွန်သည် ဥပဒေပုဒ်မ ၁၆ အရ ကြိုတင်ပေးသော ဝင်ငွေခွန် ဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) အဆိုပါ အသင်းအပေါ် စည်းကြပ်ကောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အခြား ကိစ္စရပ်များကို ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း ၄

## စီမံကိန်း စသည့်တို့တွင် ပါဝင်သည့် နိုင်ငံခြားသားများနှင့် နိုင်ငံခြား အဖွဲ့အစည်းများအား စည်းကြပ်ခြင်း

၅။ ။(က) အစိုးရ၏ သို့မဟုတ် အစိုးရက ကမကထ ပြုသောစီမံကိန်းလုပ်ငန်း၊ သို့မဟုတ် လုပ်ဆောင်မှုတစ်ရပ်ရပ်၌၊ အစိုးရ၏ သဘောတူညီခွင့်ပြုချက်ဖြင့် ပါဝင်ဆောင်ရွက်သည် နိုင်ငံခြားသားအား အောက်ပါအတိုင်း ဝင်ငွေခွန် စည်းကြပ်ရမည်-

(၁) အဆိုပါကိစ္စအလို့ငှာ၊ ထိုသူ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင် သည့် ကာလအတွင်း၊ ယင်းကိစ္စအတွက် ရရှိသော ဝင်ငွေအပေါ် နိုင်ငံတော်၏ ဘဏ္ဍာငွေအရ-အသုံးဆိုင်ရာ ဥပဒေအရ သီးခြားသတ် မှတ်သော နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်၊

(၂) ထိုသူ၌ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ဥပဒေနှင့် အကျုံးဝင်သော အဆိုပါကိစ္စနှင့် မသတ်ဆိုင်သည့် အခြားဝင်ငွေရှိခဲ့လျှင်၊ ထိုဝင်ငွေ အပေါ်တွင်အခြားအခွန်ထမ်းများနည်းတူ ဝင်ငွေအမျိုးအစားအလိုက် ဆိုင်ရာနှုန်းများဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်၊

(၃) ဥပဒေပုဒ်မ ၃ ပုဒ်မခွဲ (ဌ)နှင့် (ပ) တို့တွင် မည်သို့ပင် ပါရှိစေကာမူ ထိုသူက ပြည်ပတွင် ရရှိသော ဖော်ပြပါကိစ္စနှင့် မသက်ဆိုင်သည့် ဝင်ငွေသည် ဥပဒေပုဒ်မ ၂၆ နှင့်အကျုံးဝင်မှသာ ဥပဒေအရ စည်းကြပ်ပိုင်ခွင့် ရှိရမည်။

(၄) ထိုသူအပေါ် စည်းကြပ်ကောက်ခံခြင်းနှင့် စပ်လျဉ်းသည့် ကျန်ကိစ္စရပ် များအတွက် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ ဆောင်ရွက်ရမည်။

(ခ) အစိုးရ၏၊ သို့မဟုတ် အစိုးရက ကမကထပြုသော စီမံကိန်းလုပ်ငန်း၊ သို့မဟုတ် လုပ်ဆောင်မှုတစ်ရပ်ရပ်၌ အစိုးရ၏ သဘောတူညီခွင့်ပြုချက်ဖြင့် ပါဝင် ဆောင်ရွက်သည့် နိုင်ငံခြားတွင် ဖွဲ့စည်းသော ပုဂ္ဂိုလ်စုအား အောက်ပါအတိုင်း ဝင်ငွေခွန် စည်းကြပ်ရမည်-

(၁) ထိုပုဂ္ဂိုလ်စု၏ အဆိုပါကိစ္စမှ ရရှိသော ဝင်ငွေကို နည်းဥပဒေ ၁၀ အရ၊ တွက်ချက်၍ ယင်းဝင်ငွေခွန်အပေါ်တွင် နိုင်ငံတော်၏ ဘဏ္ဍာငွေအရ-အသုံးဆိုင်ရာ ဥပဒေအရ သီးခြားသတ်မှတ်သော နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်၊

(၂) ထိုပုဂ္ဂိုလ်စု၌ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း ဥပဒေနှင့် အကျုံး ဝင်သော အဆိုပါကိစ္စနှင့် မသက်ဆိုင်သည့်အခြား ဝင်ငွေရှိခဲ့လျှင် ထိုဝင်ငွေအပေါ် အခြားအခွန်ထမ်းများနည်းတူ ဝင်ငွေအမျိုးအစား အလိုက် ဆိုင်ရာနှုန်းများဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်၊

(၃) ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ဌ) နှင့် (ပ)တို့တွင် မည်သို့ပင် ပါရှိစေကာမူ ထိုပုဂ္ဂိုလ်စုက ပြည်ပတွင် ရရှိသော အဆိုပါကိစ္စနှင့် မသက်ဆိုင်သည့် ဝင်ငွေသည် ဥပဒေပုဒ်မ ၂၆နှင့် အကျုံးဝင်မှသာလျှင် ဥပဒေအရ စည်းကြပ်ပိုင်ခွင့် ရှိရမည်၊

(၄) ထိုပုဂ္ဂိုလ်စုအပေါ် စည်းကြပ်ကောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အခြား ကိစ္စရပ်များအတွက် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီဆောင်ရွက် ရမည်။

(ဂ) ဥပဒေပုဒ်မ ၆ ပါသက်သာခွင့်များသည် ဤစည်းမျဉ်းနှင့် သက်ဆိုင်သော အခွန်ထမ်းများနှင့် အကျုံးမဝင်စေရ။

**အခန်း ၄-က**

## လုပ်ငန်းရပ်စဲသူနှင့် စပ်လျဉ်း၍ အခွန်စည်းကြပ်ရန်နည်းလမ်းများ

၅-က။ (က) အခွန်ပေးဆောင်ထိုက်သူ တစ်ဦးသည် မိမိ၏လုပ်ငန်းကို ရပ်စဲလျှင်၊ လုပ်ငန်း

ရပ်စဲသည့်နေ့အထိ အခွန်စည်းကြပ်ရန်ရှိသောကာလအတွက် ဝင်ငွေ ကြေညာလွှာကို လုပ်ငန်းရပ်စဲသည့် နေ့မှတစ်လအတွင်း မြို့နယ်အခွန် ဦးစီးဌာနမှူးထံ ပေးပို့ရမည်။

(ခ) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် သူတစ်ဦး၏ လုပ်ငန်းကို ရပ်စဲကြောင်းတွေ့ ရှိလျှင် ထိုသူအား ဝင်ငွေကြေညာလွှာပေးပို့ရန် အကြောင်းကြားနိုင်သည်။ ထိုအကြောင်းကြားစာကို ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ(ခ) အရ ပေးပို့ အကြောင်းကြားစာ ဖြစ်ဘိသကဲ့သို့ မှတ်ယူရမည်။

(ဂ) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် လုပ်ငန်းရပ်စဲသူအပေါ် အခွန်စည်းကြပ်ခြင်း နှင့်စပ်လျဉ်း၍ဥပဒေပုဒ်မ ၁၉ပါပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ဤစည်းမျဉ်းအရ စည်းကြပ်ရာ၌ ဝင်ငွေနှစ်ကို စည်းကြပ်နှစ်ဟု မှတ်ယူ၍ ဝင်ငွေနှစ်အတွင်း တည်ဆဲအခွန်နှုန်း များဖြင့် တွက်ချက်တောင်းခံရမည်။

(င) လုပ်ငန်းရပ်စဲသူအပေါ် စည်းကြပ်ကောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အခြားကိစ္စ ရပ်များကို ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း ၄-ခ

## နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိသူများအား စည်းကြပ်ခြင်း

၅-ခ။ အစိုးရသည် နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိသူတစ်ဦးဦး၊ သို့မဟုတ် နိုင်ငံခြားငွေဖြင့်

ဝင်ငွေရရှိသူ တစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ အခွန်ကို နိုင်ငံခြားငွေဖြင့် ပေးဆောင်စေရန် သတ်မှတ် နိုင်သည်။ ယင်းသို့ သတ်မှတ်သည့်အခါ စည်းကြပ်ကောက်ခံမှုကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိသူသည် နှစ်တစ်နှစ်အတွင်း မိမိရရှိသည့် စုစုပေါင်း ဝင်ငွေကိုခန့်မှန်းတွက်ချက်၍ အခွန်စည်းကြပ်ထိုက်သော စုစုပေါင်းဝင်ငွေရှိ လျှင် ယင်းအပေါ်ကျသင့်သည့် အခွန်ကို မိမိရရှိသည့် နိုင်ငံခြားငွေဖြင့် ဥပဒေပုဒ်မ ၁၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပေးဆောင်ရမည်။ ဤ စည်းမျဉ်းခွဲ နှင့် စည်းမျဉ်းခွဲ (စ)မှ အပ ဤစည်းမျဉ်းပါ ကိစ္စများအတွက် စုစုပေါင်းဝင်ငွေကို တွက်ချက်ဖော်ပြရာတွင် လည်းကောင်းကျသင့်သည့် အခွန်ကို တွက်ချက်ဖော်ပြရာတွင် လည်းကောင်း၊ အခွန်ထမ်းရရှိသည့်နိုင်ငံခြားငွေကိုထိုနိုင်ငံခြားငွေရရှိသည့်နေ့၏ တရားဝင် ငွေလဲလှယ်နှုန်းအရ ကျပ်ငွေဖြင့် တန်ဖိုးဖြတ်၍ တွက်ချက်ဖော်ပြရမည်၊

(ခ) ဤစည်းမျဉ်းနှင့် အကျုံးဝင်သူ မည်သူမဆိုဝင်ငွေနှစ်အတွင်း အခွန်စည်းကြပ် ထိုက်သည့် စုစုပေါင်းဝင်ငွေရရှိလျှင် ထိုဝင်ငွေနှစ်အတွက် မိမိ၏ ဝင်ငွေ

ကြေညာလွှာကိုဝင်ငွေနှစ်ကုန်ဆုံးပြီးသုံးလအတွင်း မြို့နယ်အခွန် ဦးစီးဌာနမှူးထံ ပေးပို့ရမည်၊

(ဂ) ဤစည်းမျဉ်းနှင့် အကျုံးဝင်သူမည်သူ့အားမဆို ယင်း၏ ဝင်ငွေကြေညာလွှာကို ပေးပို့ရန် မြို့နယ်အခွန်ဦးစီးဌာနမှူးက အကြောင်းကြားနိုင် သည်။ ယင်းအကြောင်းကြားစာကို ဥပဒေပုဒ်မ ၁၇ ပုဒ်မခွဲ (ခ) အရ ပေးပို့သည့် အကြောင်းကြားစာ ဖြစ်ဘိသကဲ့သို့ မှတ်ယူရမည်၊

(ဃ) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ဤစည်းမျဉ်းနှင့် အကျုံးဝင်သူအပေါ် အခွန်စည်းကြပ်ခြင်းနှင့် စပ်လျဉ်း၍ ဥပဒေပုဒ်မအရ ၁၉ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်၊

(င) ဤစည်းမျဉ်းအရ စည်းကြပ်သည့် အခွန်ကို တရားဝင် ငွေလဲလှယ်နှုန်းအရ တွက်ချက်၍ အခွန်ထမ်း ရရှိသည့် နိုင်ငံခြား ငွေဖြင့် တောင်းခံရမည်။ ယင်းသို့ တွက်ချက်ရာတွင် ဝင်ငွေကို သက်ဆိုင်ရာ ဝင်ငွေနှစ် အတွင်း တစ်ကြိမ်တည်းဖြင့် ရရှိခဲ့ခြင်း ဖြစ်ပါက ယင်းငွေရရှိသည့်နေ့၏ တရားဝင်ငွေလဲလှယ်နှုန်းဖြင့် လည်းကောင်း၊ တစ်ကြိမ်ထက်ပိုမိုရရှိခဲ့ခြင်း ဖြစ်ပါက ထိုသို့ ရရှိသည့်နေ့ အသီးသီး၏ တရားဝင်ငွေလဲလှယ်နှုန်းများကို ပျမ်းမျှခြင်းပြုလုပ်၍ ယင်းပျမ်းမျှ နှုန်းဖြင့်လည်းကောင်း တွက်ချက်တောင်းခံရမည်။ အခွန်ထမ်း၏ စုစုပေါင်း ဝင်ငွေတွင် နိုင်ငံခြားငွေအပြင် ကျပ်ငွေဖြင့် ဝင်ငွေလည်းပါဝင်ပါက စုစုပေါင်း ဝင်ငွေအပေါ် ကျသင့်အခွန်အနက် နိုင်ငံခြားငွေဖြင့်ပေးဆောင်ရန်အခွန်ကို စုစုပေါင်းဝင်ငွေတွင် နိုင်ငံခြားငွေဖြင့် ဝင်ငွေပါဝင်မှု အချိုးအတိုင်း သတ်မှတ်၍ လည်းကောင်း၊ ကျန်အခွန်ကို ကျပ်ငွေဖြင့် သတ်မှတ်၍ လည်းကောင်း တောင်းခံရမည်။

(စ) ဤစည်းမျဉ်းနှင့် အကျုံးဝင်သူအား ဥပဒေပုဒ်မ ၃၇ အရ အခွန် ပြန်အမ်းရန်ရှိပြီး ယင်းသို့ ပြန်အမ်းငွေကို နိုင်ငံခြားငွေဖြင့် ပြန်အမ်းရန်ဖြစ်ပါက ထိုပြန်အမ်းရန်ငွေကို ပြန်အမ်းငွေရရန် အကြောင်းကြားစာ ရရှိသည့်နှစ်အတွင်း ထိုသူ နိုင်ငံခြားငွေဖြင့် ပေးဆောင်ရန်ရှိသော အခွန်မှ ခုနှိမ်ပေးရမည်။ ထိုသို့ခုနှိမ်ပေးပြီးနောက် ပြန်အမ်းရန် ငွေကျန်ရှိနေသေးလျှင် ဖြစ်စေ၊ အဆိုပါနှစ်အတွင်း နိုင်ငံခြားငွေဖြင့် အခွန်ပေးဆောင်ရန် မရှိခြင်းကြောင့် ပြန်အမ်းငွေကို ခုနှိမ်နိုင်ခြင်းမရှိလျှင် ဖြစ်စေ ထိုပြန်အမ်းရန်ကျန်ငွေသို့မဟုတ် ပြန်အမ်းရန်ငွေ ကို ကျပ်ငွေဖြင့် ပြန်အမ်းရမည်၊

(ဆ) ဤစည်းမျဉ်းပါ ပြဋ္ဌာန်းချက်များသည် ပြည်ပနေ နိုင်ငံသား၏ ပြည်ပတွင် ရရှိသော ဝင်ငွေနှင့် မသက်ဆိုင်စေရ၊

(ဇ) နိုင်ငံခြားငွေဖြင့် ဝင်ငွေ ရရှိသူများအား အခွန်စည်းကြပ်တောင်းခံခြင်းနှင့် စပ်လျဉ်း၍ ကျန်ကိစ္စရပ်များကို ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ ဆောင်ရွက်ရမည်။အခြားလိုအပ်ချက်များပေါ်ပေါက်လာလျှင် ယင်းတို့အတွက် အစိုးရကညွှန်ကြားချက်များနှင့် ထုတ်ပြန်နိုင်သည်။

## အခန်း ၄-က

## ယာယီစည်းကြပ်မှု ပြုလုပ်ခြင်း

၅-က။ (က) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် အခွန်ထမ်းထံမှ ဝင်ငွေကြေညာလွှာရရှိသည့် အခါယင်းကြေညာလွှာကိုလက်ခံ၍လည်းကောင်း၊ ယင်းကြေညာလွှာနှင့်အတူ စာရင်းရှင်းတမ်းများပါရှိလျှင် ယင်းစာရင်းရှင်တမ်းများကို အခြေပြု၍ လည်းကောင်း၊ ယာယီစည်းကြပ်မှုကို ပြုလုပ်နိုင်သည်။ ယာယီစည်းကြပ်မှု အရကျသင့်သည့် အခွန်ငွေမှ ဥပဒေပုဒ်မ ၁၆ အရ ပေးဆောင်ပြီးသည့် ငွေကိုခုနှိမ်ပေးရမည်၊

(ခ) ယာယီစည်းကြပ်မှုအရ အခွန်ထမ်းဆောင်ရမည့် အခွန်ကို ဥပဒေပုဒ်မ ၅၃ ပါ နည်းလမ်းများအတိုင်း တောင်းခံရမည်။ ယင်းအခွန်ကို အခွန်ထမ်းက ပေးဆောင်ရန် ပျက်ကွက်လျှင် ဥပဒေပုဒ်မ ၃၉ နှင့် ပုဒ်မ ၄၀ တွင်ပြဋ္ဌာန်းထားသည့် အတိုင်း အရကောက်ခံနိုင်သည်၊

(ဂ) ဤစည်းမျဉ်းအရ ယာယီစည်းကြပ်မှု ပြုလုပ်သည့် ကိစ္စတွင် ပုံမှန်စည်းကြပ်မှု ကို ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ ဆောလျင်စွာ ပြုလုပ်ရမည်၊

(ဃ) ဤစည်းမျဉ်းအရပြုလုပ်သည့် ယာယီစည်းကြပ်မှုနှင့် စပ်လျဉ်း၍အယူခံဝင်ခွင့် မရှိစေရ။

## အခန်း ၅

## အခွန်ထမ်း၏ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခွင့် ရှိသူများ

၆။ ။(က) ဥပဒေပါကိစ္စရပ်များအလို့ငှာ ဥပဒေအရ၊ အခွန်ထမ်းကိုယ်တိုင် ဆောင်ရွက် ရန်လိုအပ်သည့် ကိစ္စမှတစ်ပါး အောက်ပါတို့သည် အခွန်ထမ်း၏ ကိုယ်စားလှယ် အဖြစ် ဆောင်ရွက်ခွင့်ရှိစေရမည်-

(၁) အခွန်ထမ်းက စာဖြင့် ကိုယ်စားလှယ် ခန့်အပ်သော ယင်း၏ဆွေမျိုး တော်စပ်သူ၊ သို့မဟုတ်ယင်း၏ အလုပ်သမား၊

(၂) တရားစီရင်ရေးအဖွဲ့တစ်ခုခုတွင် ဆောင်ရွက်ခွင့် ရှိသည့်ရှေ့နေ၊

(၃) အစိုးရက အသိအမှတ်ပြုခြင်းခံရသော စာရင်းကိုင်၊ သို့မဟုတ် စာရင်းစစ်၊

(၄) အောက်ပါအရည်အချင်းတစ်ခုခုနှင့်ပြည့်စုံသည့်ဝင်ငွေခွန်ရှေ့ဆောင်-

(ကက) ပြည်ထောင်စု မြန်မာနိုင်ငံတော် တက္ကသိုလ်တစ်ခုခု၊ သို့မဟုတ်အစိုးရကအသိအမှတ်ပြုသော နိုင်ငံခြားတက္ကသိုလ် တစ်ခုခုမှ ဝါဏိဇ္ဇဝိဇ္ဇာဘွဲ့ ဖြစ်စေ၊ စာရင်းအင်းပညာ၊

သို့မဟုတ် အခွန် ဘဏ္ဍာ ပညာ အဓိကဖြင့် အောင်မြင်သော ဘောဂဗေဒ ဝိဇ္ဇာဘွဲ့ဖြစ်စေ၊ ယင်းဘွဲ့တို့ထက် မနိမ့်သော အလားတူဘွဲ့ ဖြစ်စေ၊ ရရှိသူ၊

(ခခ) ပြည်တွင်း အခွန်များ ဦးစီးဌာန၊ သို့မဟုတ် ယင်းဦးစီးဌာနက ဆက်ခံသော အခွန်ဌာန တစ်ခုခု၌ လုပ်သက်အနည်းဆုံး ၅နှစ်ရှိ၍ ဤကိစ္စအတွက် အစိုးရက တာဝန်လွှဲအပ်သော သူက သတ်မှတ်သည့် အရည်အချင်းနှင့် ပြည့်စုံသူ၊

သို့ရာတွင် ဤအပိုဒ်တွင် ဖော်ပြသော လုပ်သက်နှင့် စပ်လျဉ်း၍ ဤကိစ္စ အတွက် အစိုးရက တာဝန်လွှဲအပ်သော သူသည် လုံလောက်သော အကြောင်းရှိလျှင် လျှော့ပေါ့ ပေးနိုင်သည်။

(၅) ဤစည်းမျဉ်းအရ၊ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခွင့် ရှိသူတို့တွင် အောက်ပါတို့မပါဝင်စေရ-

(ကက) အစိုးရဌာန တစ်ခုခုမှ ထုတ်ပယ်ခြင်း ခံရသည့် ဝန်ထမ်း၊

( ခခ ) စာရိတ္တနှင့် ပတ်သက်၍ ချို့ယွင်းမှုတစ်ခုခုကြောင့် ဤကိစ္စ အတွက် အစိုးရက တာဝန်လွှဲအပ်သောသူက အခွန်ထမ်း၏ ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်ခွင့်မရှိကြောင်း အမိန့်ချမှတ် ထားခြင်းခံရသူ။

(ခ) မည်သူမဆို စာရိတ္တနှင့်ပတ်သက်၍ ချို့ယွင်းမှုတစ်ခုခု ရှိလျှင် ဤကိစ္စအတွက် အစိုးရက တာဝန်လွှဲအပ်သောသူက ထိုသူသည် အခွန်ထမ်း၏ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခွင့်မရှိကြောင်း အမိန့်ချမှတ်နိုင်သည်။

သို့ရာတွင် ထိုသို့အမိန့်ချမှတ်ခြင်းမပြုမီ သက်ဆိုင်သူအား ဖြေရှင်းခွင့် ပေးရမည်။

## **အခန်း ၆**

## **စည်းကြပ်ရာဒေသသတ်မှတ်ခြင်း**

၇။ ။(က) စည်းကြပ်မှုအဖွဲ့ သို့မဟုတ် အယူခံအဖွဲ့သည် ယင်းအဖွဲ့အား တာဝန်ပေးအပ်ခြင်း ခံရသည့်ဒေသအတွင်း၌ တည်ရှိသော စီးပွားရေးနှင့် အသက်မွေးဝမ်းကြောင်း ပညာလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဥပဒေပါကိစ္စအလို့ငှာ ဆောင်ရွက်ပိုင်ခွင့်ရှိရမည်။ သို့ရာတွင် အခွန်ထမ်းတစ်ဦး၏ လုပ်ငန်းသည် ဒေသတစ်ခုထက်ပိုပြီး ကွဲပြားတည်ရှိလျှင် အဓိကလုပ်ငန်းတည်ရှိရာဒေသ နှင့်ဆိုင်သော အဖွဲ့က ဆောင်ရွက်ရမည်။

(ခ) ပစ္စည်းခေါင်းစဉ်မှ ဝင်ငွေအတွက် ပစ္စည်းတည်ရှိရာ ဒေသနှင့်ဆိုင်သည့် အဖွဲ့က လည်းကောင်း၊လစာခေါင်းစဉ်မှ ဝင်ငွေအတွက် လစာရရှိသောအလုပ်ခွင် တည်ရှိရာဒေသနှင့် ဆိုင်သည့် အဖွဲ့ကလည်းကောင်း ဆောင်ရွက်ရမည်။

(ဂ) အခွန်ထမ်းတစ်ဦး၌ ဝင်ငွေရလမ်းတစ်ခုထက် ပိုမိုရှိလျှင် အဓိကဝင်ငွေရလမ်းတည်ရာ ဒေသနှင့် ဆိုင်သည့်အဖွဲ့က ဆောင်ရွက်ရမည်။

(ဃ) အခြားကိစ္စရပ်များတွင်လည်းကောင်း၊ ဤစည်းမျဉ်းခွဲ (က)၊ (ခ) နှင့် (ဂ) တို့ အရ လက်တွေ့ဆောင်ရွက်ရာ၌ ခက်ခဲသည့်ကိစ္စများတွင် လည်းကောင်း အခွန်ထမ်းနေထိုင်ရာ ဒေသနှင့် ဆိုင်သည့်အဖွဲ့က ဆောင်ရွက်ရမည်။

(င) စည်းကြပ်ရာဒေသနှင့် စပ်လျဉ်းပြီး အငြင်းပွားချက်ရှိလျှင် ဤကိစ္စအတွက် အစိုးရက တာဝန်လွှဲအပ်သောသူ၏ အဆုံးအဖြတ်သည် အပြီးသတ်အတည်ဖြစ်ရမည်။ သို့ရာတွင် ထိုသို့ ဆုံးဖြတ်ခြင်း မပြုမီ အခွန်ထမ်းအား ပြောရေးဆိုခွင့် ပေးရမည်။

(စ) ဤစည်းမျဉ်းခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ) နှင့် (င) တို့တွင် မည်သို့ပင် ပါရှိစေကာမူ မည်သည့်လုပ်ငန်း သို့မဟုတ် အခွန်ထမ်းနှင့် စပ်လျဉ်း၍မဆို စည်းကြပ်မှု သို့မဟုတ် အယူခံအဖွဲ့များ သည် စည်းကြပ်မှုအမိန့်ချမှတ်ခြင်းနှင့် အယူခံအမိန့်ချမှတ်ခြင်း မဟုတ်သော ဥပဒေပါ အခြားကိစ္စ ရပ်များအားလုံးကို ဆောင်ရွက်ပိုင်ခွင့်ရှိစေရမည်။

## အခန်း ၇

## မြန်မာနိုင်ငံမှ ထွက်ခွာသွားမည့်သူများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရန်နည်းလမ်းများ

၈။ ။(က) မည်သူမဆို ပြည်ထောင်စုမြန်မာနိုင်ငံမှ ပြည်ပသို့ခေတ္တဖြစ်စေ၊ အပြီးအပိုင်ဖြစ်စေ ထွက်ခွာသွားလိုလျှင် မိမိသည် အခွန်ပေးဆောင်ရန် တာဝန်မရှိကြောင်း သို့မဟုတ် တာဝန်ရှိသည့် အခွန်ကို ပေးဆောင်ရန် ကျေနပ်လောက်အောင် စီမံပြီးကြောင်း ထောက်ခံစာထုတ်ပေးရန် သက်ဆိုင်ရာ စည်းကြပ်မှုအဖွဲ့ထံသို့ စာဖြင့်လျှောက်ထားရမည်။ ထောက်ခံစာထုတ်ပေးရန် လျှောက်ထားသူသည် ဝင်ငွေခွန်ဥပဒေအရ တစ်ကြိမ်တစ်ခါမျှ အခွန်စည်းကြပ်ခြင်း မခံရဖူးသူဖြစ်လျှင် ဥပဒေအရ စည်းကြပ်မှု ဖွင့်လှစ်ဆောင်ရွက်နိုင်သည့် ဝင်ငွေနှစ်များအတွင်း ထိုသူ၌စည်းကြပ်နိုင်သည့် ဝင်ငွေ ရှိ-မရှိ စည်းကြပ်မှု အဖွဲ့က စိစစ်ရမည်။ မည်သည့်နှစ်အတွက်မဆို အခွန်စည်းကြပ်ရန်အကြောင်းရှိကြောင်း တွေ့ရှိလျှင် ထိုသူအား ယင်းနှစ် သို့မဟုတ် နှစ်များအတွက် စည်းကြပ်မှုကို ပြုလုပ်ရမည်။

(ခ) ထောက်ခံစာထုတ်ပေးရန် လျှောက်ထားသူအား အခွန်စည်းကြပ်ရန်ရှိလျှင် စည်းကြပ်မှုများကို ပြီးပြတ်အောင် ဆောင်ရွက်ရမည်။ ဝင်ငွေကြေငြာလွှာ တင်သွင်းထားခြင်း မရှိသေးသော စည်းကြပ်မှုများရှိလျှင် အခွန်ထမ်းအား ဥပဒေပုဒ်မ ၁၇ ပုဒ်မခွဲ (ခ)အရ ဖြစ်စေ၊ ပုဒ်မ ၂၁ အရ ဖြစ်စေ ဆိုင်ရာအကြောင်းကြားစာကို အတည်ပြု၍ ခုနှစ်ရက်ထက်မနည်းသော ကာလအတွင်း ဝင်ငွေ ကြေငြာလွှာကို တင်သွင်းစေနိုင်သည်။

(ဂ) နှစ်ပြည့်ဖြစ်သော နောက်ဆုံးဝင်ငွေနှစ်ကုန်ဆုံးသည့်နေ့မှ အခွန်ထမ်း မြန်မာနိုင်ငံမှ ထွက်ခွာသွားမည်ဟု ခန့်မှန်းသည့်နေ့အထိ ကာလအပိုင်းအခြားအတွက် အခွန်ထမ်း၏ စုစုပေါင်း ဝင်ငွေကို ခန့်မှန်း၍ လက်ရှိဘဏ္ဍာနှစ်အတွက် သတ်မှတ်ထားသည့် နှုန်းဖြင့် စည်းကြပ်ရမည်။ အခွန်ထမ်း မြန်မာနိုင်ငံမှ ထွက်ခွာသွားမည်ဟု ခန့်မှန်းသည့်နေ့သည် လက်ရှိဘဏ္ဍာနှစ် ကုန်ဆုံးသည့် နေ့ထက် ကျော်လွန်မည်ဆိုလျှင် လက်ရှိဘဏ္ဍာနှစ်အတွက် စည်းကြပ်မှုအပြင် ယင်းနှစ်ကုန်ဆုံးပြီးနောက် တစ်နေ့မှ အခွန်ထမ်း မြန်မာနိုင်ငံမှ ထွက်ခွာသွားမည်ဟု ခန့်မှန်းသည့်နေ့အထိ ကာလအပိုင်းအခြား အတွက်ပါ ခွဲခြားပြီး သီးခြားစည်းကြပ်မှုများ ပြုလုပ်ရမည်။ ယင်းသို့ စည်းကြပ်ရာတွင် လက်ရှိ ဘဏ္ဍာနှစ်အတွက် သတ်မှတ်ထားသည့်နှုန်းဖြင့်အခွန်ငွေကိုတွက်ချက်ရမည်။ထိုသို့စည်းကြပ်နိုင်ရန် အခွန်ထမ်း အား ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (ခ)အရ အကြောင်းကြားစာကို အတည်ပြု၍ ခုနှစ်ရက်ထက် မနည်းသော ကာလအတွင်း ဝင်ငွေကြေငြာလွှာကို တင်သွင်းစေနိုင်သည်။

(ဃ) ထောက်ခံစာထုတ်ပေးရန်လျှောက်ထားသူအပေါ်တွင် အခွန်စည်းကြပ်ရန်ရှိသော်လည်း မြန်မာနိုင်ငံမှ ထိုသူမထွက်ခွာမီ စည်းကြပ်မှုအားလုံးကို ပြီးပြတ်အောင် ဆောင်ရွက်နိုင် မည့် အခြေအနေမရှိလျှင်၊ ထိုသူ ပြည်ထောင်စု မြန်မာနိုင်ငံမှထွက်ခွာ သွားပြီးနောက် ထိုသူအား စည်းကြပ်မှုပြုလုပ်ရန် လိုအပ်မည့် ကိစ္စရပ်များ ကိုဆောင်ရွက်ထားရမည်။ ထို့ပြင်ကျသင့်မည့် အခွန်ငွေများ ကောက်ခံရရှိရန် လုံလောက်သော စီမံမှုများကိုလည်း ပြုလုပ်ထားရှိရမည်။

(င) စည်းကြပ်မှုအဖွဲ့သည် လျှောက်ထားသူအား ပုံစံ "က " တွင်ဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ (က)၌ ပြဋ္ဌာန်းသည့် သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့် ရှိသူထံ သို့ လိပ်မူလျက် သင့်တော်သော စာပိုဒ်ကို အသုံးပြုပြီး၊ ယင်းပုံစံကို ထုတ်ပေးရမည်။

(စ) အပိုဒ်(င) ပါပုံစံ "က" ကို ရရှိသောအခါ၊ ပြည်ပသို့ ထွက်ခွာလိုသူသည် ဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ (က) တွင်ပြဋ္ဌာန်းထားသည့် သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူထံသို့ အဆိုပါပုံစံ "က"ကို ပုံစံ "ခ"နှင့် တွဲလျက် တင်သွင်းရမည်။ သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့် ရှိသူသည် လိုအပ်သည်များကို စိစစ်ဆောင်ရွက်ပြီး ပုံစံ "ဂ" ဖြင့် သက်သေခံလက်မှတ်ကို ထုတ်ပေးရမည်။

(ဆ) အောက်ဖော်ပြပါ ပုဂ္ဂိုလ်တို့သည် မြန်မာနိုင်ငံမှ ပြင်ပသို့ ထွက်ခွာလိုလျှင် ဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ (က) တွင်ပြဋ္ဌာန်းထားသည့် သက်သေခံ လက်မှတ်ကိုရယူရန် မလိုစေရ-

(၁) အသက်တစ်ဆယ့်ရှစ်နှစ်အောက် ပုဂ္ဂိုလ်များ၊

(၂) ခရီးစဉ်အရသာ ဖြတ်သန်းသွားလာခြင်းပြုသော တောက်လျှောက် လက်မှတ် ကိုင်ဆောင်သူ ခရီးသည်များနှင့် မြန်မာနိုင်ငံပြင်ပမှ အပြန်လက်မှတ်ကို ရယူ လာပြီး၊ မြန်မာနိုင်ငံတွင် နေထိုင်သော စုစုပေါင်းကာလသည် ရက်ပေါင်း ကိုးဆယ်ထက် မပိုသည့် ခရီးသည်များ၊

(၃) ပြည်ထောင်စုမြန်မာနိုင်ငံသို့လာရောက်တာဝန်ထမ်းဆောင်နေသည့် နိုင်ငံခြား တိုင်းပြည်များမှ အမျိုးမျိုးသော သံတမန်များ၊ သံတမန်အဆင့်ဝင် ပုဂ္ဂိုလ်များ နှင့် ယင်းတို့၏ အိမ်ထောင်ဖက်များ၊

(၄) အထက်ပါ သံတမန်များ၏ ရုံးအမှုထမ်းများနှင့် ယင်းတို့၏ အိမ်ထောင်ဖက်များ(ထိုရုံးအမှုထမ်းများသည် ယင်းတို့ကိုယ်စားပြုသောတိုင်းပြည်၏နိုင်ငံသားဖြစ်၍ ထိုနိုင်ငံအစိုးရ၏ အချိန်ပြည့် အမှုထမ်းများဖြစ်ပြီး၊ မြန်မာနိုင်ငံတွင် အခြားအကျိုးစီးပွားဖြစ်ထွန်းစေသည့် လုပ်ငန်းဆောင်တာကို ဆောင်ရွက်ခြင်း မပြုသူဖြစ်ရမည်)၊

(၅) နိုင်ငံခြားတိုင်းပြည် အစိုးရတို့၏ လုပ်ငန်းဆောင်တာများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံသို့ ရောက်ရှိလာကြသော အဆိုပါ အစိုးရတို့၏ ဝန်ထမ်းများ၊ ကိုယ်စားလှယ်များနှင့် ယင်းတို့၏ အိမ်ထောင်ဖက်များ။

(၆) မြန်မာနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရဖြစ်စေ၊ ကုလသမဂ္ဂဆိုင်ရာ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရန်ဖြစ်စေ၊ မြန်မာနိုင်ငံသို့ လာရောက်ကြသော ကုလသမဂ္ဂနှင့် ယင်းလက်အောက်ခံ အဖွဲ့အစည်းများ၏ ဝန်ထမ်းများနှင့် ယင်းတို့၏ အိမ်ထောင်ဖက်များ၊

(၇) မြန်မာနိုင်ငံမှ ထွက်ခွာသွားရန် ပြည်နှင်ဒဏ် အမိန့်ပေးခြင်းခံရသူများ။

(ဇ) ဤစည်းမျဉ်းအရ၊ လက်တွေ့ဆောင်ရွက်ရာတွင် ခက်ခဲသည့် ကိစ္စရပ်များ၌ ပုံစံ "ဂ" ထုတ်ပေးရန်နည်းလမ်းများကို ဤကိစ္စအတွက် အစိုးရက တာဝန်လွှဲအပ်သောသူက သတ်မှတ်ပေးနိုင်သည်။

## အခန်း ၈

## တန်ဖိုးလျော့ခွင့်ပြုငွေ

၉။ ။(က) ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ခ)နှင့် ပုဒ်မ ၁၁၊ ပုဒ်မခွဲ(ခ)များအရ၊ အဆောက်အအုံ၊စက်ကိရိယာ၊ စက်ယန္တရားစု သို့မဟုတ် ပရိဘောဂများနှင့် စပ်လျဉ်း၍၊ နုတ်ပေးရမည့်ပစ္စည်းတန်ဖိုးလျော့ငွေမှာ အောက်ပါ ဇယားပါနှုန်းများအတိုင်း ဖြစ်စေရမည်။ ယင်းဇယားတွင်ဖော်ပြမထားသည့် ကိရိယာတန်ဆာပလာ၊ သို့မဟုတ်အခြားမ-တည်အပိုင်ပစ္စည်းနှင့် စပ်လျဉ်း၍ နုတ်ပေးရမည့် ပစ္စည်းတန်ဖိုး လျော့ငွေမှာ ဤစည်းမျဉ်းများ၏ စည်းမျဉ်းခွဲ (ခ) နှင့်အကျုံးမဝင်လျှင် မူရင်းတန်ဖိုးပေါ်တွင် တစ်နှစ်လျှင် ၅ ရာခိုင်နှုန်း ဖြစ်ရမည်။

ထို့ပြင်စက်မှုလက်မှုလုပ်ငန်းများ၏ အသစ်တည်ဆောက်သော အဆောက်အအုံများနှင့် အသစ်တပ်ဆင်သော စက်ကိရိယာ၊ စက်ယန္တရားစုများနှင့် စပ်လျဉ်း၍ တည်ဆောက်တပ်ဆင်ပြီးသည့် နှစ်အတွက် အောက်ပါအတိုင်း ကနဦးတန်ဖိုးလျော့ငွေခွင့်ပြုရမည်-

(၁) အဆောက်အအုံများ အတွက် မူလတန်ဖိုး၏ ၁၅ ရာခိုင်နှုန်း၊

(၂) စက်ကိရိယာပစ္စည်းများအတွက် မူလတန်ဖိုး၏ ၂၀ ရာခိုင်နှုန်း။

| မ-တည် အပိုင်ပစ္စည်း အမျိုးအစား | မူရင်းတန်ဖိုးအပေါ် ရာခိုင်နှုန်း |
| --- | --- |
| ၁။ အဆောက်အအုံ- | |
| (က) လက်ရွေးစင် ပစ္စည်းများနှင့် သံချောင်း သွင်း ကွန်ကရစ်များဖြင့် ဆောက်လုပ်ထားသော ခိုင်ခံ့ တောင့်တင်းသည့် ပထမတန်းတိုက် | ၁ ၁/၂ (ရုံး၊ဂိုဒေါင်နှင့် အလုပ်သမားနေအိမ်များ မဟုတ်သည့် စက်ရုံအဆောက်အအုံများအတွက် နှစ်ဆနှုန်း ယူရန်) |
| (ခ) သင့်ရုံခိုင်ခံ့ တောင့်တင်းသည့် ဒုတိယတန်းတိုက် | ၂ ၁/၂(ရုံး၊ ဂိုဒေါင်နှင့် အလုပ်သမားနေအိမ်များ မဟုတ်သည့် စက်ရုံအဆောက်အအုံများအတွက် နှစ်ဆနှုန်း ယူရန်) |
| (ဂ) အုတ်ကြွပ်၊ သို့မဟုတ် သွပ်မိုးထားသည့် သစ်သားအဆောက်အအုံ | ၅(ရုံး၊ ဂိုဒေါင်နှင့် အလုပ်သမားနေအိမ်များ မဟုတ်သည့် စက်ရုံအဆောက်အအုံများအတွက် နှစ်ဆနှုန်းယူရန်) |
| (ဃ) ဝါးနှင့် သက်ငယ် ဓနိများဖြင့် ဆောက်လုပ်ထားသည့် အဆောက်အအုံ | အစားထိုးပြုပြင်ခြင်းများအတွက် ကုန်ကျစရိတ်ကို သာမာန် အသုံးစရိတ် အဖြစ်ခွင့်ပြုမည်။ |
| ၂။ ပရိဘောဂများနှင့် အဆောက်အအုံတွင် တပ်ဆင်ထားသည့် ပစ္စည်းများ- | |
| (က) အထွေထွေ | ၅(ပန်ကန်ခွက်ယောက်၊ ဇန်ထည်၊ ရက်ထည်နှင့် ပလပ်စတစ် ပိတ်များအတွက် ခွင့်မပြုပါ။ အစားထိုးရာ၌ ကုန်ကျစရိတ်များကို သာမန် အသုံးစရိတ်အဖြစ် ခွင့်ပြုမည်။) |
| (ခ) ဟိုတယ်၊ ရုပ်ရှင်ရုံနှင့် တည်းခိုခန်းများတွင် အသုံးပြုသည့် အိမ်ထောင်ပရိဘောဂ၊ တပ်ဆင်ထားသည့်ပစ္စည်းများ၊ ငွေထည်နှင့် မီးဖိုဆောင် သုံးပစ္စည်း | ၆ ၁/၄ |

| မ-တည် အပိုင်ပစ္စည်း အမျိုးအစား | မူရင်းတန်ဖိုးအပေါ် ရာခိုင်နှုန်း |
|---|---|
| (ဂ) ဟိုတယ်၊ ဇာတ်ပွဲရုံနှင့် ရုပ်ရှင်ရုံများတွင် အသုံးပြုသည့် တူရိယာပစ္စည်း | ၁၀ |
| ၃။ စက်ယန္တရားစု- | |
| အထွေထွေ | ၅ |
| အောက်ပါများအတွက် သီးခြား နှုန်းများ ဖြင့် ခွင့်ပြုမည်။ | |
| (က) (၁) ဆန်စက်<br>(၂) ဂျုံစက်<br>(၃) ဆီစက်<br>(၄) ရေခဲစက်<br>(၅) ဘိလပ်ရည်စက်<br>(၆) ကော်ဖီမှုန့်စက်<br>(၇) အချိုသောက် လက်ဖက်ခြောက်စက်<br>(၈) အရက်ချက်စက်<br>(၉) မုန့်ဖုတ်ဖိုနှင့် ဘီစကွတ်စက်<br>(၁၀) ခေါက်ဆွဲ၊ မြူစွမ်၊ ကြာဇံ၊ မုန့်ဟင်းခါးဖတ် စသည့်စက်<br>(၁၁) အမှုန့်ကြိတ်စက်<br>(၁၂) စည်သွတ်စက်<br>(၁၃) သားရေထုတ်စက်<br>(၁၄) ဖိနပ်စက်<br>(၁၅) ဓာတ်ခဲစက်<br>(၁၆) ကော်စက်<br>(၁၇) ဆပ်ပြာစက်<br>(၁၈) ဖယောင်းတိုင်စက်<br>(၁၉) ကြိုးကျစ်စက်<br>(၂၀) ဒန်သတ္တုပစ္စည်းစက်<br>(၂၁) သတ္တုပုံးစက်<br>(၂၂) ပလပ်စတစ်ပစ္စည်းစက်<br>(၂၃) သစ်ခွဲစက်<br>(၂၄) ထုံးဖို<br>(၂၅) လျှပ်စစ် ပစ္စည်း ထုတ်လုပ်သည့်စက်<br>(၂၆) ကျောက်ပစ္စည်းစက်<br>(၂၇) သတ္တုအရည်ကျိုစက်<br>(၂၈) တွင်ခုံ<br>(၂၉) သင်္ဘောကျင်း<br>(၃၀) ပဲခွဲစက် | ၆ ၁/၄ |

| မ-တည် အပိုင်ပစ္စည်း အမျိုးအစား | မူရင်း တန်ဖိုးအပေါ် ရာခိုင်နှုန်း |
|---|---|
| (ခ) (၁) ဆီခွဲစက် | |
| (၂) ဓာတုဗေဒ ပစ္စည်း ထုတ်လုပ်သည့်စက် | |
| (၃) အဖြူချွတ်နှင့် ဆေးဆိုးစက် | |
| (၄) ရာဘာပစ္စည်းစက် | |
| (၅) အုတ်ဖို | ၁၀ |
| (၆) အုတ်ကြွပ်စက် | |
| (၇) ဝိုင်ယာကြိုးနှင့် အိမ်ရိုက်သံစက် | |
| (၈) အထည်စက် | |
| (၉) ဆားဖို | |
| ၄။ စက်ပစ္စည်းများ- | |
| (က) မြေပေါ် လျှပ်စစ်ကြိုးလုံးကြီး | ၂ ၁/၂ |
| (ခ) (၁) လျှပ်စစ် ဓာတ်အားပေးစက် | |
| (၂) လျှပ်စစ် ဓာတ်အားပို့သည့် စက်ကိရိယာ | |
| (၃) မြေအောက်လျှပ်စစ် ကြိုးလုံးကြီး | ၆ ၁/၄ |
| (၄) ဓာတ်လှေကား | |
| (၅) အထွေထွေ လျှပ်စစ်ပစ္စည်း | |
| (၆) သတ္တုရေ စိမ် စက်ကိရိယာ | |
| (၇) စက်ကိရိယာပြုပြင် ထိန်းသိမ်းသည့်စက် | |
| (၈) ပုံနှိပ်စက် | |
| (၉) လေဖိစက်နှင့် လေအားစက်ကိရိယာ | |
| (ဂ) ရေခဲမုန့်စက် | ၁၀ |
| (ဃ) ရုပ်ရှင် ထုတ်လုပ်မှုနှင့် ပြသမှုဆိုင်ရာ စက်ပစ္စည်းများ | ၁၂ ၁/၂ |
| (င) ဓာတ်မှန်နှင့်ရောဂါကု ဓာတ်အားပစ္စည်းများ | ၂၀ |
| ၅။ ရေကြောင်းသယ်ယူပို့ဆောင်ရေး- | |
| (က)သံထည်ခွံဖြင့်ဆောက်လုပ်ထားသောစက်မဲ့ရေယာဉ် | ၅ |
| (ခ) သံထည်ခွံဖြင့်ဆောက်လုပ်သော စက်ရေယာဉ် | ၆ ၁/၄ |
| (ဂ) သစ်သားခွံဖြင့်ဆောက်လုပ်သော ရေယာဉ် | ၁၀ |
| ၆။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးယာဉ်များ- | |
| (က) (၁) မော်တော်ယာဉ် | ၁၂ ၁/၂ |
| (၂) စက်ဘီးနှင့်ဆိုက်ကားများ | |
| (ခ)အငှားယာဉ်၊ကုန်တင်ကားများနှင့် ခရီးသည်တင်ကားများ၊ စက်မဲ့ယာဉ်များ | ၂၀ |

| မ-တည်အပိုင် ပစ္စည်း အမျိုးအစား | မူရင်းတန်ဖိုးအပေါ် ရာခိုင်နှုန်း |
|---|---|
| ၇။ အထွေထွေ- | |
| (က) (၁) ရှုံးသုံးစက်ကိရိယာ | ၁၀ |
| (၂) အလေးချိန်စက်နှင့်ကိရိယာ | |
| (၃) အလုပ်ရုံသုံးစက်ကိရိယာများနှင့် တန်ဆာပလာများ | |
| (၄) အထည်နှင့် ဦးထုပ်ချုပ်စက် | |
| (၅) သားရေနှင့်ကင်းဘတ်ပစ္စည်းချုပ်စက်များ | |
| (၆) အအေးဓာတ်ပေးစက်ကိရိယာ | |
| (၇) ဆောက်လုပ်ရေးလုပ်ငန်းသုံး စက်ကိရိယာ | |
| (၈) ဆောက်လုပ်ရေးနှင့် အိမ်သုံးသံထည်ပစ္စည်းထုတ်လုပ်သည့်စက်များ | |
| (၉) သတ္တုတွင်းသုံးစက်ပစ္စည်း | ၁၂ ၁/၂ |
| (၁၀) လက်ယက္ကန်း | |
| (ခ) (၁) ကြံရည်ကြိတ်စက် | |
| (၂) ခွဲစိတ်ကိရိယာများ | ၂၀ |
| (ဂ) (၁) စက်လယ်ယာသုံး စက်မှုကိရိယာများ | |
| (၂) ဝန်ချီစက် | |
| ၈။ အခြားလုပ်ငန်းဆိုင်ရာအထွေထွေပစ္စည်းများ- | |
| ၁။ လေယာဉ် | ၁၆ |
| ၂။ စာရင်းပြုစက်များ၊ ဂဏန်းတွက်စက်များ | ၁၀ |
| ၃။ ရုပ်ရှင်နှင့်ပြဇာတ်သရုပ်ဆောင်များ၏ အသုံးအဆောင်များ | ၂၀ |
| ၄။ အသံဖမ်း၊ အသံချဲ့ပစ္စည်းကိရိယာများ | ၁၀ |
| ၅။ ပုလင်းဆေးစက် | ၁၀ |
| ၆။ ချပ်စက္ကူဘူးပြုလုပ်စက် | ၇. ၅ |
| ၇။ ဖြစ်နှင့်အရက်ချက်စက်ရုံ | ၅ |
| ၈။ ကင်မရာနှင့်ဓာတ်ပုံပစ္စည်းများ | ၁၀ |
| ၉။ ဘိလပ်မြေစက် | ၇. ၅ |
| ၁၀။ ဓာတုဗေဒပစ္စည်းစက် | ၇. ၅ |
| ၁၁။ ကွန်ပျူတာစနစ်သုံးပစ္စည်းကိရိယာများ | ၂၀ |
| ၁၂။ ဝါကြိတ်စက် | ၇. ၅ |
| ၁၃။ နို့ချက်စက် | ၁၀ |
| ၁၄။ စာကူးစက်နှင့်မိတ္တူကူးစက်များ | ၁၀ |
| ၁၅။ သံရည်ကျိုစက် | ၅ |
| ၁၆။ ဖန်ချက်စက်ရုံ | ၇. ၅ |
| ၁၇။ ပိုးသတ်ဆေးထုတ်လုပ်စက် | ၁၂. ၅ |
| ၁၈။ ဆွယ်တာထိုးစက် | ၇. ၅ |

| မ-တည်အပိုင် ပစ္စည်း အမျိုးအစား | မူရင်းတန်ဖိုးအပေါ် ရာခိုင်နှုန်း |
|---|---|
| ၁၉။ **လျှော်ဖွပ်၊ ဆေးဆိုးလုပ်ငန်း** | |
| - အထွေထွေလုပ်ငန်းသုံးကိရိယာ | ၁၀ |
| - အဝတ်လျှော်စက် | ၁၅ |
| ၂၀။ မီးခြစ်စက် | ၅ |
| ၂၁။ **ရေနံကုမ္ပဏီများ** | |
| - စက်နှင့်စက်ကိရိယာများ | ၅ |
| - ပိုက်လိုင်းများ | ၅ |
| - လွန်တူးကိရိယာများ | ၂၀ |
| - ရေနံတူးစင်များ | ၁၀ |
| - ဘူမိ၊ ရူပလေ့လာစမ်းသပ်ရေး ကိရိယာများ | ၁၀ |
| - ဆိုက်စမစ်လေ့လာစမ်းသပ်ကိရိယာများ | ၁၀ |
| - အခြားလေ့လာစမ်းသပ်ကိရိယာများ | ၁၀ |
| ၂၂။ အောက်စီဂျင်၊ အဆက်တီလင်ဓာတ်ငွေ့ ထုတ်လုပ်စက် | ၅ |
| ၂၃။ သုတ်ဆေး၊ အရောင်တင်ဆေးထုတ်လုပ်စက် | ၇. ၅ |
| ၂၄။ ကြက်ဘဲ အသားထုတ်လုပ်စက် | ၇. ၅ |
| ၂၅။ အပ်ချုပ်စက်များ | ၁၀ |
| ၂၆။ သင်္ဘောဆေးမှုတ်စက် | ၁၀ |
| ၂၇။ သကြားစက်များ | ၇. ၅ |
| ၂၈။ တာပေါ်လင် (တာလပတ် သို့မဟုတ် ပလတ်စတစ်) | ၁၅ |
| ၂၉။ **ရုပ်မြင်သံကြားစက်** | |
| - ကောင်းကင်ကြိုးတိုင်များ | ၂. ၅ |
| - အခြားကိရိယာများ | ၁၅ |
| - ဖမ်းစက် | |
| (က) အထွေထွေ | ၁၀ |
| (ခ) အငှား | ၁၅ |
| ၃၀။ အုတ်ကြွပ်ထုတ်လုပ်စက် | ၁၀ |
| ၃၁။ လက်နှိပ်စက်များ (လျှပ်စစ်နှင့်သာမာန်) | ၁၀ |
| ၃၂။ ထီးထုတ်လုပ်စက် | ၁၀ |
| ၃၃။ လေစုပ်၊ သန့်ရှင်းရေးစက်များ | ၁၀ |
| ၃၄။ **ဗွီဒီယို** | |
| - ကစားစက်များ | ၂၀ |
| - အခြားဗွီဒီယိုစက်များ | ၁၀ |
| ၃၅။ အဝတ်လျှော်စက်များ | ၁၅ |

(ခ) နည်းဥပဒေ ၁၀ အပိုဒ်(ခ)အရ ၊ ပြည်တွင်းပြည်ပ စုစုပေါင်း ဝင်ငွေကို ဥပဒေ ပြဋ္ဌာန်းချက်များနှင့် အညီ တွက်ချက်ရာတွင် တန်ဖိုးလျော့ငွေ ခွင့်ပြုရန်အတွက်

စည်းမျဉ်းခွဲ(က) ပါဇယား၌ မပါရှိလျှင် သက်ဆိုင်ရာ လုပ်ငန်း၏ စီမံအုပ်ချုပ်မှု ရှိရာ နိုင်ငံမှ ခွင့်ပြုချက်အတိုင်း ခွင့်ပြုနိုင်သည်။

(ဂ)(၁) ခွင့်ပြုသည့် ပစ္စည်းတန်ဖိုးလျော့ငွေ စုစုပေါင်းသည် သက်ဆိုင်ရာမ-တည်အပိုင်ပစ္စည်း အတွက် အခွန်ထမ်းကုန်ကျသောမူရင်းတန်ဖိုးထက်မပိုရ။

(၂) အခွန်ထမ်းက မိမိပိုင်စက်ကိရိယာကို အဆောက်အအုံနှင့်အတူ အငှားချထားသည့် ကိစ္စတွင် ထိုအဆောက်အအုံအငှားချထားခြင်းမှာ အဆိုပါစက်ကိရိယာ အငှားချထားခြင်းနှင့်ခွဲခြား၍မရနိုင်လျှင်ထိုအဆောက်အအုံအတွက် တန်ဖိုးလျော့ငွေ နုတ်ပယ်ခွင့်ရှိသည်။

(၃) မ-တည် အပိုင်မစ္စည်းကို ဝင်ငွေနှင့် တစ်နှစ်လုံးအခွန်ထမ်း အသုံးမပြုစေကာမူ ထိုနှစ် အတွက် ပစ္စည်းတန်ဖိုးလျော့ငွေအပြည့် နုတ်ပယ်ခွင့်ရှိသည်။

(၄) ဝင်ငွေနှစ်အတွင်း မ-တည်အပိုင်ပစ္စည်းအလွှဲအပြောင်းရှိလျှင် ထိုပစ္စည်းကို နောက်ဆုံး ဆက်ခံအသုံးပြုသည့် အခွန်ထမ်းအတွက်သာ အဆိုပါတန်ဖိုးလျော့ငွေကို နုတ်ပယ်ခွင့် ရှိသည်။

(၅) မြန်မာနိုင်ငံအမြတ်ခွန် အက်ဥပဒေအရ ချမှတ်သော အမိန့်တစ်ခု၌ သတ်မှတ်သည့် ဝင်ငွေပမာဏအလျောက် ခုနှိမ်၍ရသဖြင့် ခုနှိမ်ပေးပြီးသည့် တန်ဖိုးလျော့ငွေဖြင့် သက်ဆိုင်ရာမ-တည်ပစ္စည်း၏ မူရင်းတန်ဖိုးမှနုတ်၍ကျန်တန်ဖိုးပေါ်တွင် ဤစည်းမျဉ်း ဖြင့် ပြဋ္ဌာန်းထားသည့် တန်ဖိုးလျော့နှုန်းများဖြင့် တန်ဖိုးလျော့ငွေ ခွင့်ပြုရမည်။ အဆိုပါ အက်ဥပဒေအရ တန်ဖိုးလျော့ငွေအပြည့်အဝ ခုနှိမ်မရသဖြင့် နောက်နှစ်သို့ သယ်ဆောင်ခွင့်သည် ၁၉၇၃ - ၁၉၇၄ စည်းကြပ်နှစ်အထိသာ ရှိစေရမည်။

(၆) ဤစည်းမျဉ်းအရ တန်ဖိုးလျော့ငွေ ခံစားနိုင်ရန် အခွန်ထမ်းက သတ်မှတ်သည့် ပုံစံဖြင့် အချက်အလက်များကို ဖြည့်စွက်တောင်းခံရမည်။

## အခန်း ၉

## ဝင်ငွေရရှိသည့်အချိန်နှင့် နုတ်ယူပေးသွင်းရန် နည်းလမ်းများ

၁၀ ။ ။(က) ဥပဒေပုဒ်မ ၁၆ ၊ ပုဒ်မခွဲ (ဃ) နှင့် (င) တို့အရ ၊ ဝင်ငွေခွန် နုတ်ယူရာတွင် နုတ်ယူ သောနှစ်အတွက် စည်းကြပ်မှုများနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းထားသည့် ဝင်ငွေခွန်နှုန်းများဖြင့် တွက်ချက်နုတ်ယူရမည်။

(ခ) ဥပဒေပုဒ်မ ၁၆ ၊ ပုဒ်မခွဲ (ဃ) နှင့် (င)တို့အရ ၊ နုတ်ယူထားသောငွေ အားလုံးကို နုတ်ယူသူသည် အစိုးရအဖွဲ့အစည်း၏ ငွေထုတ်ပေးရန်တာဝန်တာဝန်ရှိသည့် စီမံခန့်ခွဲရေး ဝန်ထမ်းအနေဖြင့် နုတ်ယူထားခြင်းဖြစ်လျှင် ထိုနုတ်ယူသည့်နေ့၌ လည်းကောင်း၊ အခြားသူ အနေဖြင့်နုတ်ယူထားခြင်းဖြစ်လျှင် ထိုသို့နုတ်ယူထားသည့်နေ့မှခုနှစ်ရက်အတွင်းလည်းကောင်း အစိုးရသို့ပေးသွင်းရမည်။

သို့ရာတွင် လိုအပ်လျှင် ဤကိစ္စအတွက် အစိုးရကတာဝန်လွှဲအပ်သောသူသည် အခြားနည်း ပေးသွင်းရန် ခွင့်ပြုနိုင်သည်။

(ဂ) ဥပဒေပုဒ်မ ၁၆ ၊ ပုဒ်မခွဲ (ဃ) နှင့် (င)တို့အရ နုတ်ယူထားခြင်းဖြစ်လျှင်၊ နုတ်ယူထားသောငွေနှင့်စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များကို စည်းကြပ်မှုအဖွဲ့သို့ နုတ်ယူသည့်နေ့မှ ခုနှစ်ရက်အတွင်း ပေးပို့ရမည်။

(ဃ) ဥပဒေပုဒ်မ ၁၈ အရ လစာနှစ်ချုပ်စာရင်းပေးပို့ရမည့်သူများမှ အောက်ပါတို့ ဖြစ်သည် -

(၁) အစိုးရအဖွဲ့အစည်းဖြစ်လျှင် သက်ဆိုင်ရာရုံး၏ အကြီးအကဲ၊

(၂) တစ်ဦးတစ်ယောက်ပိုင်လုပ်ငန်းဖြစ်လျှင်၊ ယင်းလုပ်ငန်း၏ပိုင်ရှင်၊

(၃) ပုဂ္ဂိုလ်စုဖြစ်လျှင်၊ ယင်းပုဂ္ဂိုလ်စု၏ အုပ်ချုပ်မှုကို တာဝန်ယူသော ပုဂ္ဂိုလ်စုဝင်၊

(၄) သမဝါယမအသင်းဖြစ်လျှင် ၊ ယင်းအသင်း၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊

(၅) ကုမ္ပဏီဖြစ်လျှင်၊ ယင်းကုမ္ပဏီ၏ အထွေထွေမန်နေဂျာ၊ အထွေထွေမန်နေဂျာခန့်ထားခြင်းမရှိက မန်နေဂျာ။

## အခန်း ၁၀

## ပုံစံများ

၁၁ ။ ။(က) ပုံစံစာရင်း -

(၁) ဥပဒေပုဒ်မ ၁၇ ၊ ပုဒ်မခွဲ (က)၊ သို့မဟုတ် (ခ) အရ ပေးပို့ရမည့် ဝင်ငွေကြေညာလွှာ၊

(၂) ဥပဒေပုဒ်မ ၅၃အရ ၊ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (က)အတွက်၊ ဝင်ငွေခွန် ကြိုတင်ပေးဆောင်ရန်တောင်းခံလွှာ၊

(၃) ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (က)အရ ၊ဝင်ငွေရရှိသည့် နှစ်အတွင်း ပေးဆောင် ရမည့်အခွန်ကို ခန့်မှန်းတွက်ချက်သည့်ပုံစံ၊

(၄) ဥပဒေပုဒ်မ ၁၇ ၊ပုဒ်မခွဲ (ခ) အရ ဝင်ငွေကြေညာလွှာ ပေးပို့ရန်အကြောင်း ကြားစာ၊

(၅) ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ခ)အရ ၊ ဝင်ငွေကြေညာလွှာ အတွက် အထောက် အထားပြသရန် အကြောင်းကြားစာ၊

(၆) ဥပဒေပုဒ်မ ၄၂အရ၊ သတင်းအချက်အလက်များပေးပို့ရန် အကြောင်းကြားစာ၊

(၇) ဥပဒေပုဒ်မ ၂၁ အရ ၊ ဝင်ငွေကြေညာလွှာ ပေးပို့ရန် အကြောင်းကြားစာ၊

(၈) ဥပဒေပုဒ်မ ၅၃ အရ၊ အခွန်တောင်းခံလွှာ၊

(၉) ဥပဒေပုဒ်မ ၃၂ အရ၊ ပထမ အယူခံအဖွဲ့ထံ အယူခံရာတွင် ယင်းအဖွဲ့သို့ တင်သွင်းရမည့် အယူခံလွှာ၊

(၁၀) မြန်မာနိုင်ငံမှ ထွက်ခွာမည့်သူများအတွက် ပုံစံ "က"၊

(၁၁) မြန်မာနိုင်ငံမှ ထွက်ခွာမည့်သူများအတွက် ပုံစံ "ခ"၊

(၁၂) မြန်မာနိုင်ငံမှ ထွက်ခွာမည့်သူများအတွက် ပုံစံ "ဂ"၊

(၁၃) မ-တည် အပိုင်ပစ္စည်းတန်ဖိုးလျော့ငွေ တောင်းခံသောပုံစံ၊

(၁၄) ဝင်ငွေခွန် ဥပဒေပုဒ်မ ၁၉ ၊ ပုဒ်မခွဲ (ခ) အရ ၊ ပေးပို့ရသည့်စာရင်းတွင် မပါဝင်သောပစ္စည်းစာရင်း၊

(၁၅) ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆ ၊ ပုဒ်မခွဲ (ဃ) နှင့် (စ) တို့အရ၊ လစာခေါင်းစဉ်နှင့် အကျုံးဝင်သည့် ဝင်ငွေမှ ဝင်ငွေခွန်လစဉ် နုတ်ယူသော စာရင်း၊

(၁၆) ဝင်ငွေခွန် ဥပဒေပုဒ်မ ၁၈ အရ၊ ပေးပို့ရမည့် လစာနှစ်ချုပ်စာရင်း၊

(ခ) ဤစည်းမျဉ်း၏ စည်းမျဉ်းခွဲ(က) ပါ ပုံစံစာရင်းနှင့်အညီ အောက်ပါပုံစံများကို ပြဋ္ဌာန်းလိုက်သည်။

ပတခ (ဝင) - ၁

## ဝင်ငွေခွန် ဥပဒေပုဒ်မ ၁၇ (က)၊ သို့မဟုတ် ၁၇ (ခ)အရ ပေးပို့ရမည့် ဝင်ငွေကြေညာလွှာ

အမည် -------------

အလုပ်အကိုင် ၊ သို့မဟုတ်၊ လုပ်ငန်း -------------

နေရပ်လိပ်စာ ---------------

၁။ ၁-၄- မှ ၃၁-၃- အထိ၊ ကာလအတွင်း ရရှိသောဝင်ငွေစာရင်း။

| ဝင်ငွေခေါင်းစဉ် | ဝင်ငွေ | |
|---|---|---|
| အပိုင်း (က) ။ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ရရှိသည့်ဝင်ငွေ- | ကျပ် | ပြား |
| (၁) လစာ ----- | | |
| (၂) အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှဝင်ငွေ | | |
| (၃) စီးပွားရေးလုပ်ငန်းမှ ဝင်ငွေ ----- | | |
| (၄) ပစ္စည်းမှ ဝင်ငွေ ----- | | |
| (၅) အခြေပစ္စည်းမှ မြတ်စွန်းငွေ | | |
| အပိုင်း(က)အတွက် စုစုပေါင်း - | | |
| အပိုင်း(ခ) ။ အပိုင်း(က) တွင် မပါဝင်သော ပြည်ထောင်စုမြန်မာနိုင်ငံပြင်ပတွင် ရရှိသည့်ဝင်ငွေ၊ | | |
| အပိုင်း(ခ)အတွက် စုစုပေါင်း - ----- | | |

၂ ။ (က) ဝင်ငွေနှစ်အတွင်း ပေးသွင်းပြီးသည့် ဝင်ငွေခွန် --------

(ခ) ဝင်ငွေနှစ်အတွင်း ပေးသွင်းပြီးသည့် အသက်အာမခံ ပရီမီယံငွေ ------

(ဂ) ဝင်ငွေနှစ်အတွင်း ပေးသွင်းပြီးသည့် အစိုးရအသိအမှတ်ပြု စုဆောင်းငွေ ------

၃ ။ ၃၁-၃- နေ့ ကုန်ဆုံးသောနှစ်အတွင်း မိမိနှင့်အတူနေသည့် သို့မဟုတ် မိမိကစရိတ်ထောက်ပံ့ထား သည့် ဇနီးဒေါ်------------ သည် ၊ အဆိုပါနှစ်အတွင်း ဝင်ငွေခွန် ထိုက်သင့်သည့်ဝင်ငွေ ရရှိသူမဟုတ်ပါ။

၄ ။ ၃၁-၃- နေ့ကုန်ဆုံးသည့်နှစ်အတွင်း မိမိကထောက်ပံ့ထားရသည့် သားသမီး(လင်ပါ၊ မယားပါ သားသမီးများနှင့်ဥပဒေတစ်ခုခုနှင့်အညီ မွေးစားသည့် သားသမီးအပါအဝင်)များမှာ အောက်ပါအတိုင်း ဖြစ်သည်။

| အမှတ်စဉ် | အမည် | မွေးနေ့သက္ကရာဇ် | ကျောင်းအမည် | အိမ်ထောင် ရှိ/မရှိ | ဝင်ငွေခွန်စည်းကြပ် ထိုက်သည့်ဝင်ငွေ ရှိ/မရှိ |
|---|---|---|---|---|---|
| | | | | | |

**ဝန်ခံချက်များ**

၁။ အထက်တွင် ဖော်ပြထားချက်များသည် ကျွန်ုပ်ယုံကြည်သိရှိသမျှ မှန်ကန်ပြည့်စုံသည့်အပြင် ၁-၄- မှ ၃၁-၃- အထိကာလအတွင်း * ကျွန်ုပ / ကျွန်ုပတို့၏ ပုဂ္ဂိုလစု ကွင် အခြားဝင်ငွေ တစ်စုံတစ်ရာ ရရှိခဲ့ခြင်း မရှိပါကြောင်း ဝန်ခံလက်မှတ်ရေးထိုးပါသည်။

၂။ (က) ကျွန်ုပ်သည် အဆိုပါ ၁-၄- မှ ၃၁-၃- အထိ ကာလအတွင်း မြန်မာနိုင်ငံပြင်ပ၌ * မနေထိုင်ခဲ့ပါ။ / နေထိုင်ခဲ့ပါသည်။

(ခ) ကျွန်ုပ်တို့၏ ပုဂ္ဂိုလ်စုဝင် ( )ဦး အနက် ( )သည် အဆိုပါ ၁-၄- မှ ၃၁-၃- ထိ ကာလအတွင်း မြန်မာနိုင်ငံပြင်ပ၌ နေထိုင်ခဲ့ပါသည်။

(ဂ) ကျွန်ုပ်တို့၏ ကုမ္ပဏီတွင် နိုင်ငံခြားသားအစုရှင်များ * မပါဝင်ပါ။ / ပါဝင်ပါသည်။

နေ့စွဲ -

အခွန်ထမ်း၏လက်မှတ် ------------------------------

အမျိုးသား/နိုင်ငံသားမှတ်ပုံတင်အမှတ်-------------------

အလုပ်အကိုင်/ရာထူးအမည် -------------------------

---

**မလိုသည်ကိုဖျက်ပါ။**

မှတ်ချက် ။ ။ ဝင်ငွေကြေညာလွှာတွင် ဖောပြထားသည့် ဝင်ငွေနှင့် ဝန်ခံချက်များကို -

(က) တစ်ဦးချင်း ပုဂ္ဂိုလ်ဖြစ်လျှင် ထိုတစ်ဦးချင်း ပုဂ္ဂိုလ်ကိုယ်တိုင်။

(ခ) ပုဂ္ဂိုလ်စု ဖြစ်လျှင် -

(၁) သမဝါယမအသင်းဖြစ်ပါက ထိုအသင်း၏ ဥက္ကဋ္ဌ၊ သို့မဟုတ် အတွင်းရေးမှူး၊

(၂) ကုမ္ပဏီဖြစ်ပါက ထိုကုမ္ပဏီ၏ ကိုယ်စားလှယ်၊ အတွင်းရေးမှူး၊ အထွေထွေမန်နေဂျာ၊ သို့မဟုတ် မန်နေဂျာ၊

(၃) အခြားပုဂ္ဂိုလ်စု ဖြစ်ပါက ထိုပုဂ္ဂိုလ်စုတွင် ပါဝင်သူတစ်ဦးကိုယ်တိုင် ၊

(ဂ) အစိုးရအဖွဲ့အစည်းဖြစ်ပါက စီမံခန့်ခွဲရေးဆိုင်ရာ ၊ သို့မဟုတ် ငွေစာရင်းဆိုင်ရာက လက်မှတ်ရေးထိုးရမည်။

## ရှင်းလင်းချက်

## အပိုင်း (က)

ပြည်ထောင်စုမြန်မာနိုင်ငံတွင် ရရှိသော ဝင်ငွေကိုသာလျှင်၊ ဤအပိုင်း၌ ဖော်ပြရမည်။

(၁) **လစာ** ။ ။လစာ ဟူသည် ခေါင်းစဉ်ဖြင့် ဖော်ပြရမည့်ငွေတွင် သက်ဆိုင်ရာဝင်ငွေနှစ်အတွက် လစာ၊ လုပ်ခ၊ ပင်စင်လစာ၊ ဆုငွေ၊ အခကြေးငွေ၊ ကော်မရှင် အဖြစ်ဖြင့် အခွန်ထမ်း ရရှိသော၊သို့မဟုတ်ရရန်ရှိသောငွေပါဝင်သည့်အပြင်၊အလုပ်ရှင်က အခွန်ထားအား အခလွတ် နေထိုင်ခွင့်ပြုသောအိမ်အတွက် နှစ်စဉ်ငှားရမ်းခတန်ဖိုး၊ အလုပ်ရှင်ကအခွန်ထမ်းအတွက် စိုက်ပေးသည့် ငွေကြေးတစ်ရပ်ရပ် ဝင်ငွေခွန်ကိစ္စအတွက် အသိမှတ်ပြုထားသော အိုနာစာရန်ပုံငွေသို့ အလုပ်ရှင်က ထည့်ဝင်သည့်ငွေ၊ အဆိုပါရန်ပုံငွေများသို့ ထည့်ဝင်စုဆောင်းပြီးသောငွေမှ အတိုးရငွေအစရှိသည့် အပိုရငွေနှင့်အမြတ်အစွန်းငွေများလည်း ပါဝင်သည်။ သို့ရာတွင် အစိုးရအိုနာစာရန်ပုံငွေတွင် အခွန်ထမ်း ထည့်ဝင်သည့်ငွေမှ အတိုးငွေမပါဝင်ချေ။

(၂) **အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှဝင်ငွေ ။** ။ အောက်ပါစာပိုဒ်ခွဲ (၃)တွင် ဖော်ပြထားသည့်ညွှန်ပြချက်သည် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေရှိသော အခွန်ထမ်း များနှင့်လည်း ထပ်တူထပ်မျှ သက်ဆိုင်ပါသည်။

(၃) **စီးပွားရေးလုပ်ငန်းမှဝင်ငွေ ။** ။ အခွန်ထမ်း၏ စီးပွားရေးဝင်ငွေလုပ်ငန်းနှင့် စပ်လျဉ်း၍၊ ကုန်ထုတ်လုပ်မှုစာရင်း၊ ကုန်သွယ်မှုစာရင်း ၊ အရှုံးအမြတ်စာရင်းနှင့် လက်ကျန်ရှင်းတမ်း အပါအဝင်ဖြစ်သည့် သက်ဆိုင်ရာနှစ်အတွက် စာရင်းရှင်းတမ်းတစ်စောင်ကို ဤဝင်ငွေကြေညာလွှာနှင့် ပူးတွဲပေးပို့ရန် လိုအပ်ပါသည်။ အခွန်ထမ်းပိုင်ဆိုင်၍၊ လုပ်ငန်းအတွက်လည်း အသုံးပြုသည့် မ-တည် အပိုင်ပစ္စည်းအတွက် တန်ဖိုးလျော့ငွေကို တောင်းခံနိုင်ခွင့်ရှိသည်ဖြစ်ရာ၊ အဆိုပါ မ-တည်အပိုင်ပစ္စည်းများနှင့် စပ်လျဉ်းသည့် အချက်အလက်များကို ပြဋ္ဌာန်းထားသည့် ပုံစံတွင် ဖြည့်စွက် ဖော်ပြရပါမည်။

(၄) **ပစ္စည်းမှဝင်ငွေ ။** ။ အမှန်ရရန်ရှိသော ငှားရမ်းခကို အခြေပြု၍ ဝင်ငွေတွက်ချက်ရ ပါမည်။နုတ်ခွင့်ရှိသည့် စရိတ်တွင် မ-တည်စရိတ်၊ ကိုယ်ရေးကိုယ်တာစရိတ်နှင့် မဆီလျော်သည့်စရိတ် မပါဝင်ရပါ ။

(၅) **အခြေပစ္စည်းမှ မြတ်စွန်းငွေ ။** ။မြေ၊အဆောက်အအုံ၊ လုပ်ငန်းဆိုင်ရာမ-တည် ပစ္စည်းနှင့် ကိုယ်ပိုင်သုံးယာဉ်တို့ကို ရောင်းချခြင်း၊ လဲလှယ်ခြင်း ၊ စွန့်လွှတ်ခြင်း၊ သို့မဟုတ် လွှဲပြောင်း ပေးခြင်းပြုရာမှပေါ်ပေါက်လာသည့် အမြတ်အစွန်း၊ သို့မဟုတ် အကျိုးအမြတ်များကို ဤခေါင်းစဉ်ဖြင့် ဖော်ပြရပါမည်။

## အပိုင်း (ခ)

ပြင်ပနေ နိုင်ငံခြားများမှအပ ကျန်အခွန်ထမ်းများသည် ပြည်ထောင်စု မြန်မာနိုင်ငံပြင်ပတွင် ရရှိဖြစ်ထွန်းပေါ်ပေါက်သည့် ဝင်ငွေ၊ အမြတ်အစွန်းနှင့် အကျိုးအမြတ်များကို ဖော်ပြရန်ဖြစ်ပါသည်။

## ပေးသွင်းငွေများ

(က) ဝင်ငွေနှစ်အတွင်း ပေးသွင်းပြီးသည့် ဝင်ငွေခွန်တွင် ဝင်ငွေနှစ်အတွင်း အခွန်ဝန်ထမ်းက ခန့်မှန်းပေးသွင်းသော ဝင်ငွေခွန်၊ ဝင်ငွေနှစ်အတွင်းစည်းကြပ်ခြင်းကြောင့် ပေးသွင်းခဲ့သည့် ဝင်ငွေခွန် နှင့်လစာ၊ သို့မဟုတ် ရငွေတစ်ရပ်ရပ်မှ နုတ်ယူပေးသွင်းခဲ့သော ဝင်ငွေခွန်တို့ကို ဖော်ပြရပါမည်။

(ခ) ဝင်ငွေနှစ်အတွင်း ပေးသွင်းပြီးသည့် အသက်အာမခံ ပရီမီယံငွေတွင် အခွန်ထမ်း၊ သို့မဟုတ် သူ၏အိမ်ထောင်ဖက်၏ အသက်အာမခံအတွက်ပေးရသော ပရီမီယံငွေကို ဖော်ပြရပါမည်။

(ဂ) ဝင်ငွေနှစ်အတွင်း အစိုးရအသိမှတ်ပြု စုဆောင်းငွေတွင် အစိုးရအိုစာနာရန်ပုံငွေသို့ အခွန်ထမ်းက ထည့်ဝင်ငွေပါဝင်ပါသည်။

| ရုံးတံဆိပ် |
|---|

.......................................................

## လက်ခံဖြတ်ပိုင်း

၂၀ - ၂၀ စည်းကြပ်နှစ်အတွက် အခွန်ထမ်း(အမည် ---------------၊ နေရပ်လိပ်စာ ----------------)က တင်သွင်းသော ဝင်ငွေကြေညာလွှာတစ်စောင်ကို လက်ခံရရှိပါသည်။

နေ့စွဲ----------

------------------------

------------------ မြို့နယ်။

ပတခ (ဝင) - ၂

## ဝင်ငွေခွန်ဥပဒေပုဒ်မ ၅၃ အရ ပုဒ်မ ၁၆(က) အတွက်
## ဝင်ငွေခွန်ကြိုတင်ပေးဆောင်ရန်တောင်းခံလွှာ

အခွန်ထမ်းမှတ်ပုံတင်စာရင်းအမှတ်

သို့

------------------------

------------------------

------------------------

၁။ ၃၁-၃- နေ့ကုန်ဆုံးမည့် ၂၀ - ၂၀ ဘဏ္ဍာနှစ်အတွင်း ရရှိသည့်ဝင်ငွေနှင့် စပ်လျဉ်း၍၊ လူကြီးမင်းသည် ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆(က)အရ ယင်းနှစ်အတွင်း၌ ဝင်ငွေခွန်ကို ပေးဆောင်ရန် လိုအပ်ပါသည်။

၂ ။ ယင်းသို့ပေးဆောင်ရမည့် ဝင်ငွေခွန်ကို ပူးတွဲပါပုံစံတွင် ဖြည့်စွက်တွက်ချက်ပြီး ပေးပို့ရပါမည်။ ထို့ပြင် ယင်းအခွန်ကို ညီမျှသော အရစ်များခွဲ၍ ပူးတွဲပါ ငွေသွင်းပြေစာများဖြင့် -----------မြို့ရှိ အစိုးရငွေတိုက် / ပြည်ထောင်စုမြန်မာနိုင်ငံဘဏ် တွင် ၂၀ ခု၊ လမှစ၍ လစဉ် သို့မဟုတ် သုံးလတစ်ကြိမ်

ပေးသွင်းပြီးငွေလက်ခံဖြတ်ပိုင်းတစ်စောင်ကို ရယူစေလိုပါသည်။ အကယ်၍ ဤအကြောင်းကြားစာကို အဆိုပါ အရစ်ကျပေးဆောင်ရန် ရက်ကျော်လွန်မှ ရရှိပါလျှင် ကျန်ရှိသည့် အရစ်များဖြင့် အပြည့်ပေးဆောင်ရပါမည်။

၃ ။ လူကြီးမင်းသည် အထက်အပိုဒ် ၂ အရ ၊ ဝင်ငွေခွန်ကို ဝင်ငွေရရှိသည့် နှစ်အတွင်း မပေးဆောင်လျှင် သို့မဟုတ် ပေးဆောင်ခဲ့သော အခွန်စုစုပေါင်းသည် စည်းကြပ်မှု ပြုလုပ်သည့်အခါ ကျသင့်သည့် အခွန်ထက် လျော့နည်းပါလျှင် ယင်းအခွန် သို့မဟုတ် လျော့နည်းငွေ၏ ၁၀ရာခိုင်နှုန်းနှင့် ညီမျှသော ငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်ရမည် ဖြစ်ပါသည်။

| ရုံးတံဆိပ် |
|---|

နေ့စွဲ ____________________

စည်းကြပ်မှုအဖွဲ့။

ပတခ (ဝင) - ၃

**ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆(က) အရ ဝင်ငွေရရှိသည့်နှစ်အတွင်း**
**ပေးဆောင်ရမည့်အခွန်ကိုခန့်မှန်းတွက်ချက်သည့်ပုံစံ**

အမည် ------

အလုပ်အကိုင်-----

လိပ်စာအပြည့်အစုံ ------

(က) ။ ။ ၁-၄- မှ ၃၁- ၃- အထိ၊ ကာလအတွက် ခန့်မှန်းချက်။

| ဝင်ငွေရလမ်း | ဝင်ငွေ | သက်သာခွင့် | ကျသင့်ဝင်ငွေခွန် |
|---|---|---|---|
| ၁။ လစာ<br>၂။ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေ<br>၃။ စီးပွားရေးလုပ်ငန်းမှဝင်ငွေ<br>၄။ ပစ္စည်းမှဝင်ငွေ | | | |
| စုစုပေါင်း - | | | |

(ခ)။ ။အထက်ပါစုစုပေါင်းဝင်ငွေသည်၊ ကျပ်ငွေ လေးသောင်းနှစ်ထောင်ကျော်လွန်ပါသဖြင့်၊ နောက်ထပ်ပေးရမည့် အခွန်မှာ ငွေကျပ် -------------------- ဖြစ်ပါသည်။

အခွန်ထမ်း၏လက်မှတ် ------------------

နေ့စွဲ------------ အမျိုးသား/နိုင်ငံခြားသားမှတ်ပုံတင်အမှတ် --------

အလုပ်အကိုင်/ရာထူးအမည် ------------

ပတခ(ဝင) - ၄

**ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၇ (ခ) အရ**

**ဝင်ငွေကြေညာလွှာပေးပို့ရန် အကြောင်းကြားစာ။**

စာအမှတ် -

နေ့စွဲ၊ ၂၀ ခု၊ လ၊ ရက်။

သို့ -----------------

------------------

------------------

၁။ ၂၀ -၂၀ ခုနှစ်အတွက် ဝင်ငွေခွန်စည်းကြပ်ရန် ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၇ (ခ)အရ မှ အတွင်းရရှိခဲ့သော လူကြီးမင်း ၏စုစုပေါင်းဝင်ငွေကိုပူးတွဲပါဝင်ကြေညာလွှာပုံစံတွင်၊

လူကြီးမင်းပါဝင်သော ပုဂ္ဂိုလ်စု

ပြည့်စုံမှန်ကန်စွာ ဖော်ပြ၍ ဤရုံးသို့ ______________ နေ့၌ဖြစ်စေ၊ ထိုနေ့မတိုင်မီဖြစ်စေ၊ သို့တည်းမဟုတ် ဤအကြောင်းကြားစာ လက်ခံရရှိပြီးနောက် ရက်ပေါင်း ၃၀ရက် မလွန်မီဖြစ်စေ ပေးပို့ရန် အကြောင်းကြားပါသည်။

၂။ ဝင်ငွေကြေညာလွှာပုံစံ ဖြည့်စွက်ရာ၌ သတိပြုရန် အချက်အလက်များကို ထိုပုံစံပါ ရှင်းလင်းချက်များတွင်ဖော်ပြထားပါသည်။ ပိုမိုသိရှိလိုပါက၊ ဤရုံးတွင် ထပ်မံ၍စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ ဤအကြောင်းကြားစာအတိုင်း ဆောင်ရွက်ရန် ပျက်ကွက်ပါက ၊ ပုဒ်မ ၁၉(ဃ)အရ ဝင်ငွေကိုရနိုင်သရွေ့ အထောက်အထားများကို အခြေပြု၍၊ အခွန်စည်းကြပ်ခြင်း ပုဒ်မ ၄၆အရ ဒဏ်ငွေတပ်ရိုက်ခြင်းတို့ကို ခံရဖွယ်ရှိကြောင်း အသိပေးအပ်ပါသည်။

| ရုံးတံဆိပ် |
|---|
| |

စည်းကြပ်မှုအဖွဲ့။

ပတခ (ဝင) - ၅

**ဝင်ငွေခွန် ဥပဒေပုဒ်မ ၁၉ (ခ) အရ၊**

**ဝင်ငွေကြေညာလွှာအတွက် အထောက်အထားပြသရန် အကြောင်းကြားစာ။**

စာအမှတ် -

နေ့စွဲ၊ ၂၀ ခု၊ လ ရက်။

သို့ ------------------

-------------------

---------------------

၁။ ၂၀ - ၂၀ ခုနှစ်အတွက် ဝင်ငွေခွန်စည်းကြပ်ရန်၊ ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၇ အရ၊ လူကြီးမင်းပေးပို့ထားသော ဝင်ငွေကြေညာလွှာကို မှန်/မမှန် စိစစ်နိုင်ရန် လိုအပ်သဖြင့် ၊ ဤရုံးသို့

__________နေ့ နံနက် __________နာရီတွင် လူကြီးမင်းကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် စာဖြင့်

မွန်းလွဲ

တာဝန်လွှဲအပ်ထားသည့်ကိုယ်စားလှယ်ဖြစ်စေ လာရောက်၍၊ အဆိုပါ ဝင်ငွေကြေညာလွှာပုံစံအတွက် အထောက်အထားများ၊ စာရင်းစာအုပ် စာရွက်စာတမ်းများကို ပြသရန်၊ သို့တည်းမဟုတ် ပြသစေရန် အကြောင်းကြားပါသည်။

၂။ ဤအကြောင်းကြားစာအတိုင်း ဆောင်ရွက်ရန် ပျက်ကွက်ပါက၊ ပုဒ်မ ၁၉(ဃ) အရ၊ ဝင်ငွေကိုရနိုင်သမျှသော အထောက်အထားများကို အခြေပြု၍ ဝင်ငွေခွန်စည်းကြပ်ခြင်း၊ ပုဒ်မ ၄၆ အရ ဒဏ်ငွေတပ်ရိုက်ခြင်းတို့ကို ခံရဖွယ်ရှိ ကြောင်း အသိပေးအပ်ပါသည်။

| ရုံးတံဆိပ် |
|---|

စည်းကြပ်မှုအဖွဲ့။

ပတခ(ဝင) - ၆

**ဝင်ငွေခွန်ဥပဒေပုဒ်မ ၄၂အရ၊ သတင်းအချက်အလက်များပေးပို့ရန်**

**အကြောင်းကြားစာ**

စာအမှတ် -

နေ့စွဲ၊ ၂၀ ခု၊ လ ရက်။

သို့ ________________

________________

________________

၁။ ____________________ အပေါ်တွင် ဝင်ငွေစည်းကြပ်သည့်ကိစ္စနှင့် ပတ်သက်၍ လူကြီးမင်းထံမှ သတင်းအချက်အလက်များကို ရရှိရန်လိုအပ်ပါသဖြင့် ________________ ရက်နေ့ နံနက် ( ) မွန်းလွဲ နာရီအချိန်တွင် အောက်တွင် ဖော်ပြထားသည်တို့ကို ဤရုံးသို့ပေးပို့ရန် အကြောင်းကြားပါသည်။

၂။ ဤအကြောင်းကြားစာအတိုင်း ဆောင်ရွက်ခြင်း မပြုပါက ဝင်ငွေခွန် ဥပဒပုဒ်မ ၄၆(ခ)အရ၊ အရေးယူခံရဖွယ်ရှိကြောင်း အသိပေးအပ်ပါသည်။

**ပေးပို့ရန်သတင်းအချက်အလက် စာရွက်စာတမ်းများ။**

| ရုံးတံဆိပ် |
|---|

လက်မှတ် -----------

-----------

-----------ရုံး

လိပ်စာ -----------

**ဝင်ငွေခွန်ဥပဒေပုဒ်မ ၂၁ အရ ဝင်ငွေကြေညာလွှာ ပေးပို့ရန်အကြောင်းကြားစာ**

စာအမှတ် -

နေ့စွဲ၊ ၂၀ ခု၊ လ ရက်။

သို့ ________________

________________

________________

၁။ ၂၀ -၂၀ ခု၊ စည်းကြပ်နှစ်နှင့် သက်ဆိုင်သည့် -------------- မှ --------------- အတွင်း________________မှ ရရှိသော လူကြီးမင်း ၏ဝင်ငွေသည် -

လူကြီးမင်းပါဝင်သောပုဂ္ဂိုလ်စု

(က) စည်းကြပ်မှုလွတ်နေခဲ့ခြင်း ၊

(ခ) စည်းကြပ်သင့်သည်ထက်လျော့နည်းစွာစည်းကြပ်ခဲ့ခြင်း ၊

(ဂ) ထိုက်သင့်သည့်နှုန်းထက် လျော့နည်းသောနှုန်းဖြင့် စည်းကြပ်ခဲ့ခြင်း ၊

(ဃ) ဥပဒေအရ ခွင့်ပြုသင့်သည်ထက် ပို၍သက်သာခွင့်ပြုခဲ့ခြင်း ရှိသဖြင့်
ထိုလွတ်နေသောဝင်ငွေကိုစည်းကြပ်ရန် လိုပါသည်။

ထိုစည်းကြပ်မှုကိုပြန်လည်ဆောင်ရွက်ရန်

၂။ သို့ဖြစ်ပါ၍ ပူးတွဲပါဝင်ငွေကြေညာလွှာပုံစံတွင် -------------- မှ ------------- အတွင်း
လူကြီးမင်းပါဝင်သောပုဂ္ဂိုလ်စု ၏ စုစုပေါင်းဝင်ငွေကို ပြည့်စုံမှန်ကန်စွာဖော်ပြ၍------- နေ့ဖြစ်စေ၊
လူကြီးမင်း

ထိုနေ့မတိုင်မီဖြစ်စေ၊ သို့တည်းမဟုတ် ဤအကြောင်းကြားစာ လက်ခံရရှိပြီး နောက်ရက်ပေါင်း (၃၀) ရက် မလွန်မီဖြစ်စေ ပေးပို့ရန်အကြောင်းကြားပါသည်။

၃။ ဤကဲ့သို့ အကြောင်းကြားခြင်းသည် ဝင်ငွေဥပဒေပုဒ်မ ၁၇ (ခ)အရ အကြောင်းကြားသကဲ့သို့ အကျိုးသက်ရောက်သဖြင့် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက၊ ပုဒ်မ ၁၉(ဃ)အရ ဝင်ငွေကို ရနိုင်သရွေ့ အထောက်အထားများကို အခြေပြု၍ ဝင်ငွေခွန် စည်းကြပ်ခြင်းနှင့် ပုဒ်မ ၄၆ အရ ဒဏ်ငွေတပ်ရိုက်ခြင်းတို့ ခံရဖွယ်ရှိကြောင်း အသိပေးအပ်ပါသည်။

| ရုံးတံဆိပ် |
|---|

စည်းကြပ်မှုအဖွဲ့။

**ဝင်ငွေခွန်ဥပဒေပုဒ်မ ၅၃ အရ၊ အခွန်တောင်းခံလွှာ**

**အခွန်ထမ်း မှတ်ပုံတင်စာရင်း အမှတ်-**

သို့ ________________

________________

________________

၁။ ၂၀ -၂၀ ခု၊ စည်းကြပ်နှစ်အတွက် လူကြီးမင်းသည် ကျောဘက်ပါ ပုံစံတွင် အသေးစိတ်ဖော်ပြထားချက်အရ အောက်ပါငွေကို ပေးဆောင်ရန် အကြောင်းကြားပါသည်။

| | ကျပ် | ပြား |
|---|---|---|
| (က) ဝင်ငွေအမျိုးအစားလိုက် ဝင်ငွေခွန် - | | |
| (ခ) စုစုပေါင်းဝင်ငွေအပေါ် နောက်ထပ်ပေးရမည့် ဝင်ငွေခွန် - | | |
| (ဂ) ပုဒ်မ ၁၆ (ဇ) အရ ဒဏ်ငွေ - | | |
| (ဃ) ပုဒ်မ ၄၀ (က) အရ ဒဏ်ငွေ - | | |
| (င) ပုဒ်မ ၄၆ (က) အရ ဒဏ်ငွေ - | | |
| (စ) ပုဒ်မ ၄၇ (ခ) အရ ဒဏ်ငွေ - | | |
| (ဆ) ပုဒ်မ ၄၇ (ဂ) အရ ဒဏ်ငွေ - | | |
| စုစုပေါင်း - | | |

၂။ ထိုငွေကို ------------ မြို့ရှိ <u>အစိုးရငွေတိုက်</u> တွင် --------နေ့

ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်

ဖြစ်စေ၊ ထိုနေ့မတိုင်မီ ဖြစ်စေ၊ ပူးတွဲပါငွေသွင်းပြေစာဖြင့် ပေးသွင်းပြီးငွေလက်ခံဖြတ်ပိုင်း တစ်စောင်ရယူစေ လိုပါသည် ။

၃။ အထက်အပိုဒ်(၁) တွင် ဖော်ပြထားသည့် အခွန်ကို ပေးဆောင်ခြင်း မပြုပါက ၊ ပုဒ်မ ၄၀ (က) အရ၊ ထိုဝင်ငွေခွန်နှင့် ညီမျှသည်အထိ ဒဏ်ငွေကို တပ်ရိုက်ခြင်းနှင့် တရားစွဲဆို ကောက်ခံခြင်း ခံရဖွယ် ရှိပါ၍၊ မပျက်မကွက် ပေးဆောင်စေလိုပါသည်။

၄။ စည်းကြပ်မှုကို ပုဒ်မ ၁၉ (ဃ)အရ၊ ပြုလုပ်ထားသည်မှာ လူကြီးမင်းသည်

<u>ပုဒ်မ ၁၇အရ၊ ဝင်ငွေကြေညာလွှာတင်သွင်းရန်</u> ပျက်ကွက်ခဲ့ခြင်းကြောင့်ဖြစ်ပါသည်။

ပုဒ်မ၁၉(ခ) အရ၊ လိုအပ်သည့်အတိုင်းဆောင်ရွက်ရန်

၅။ <u>စည်းကြပ်မှု</u> ကို အယူခံလိုပါက ဤအကြောင်းကြားစာ ရရှိပြီးနောက် ရက်ပေါင်း

ဒဏ်ငွေတပ်ရိုက်ခြင်း

၃၀ အတွင်း ဝင်ငွေခွန် ဥပဒေပုဒ်မ ၃၂ (က) အရ -------- မြို့ရှိ ---------- ပြည်နယ်/ တိုင်း -- -------------သို့ ပြဋ္ဌာန်းထားသော အယူခံပုံစံနှင့် စည်းကမ်းနည်းလမ်းများအတိုင်း ဆောင်ရွက်ပြီး တင်သွင်းရန်ဖြစ်ပါသည်။ ထို့ပြင် အယူခံမဝင်မီ အခွန်ငွေကို ပေးဆောင်ပြီးဖြစ်ရပါ မည်။ သို့မဟုတ်- ------------- အဖွဲ့သို့လျှောက်ထား၍ ယင်းအဖွဲ့၏ ဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်ထားပြီး ဖြစ်ရပါမည်။

နေ့စွဲ | ရုံးတံဆိပ် | စည်းကြပ်မှုအဖွဲ့။

အပိုင်း (က) ။ ။ ဝင်ငွေအမျိုးအစားလိုက် စည်းကြပ်မှု

| ဝင်ငွေရလမ်း | သတ်မှတ်သည့် ဝင်ငွေ (ကျပ်) | သက်သာ ခွင့်များ* | ကျသင့်အခွန် (ကျပ်) |
|---|---|---|---|
| ၁။ လစာ | | | |
| ၂။ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း- | | | |
| (က) နုပ်ျိုစဉ် ဝင်ငွေကောင်းသည့် လုပ်ငန်း | | | |
| (ခ) ကျန်လုပ်ငန်း | | | |
| ၃။ စီးပွားရေးလုပ်ငန်း | | | |
| ၄။ ပစ္စည်း | | | |
| ၅။ အခြေပစ္စည်းမှ မြတ်စွန်းငွေ | | | |
| ၆။ ဝင်ငွေရလမ်း မဖော်ပြနိုင်သည့်ဝင်ငွေ | | | |
| စုစုပေါင်း- | | | |

နုတ် - ပုဒ်မ ၁၆ အရ ပေးဆောင်ပြီးအခွန် ------

ပေးဆောင်ရန်ကျန်အခွန် -------

*<u>သက်သာခွင့်များ</u>

(၁) အခြေခံ ---- ကျပ်

(၂) ဇနီးအတွက် ---- ကျပ်

(၃) သားသမီးအတွက် ---- ကျပ်

(၄) စုဆောင်းငွေ ---- ကျပ်

ပေါင်း ----

အပိုင်း(ခ) ။    ။ စုစုပေါင်း ဝင်ငွေပေါ် သီးခြားဝင်ငွေခွန် စည်းကြပ်မှု။

| | ကျပ် ပြား |
|---|---|
| အထက်ပါစုစုပေါင်းဝင်ငွေသည် (အခြေပစ္စည်းမှမြတ်စွန်းငွေမပါ) ကျပ် ၄၂, ၀၀၀ ကျော်လွန်ပါ၍ နောက်ထပ်ပေးရမည့် အခွန်မှာ ---- | |
| နုတ် - ပုဒ်မ ၁၆အရ ပေးဆောင်ပြီးအခွန် - | |
| ပေးဆောင်ရန်ကျန်အခွန် - | |

## ပထမအယူခံအဖွဲ့ထံ လျှောက်ထားရန် အယူခံလွှာ

နေ့စွဲ၊ ... ... ... ... ..

၁။ လျှောက်ထားသူအမည်နှင့် ... ... ... ... ... ... ... ... ...
နေရပ်လိပ်စာ ... ... ... ... ... ... ... ... ... ... ...

၂။ အယူခံဝင်လိုသည့် အမိန့်ချသော ... ... ... ... ... ... ... ...
စည်းကြပ်မှုအဖွဲ့နှင့် ယင်းအမိန့် ... ... ... ... ... ... ... ...
နှင့် ပတ်သက်သည့် စည်းကြပ်နှစ် ... ... ... ... ... ... ... ...

၃။ အမိန့်စာရရှိသည့်နေ့ ... ... ... ... ... ... ... ... ... ...

၄။ လျှောက်ထားသူက ... ... ... ... ... ... ... ... ... ...
မကျေနပ်သည့်အချက်များ ... ... ... ... ... ... ... ... ...

၅။ လျှောက်ထားသူက ရယူလိုသော ... ... ... ... ... ... ... ...
ဆုံးဖြတ်ချက် ... ... ... ... ... ... ... ... ... ... ...

ဤလျှောက်လွှာတွင် ဖော်ပြထားချက်များသည် ကျွန်ုပ် သိရှိယုံကြည်သမျှ မှန်ကန်ပါကြောင်း ဝန်ခံလက်မှတ်ရေးထိုးပါသည်။

လျှောက်ထားသူလက်မှတ်။

သို့

ပထမအယူခံအဖွဲ့

... ... ... ... ... ... ...

... ... ... ... ... ... ...

## မြန်မာနိုင်ငံမှ ထွက်ခွာသွားမည့်သူများအတွက်

ပုံစံ "က"

. . . . . . . . . . . . . . . ရုံး။

. . . . . . . . . . . . မြို့နယ်။

စာအမှတ်၊ . . . . . . . . . . . .

နေ့စွဲ၊ . . . . . . . . . . . . . .

သို့

. . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . .

၁။ * (၁) အောက်ဖော်ပြပါပုဂ္ဂိုလ်အပေါ်တွင် ဝင်ငွေခွန်ဥပဒေအရ အခွန်စည်းကြပ်ရန် အကြောင်းမရှိပါ၍ အခွန်ပေးဆောင်ရန် တာဝန်မရှိကြောင်း အကြောင်းကြားပါသည်။

* (၂) အောက်ဖော်ပြပါပုဂ္ဂိုလ်အပေါ်တွင်+ . . . . . . . . . . . . နေ့အထိ ဝင်ငွေခွန်ဥပဒေအရ အခွန်စည်းကြပ်ကောက်ခံပြီး ဖြစ်ပါ၍ အခွန်ပေးဆောင်ရန် တာဝန်မရှိတော့ကြောင်း အကြောင်းကြားပါသည်။

* (၃) အောက်ဖော်ပြပါ ပုဂ္ဂိုလ်အပေါ်တွင် + . . . . . . . . . . . . နေ့အထိ ဝင်ငွေခွန်ဥပဒေအရ အခွန်စည်းကြပ်ပြီးဖြစ်၍ ကောက်ခံရန်ကျန်ရှိသော အခွန်နှင့် ကျန်စည်းကြပ်မှုများအတွက် စည်းကြပ်ပြီးပါကပေါ်ပေါက်လာမည့် အခွန်တို့နှင့် စပ်လျဉ်းပြီး လုံလောက်သောအစီအစဉ်များပြုလုပ်ထားပြီးဖြစ်ပါသဖြင့် တာဝန်ရှိသည့် အခွန်ကိုပေးဆောင်ရန် ကျေနပ်လောက်အောင် စီမံပြီးကြောင်း အကြောင်းကြားပါသည်။

အမည် ... ... ... ... ... ... ... ... ... ... ... ... ...

အမျိုးသား/နိုင်ငံခြားသား မှတ်ပုံတင်အမှတ် ... ... ... ... ... ... ...

နိုင်ငံကူးလက်မှတ် ထုတ်ပေးသည့်နိုင်ငံ ... ... ... ... ... ... ... ...

နိုင်ငံကူးလက်မှတ် အမှတ် ... ... ... ... ... ... ... ... ... ...

အမှုတွဲ အမှတ် ... ... ... ... ... ... ... ... ... ... ... ...

| ရုံးတံဆိပ် |
| --- |
| |

* မလိုသည်ကို ပယ်ဖျက်ရန်။

+ နောက်ဆုံး စည်းကြပ်ပြီးစီးသည့် ဝင်ငွေနှစ် ကုန်ဆုံးသည့် နေ့စွဲ ဖော်ပြရန်။

... ... ... ... ...

... ... ... ... မြို့နယ်။

ပတခ(ဝင)-၁၁

## မြန်မာနိုင်ငံမှ ထွက်ခွာသွားမည့် သူများအတွက်

ပုံစံ "ခ"

နေ့စွဲ . . . . . . . . . . . . . . .

သို့

. . . . . . . . . . . . . . .

. . . . . . . . . . . . . . .

. . . . . . . . . . . . . . .

၁။ ဝင်ငွေနှင့် စပ်လျဉ်း၍-

(၁) အခွန်ကြွေးမရှိကြောင်း၊
(၂) လိုလောက်သော အစီအစဉ်များပြုလုပ်ပြီးကြောင်း၊
(၃) မြန်မာနိုင်ငံမှ ထွက်ခွာရန်ကိစ္စတွင် သက်သေခံလက်မှတ် မလိုကြောင်း

သက်သေခံလက်မှတ် ထုတ်ပေးပါရန် လျှောက်ထားပါသည်။

၂။ လိုအပ်သည့်အချက်အလက်များကို အောက်တွင် ဖော်ပြထားပါသည်။

(၁) လျှောက်ထားသူ၏ အမည် . . . . . . . . . . . . . . . . . . . . . . . . . . .
နှင့် လက်ရှိလိပ်စာ။
(၂) လျှောက်ထားသူ၏ အမြဲတမ်း . . . . . . . . . . . . . . . . . . . . . . . .
လိပ်စာ။
(၃) အခွန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ . . . . . . . . . . . . . . . . . . . . .
စည်းကြပ်မှုအဖွဲ့။
(၄) မြန်မာနိုင်ငံသို့ အမြဲတမ်း . . . . . . . . . . . . . . . . . . . . . . . . . . .
မနေက လာရောက်ရသည့်အကြောင်း။
(၅) မြန်မာနိုင်ငံသို့ နောက်ဆုံး . . . . . . . . . . . . . . . . . . . . . . . . . . .
ရောက်သည့်နေ့စွဲ။
(၆) မြန်မာနိုင်ငံမှ ထွက်ခွာမည် . . . . . . . . . . . . . . . . . . . . . . . . . . .
ဟု ခန့်မှန်းရသည့်နေ့စွဲ။
(၇) မြန်မာနိုင်ငံမှ ထွက်ခွာရာတွင် . . . . . . . . . . . . . . . . . . . . . . . .
စီးနင်းမည့်ယာဉ် (လေယာဉ်၊ သင်္ဘော၊ သို့မဟုတ် အခြားယာဉ်)။

လျှောက်ထားသူ လက်မှတ်။

## မြန်မာနိုင်ငံမှ ထွက်ခွာသွားမည့်သူများအတွက်

ပုံစံ "ဂ"

## ဝင်ငွေခွန်နှင့် စပ်လျဉ်းသည့် သက်သေခံလက်မှတ်

(က) အမည် ... ... ... ... ... ...

(ခ) အမျိုးသား/နိုင်ငံခြားသား
မှတ်ပုံတင်အမှတ်။ ... ... ... ... ... ...

(ဂ) နိုင်ငံကူးလက်မှတ်ထုတ်ပေး
သည့်နိုင်ငံ။ ... ... ... ... ... ...

(ဃ) နိုင်ငံကူးလက်မှတ် အမှတ် ... ... ... ... ... ...

* (၁) အထက်ပါသူသည် ဝင်ငွေခွန်ကြွေးမရှိကြောင်း ဤသက်သေခံလက်မှတ် ထုတ်ပေးပါသည်။

* (၂) အထက်ပါသူသည် ၎င်း၏ ဝင်ငွေခွန်နှင့် စပ်လျဉ်း၍ လုံလောက်သော အစီအစဉ်ပြုလုပ်ပြီးကြောင်း ဤသက်သေခံလက်မှတ် ထုတ်ပေးပါသည်။

* (၃) အထက်ပါသူသည် မြန်မာနိုင်ငံမှ ထွက်ခွာသွားရန် ကိစ္စအတွက် ဝင်ငွေခွန် ဥပဒေအရ သက်သေခံလက်မှတ် မလိုကြောင်း ဤသက်သေခံလက်မှတ် ထုတ်ပေးပါသည်။

နေ့စွဲ ... ... ... ... | ရုံးတံဆိပ် | ... ... ... ...
... ... ... ...

*မလိုအပ်သည်ကို ဖျက်ရန်။

မှတ်ချက်။ ။(၁) ဤပုံစံကို မိတ္တူသုံးစောင် ထုတ်ပေးရမည်၊ တစ်စောင်ကို သက်ဆိုင်သူက လက်ဝယ်ထားပြီး နှစ်စောင်ကို မိမိစီးနင်းထွက်ခွာမည့် ယာဉ်ပိုင်ရှင်၊ သို့မဟုတ် စင်းလုံးငှားသူအား လက်မှတ်ရေးထိုးပြီးပေးအပ်ရမည်။ အဆိုပါပိုင်ရှင်၊ သို့မဟုတ် စင်းလုံးငှားသူကလည်း ယင်းသို့ ပေးအပ်မှသာ လက်မှတ်ရောင်းရမည်။ ယင်းသည် တစ်စောင်ကို သိမ်းထား၍၊ ကျန်တစ်စောင်ကို မိမိယာဉ် ထွက်ခွာပြီးနောက် ရုံးစတင်ဖွင့်သောနေ့၌၊ ဤသက်သေခံလက်မှတ် ထုတ်ပေးသူထံ အဆိုပါယာဉ်တွင် မြန်မာနိုင်ငံမှ လိုက်ပါသွားသော ခရီးသည် များစာရင်းနှင့် အတူ ပူးတွဲပေးပို့ရမည်။

(၂) ဤလက်မှတ်သည် ထုတ်ပေးသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်းသာ တရားဝင်သည်။

မြန်မာနိုင်ငံမှ ထွက်ခွာသူလက်မှတ် ... ... ... ... ... ...

မြန်မာနိုင်ငံမှ ထွက်ခွာသည့်နေ့ ... ... ... ... ... ... ...

ပတခ (ဝင)-၁၃

မ-တည်အပိုင်ပစ္စည်းတန်ဖိုးလျော့ငွေတောင်းခံသောပုံစံ

| မ-တည် အပိုင် ပစ္စည်း အမျိုး အမည် (၁) | မူလ တန်ဖိုး ငွေ (၂) | တိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်း၊ ပြုပြင်ခြင်းတို့ အတွက်ကုန်ကျသည့် မ-တည် စရိတ် (၃) | ဇယားကွက် (၁) တွင်ဖော်ပြထားသော ပစ္စည်းကို စတင်အသုံး ပြုသောနေ့ (၄) | မ-တည်အပိုင် ပစ္စည်းတစ်ခုခု ကိုအထက်နှစ် အတွင်းရောင်း လျှင်သို့မဟုတ် ဖျက်ဆီးပစ် လျှင်ထိုပစ္စည်း ၏မူလတန်ဖိုး (၅) | တန်ဖိုး လျော့ ငွေတွက်ရန် ပစ္စည်းတန်ဖိုး ငွေ ဇယားကွက် (၂) + (၃) - (၅) (၆) | တန်ဖိုး လျော့ ငွေ ရာခိုင် နှုန်း (၇) | တောင်း ခံသော ပစ္စည်း တန်ဖိုး လျော့ ငွေ (၈) | မှတ် ချက် (၉) |
|---|---|---|---|---|---|---|---|---|
| | ကျပ် | ကျပ် | | ကျပ် | ကျပ် | | ကျပ် | |

နေ့စွဲ . . . . . . . . . . . . . . . . .

လက်မှတ်. . . . . . . . . . . . . . . . .

အမည် . . . . . . . . . . . . . . . . . .

လိပ်စာ . . . . . . . . . . . . . . . . . .

ပတခ (ဝင)-၁၄

**ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၉ (ခ) အရ ပေးပို့ရမည့်စာရင်းတွင်မပါဝင်သော ပစ္စည်းစာရင်း**

အခွန်ထမ်းအမည် . . . . . . . . . . . . . . . . . .

အလုပ်အကိုင် . . . . . . . . . . . . . . . . . .

နေရပ်လိပ်စာ . . . . . . . . . . . . . . . . . .

| ပစ္စည်းအမျိုးအစား | တည်နေရာ | တန်ဖိုး(ကျပ်) | မှတ်ချက် |
|---|---|---|---|
| မြေ . . . . . . . . .<br>အိမ်နှင့်ဂိုထောင် . . . . . . . . .<br>စက်ရုံ / အလုပ်ရုံ ( စက်ကိရိယာ၊ စက်ယန္တရားစု အပါအဝင်) ကုန်ပစ္စည်းများ . . . . . . . . .<br>အစုရှယ်ယာများ . . . . . . . . .<br>ရင်းနှီးမြှုပ်နှံမှုအမျိုးမျိုး . . . . . . . . .<br>ယာဉ်အမျိုးမျိုး . . . . . . . . .<br>လက်ရှိငွေသား . . . . . . . . .<br>မြန်မာနိုင်ငံတွင်း အခြားသူများထံ၌ အပ်နှံငွေများ. .<br>မြန်မာနိုင်ငံပြင်ပတွင် အခြားသူများထံ၌ အပ်နှံငွေများ. .<br>မြန်မာနိုင်ငံတွင်းရှိဘဏ်များ၌အပ်နှံငွေများ. .<br>မြန်မာနိုင်ငံပြင်ပရှိဘဏ်များ၌အပ်နှံငွေများ. .<br>စိန်၊ ရွှေနှင့် အခြားလက်ဝတ်လက်စားများ . .<br>ငွေ ၅၀၀၀ိ- ထက်ပို၍ တန်ဖိုးရှိသော အပိုင်ပစ္စည်း. . | | | |
| စုစုပေါင်းတန်ဖိုး | | | |
| နုတ် . . . ကြွေးမြီတာဝန်များ | | | |
| အသားတင်တန်ဖိုး | | | |

အထက်ပါစာရင်းတွင် သီးခြားဖော်ပြမထားသော အခြားအချက်များကို ဝင်ငွေခွန်ကိစ္စအတွက် ကျွန်ုပ်၏ဝင်ငွေကြေငြာလွှာနှင့်အတူ တင်သွင်းခဲ့သော . . . . . . နေ့တွင် ကုန်ဆုံးသည့် ဝင်ငွေနှစ် အတွက် အရှုံးအမြတ်စာရင်းနှင့် လက်ကျန်ရှင်းတမ်းတွင် ဖော်ပြထားပြီး ဖြစ်ပါသည်။

အထက်ပါ စာရင်းနှင့် ကျွန်ုပ်၏ . . . . . . နေ့စွဲပါ ဝင်ငွေကြေငြာလွှာနှင့်အတူ တင်သွင်းခဲ့သော အရှုံးအမြတ်စာရင်းနှင့် လက်ကျန်ရှင်းတမ်းတို့တွင် ဖော်ပြထားသည့် အချက်အလက်များသည် ကျွန်ုပ်သိရှိယုံကြည်သမျှ မှန်ကန်ပြည့်စုံပါကြောင်းရင်းအပြင် ယင်းအချက်အလက်များသည် . . . . . . နေ့တွင် ကုန်ဆုံးသော ဝင်ငွေနှစ်နှင့် သက်ဆိုင်ပါကြောင်း ဝန်ခံလက်မှတ်ရေးထိုးပါသည်။

နေ့စွဲ . . . . . . . . .                                        အခွန်ထမ်း၏လက်မှတ်

ပတ၁(ဝင)-၁၅

**ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆ (ဃ)နှင့် ၁၆ (စ) အရ လစဉ်ခေါင်းစဉ်နှင့် အကျုံးဝင်သည့်**
**ဝင်ငွေမှ ဝင်ငွေခွန် လစဉ်နုတ်ယူသော စာရင်း**

၂၀ ခု၊ လအတွက်။

| အမှတ်စဉ် | လခစား အမည် | ရာထူး / အလုပ်အကိုင် | လစာငွေ | နုတ်ယူသည့် ဝင်ငွေခွန် | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | ကျပ် | ကျပ် | ပြား | |
| | စုစုပေါင်း | | | | | |

လက်မှတ် ____________________

အမည် ____________________

ရာထူး ____________________

ဌာန/ အဖွဲ့အစည်း ____________________